# မြဝတီ နေ့စဉ်

အချိန်မီဖြန့်ချိ သတင်းစုံသည် မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၄)၊ အမှတ်(၁၂၅)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်
၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၁ ရက်၊ ဗုဒ္ဓဟူးနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

စန္ဒကူးပန်း၊ တောင်ဇလပ်ပန်း၊ ကြာပန်း၊ မြတ်လေးပန်း စသောပန်းနံ့သာတို့ထက် သီလတည်းဟူသောအနံ့သည် အတုမရှိ ထူးကဲလွန်မြတ်၏။

ဓမ္မပဒ

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များတည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေးဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ပုသိမ်-ဟသ်ာတ-ကြံခင်းရထားလမ်းပိုင်းတွင် ရေကြီးရေကျော်မှု ကျဆင်းသွားသဖြင့် လူစီးရထားခရီးစဉ်များ ယနေ့မှစတင်၍ ပြန်လည်ပြေးဆွဲ

နေပြည်တော် ဩဂုတ် ၂၀

လက်ရှိမိုးရာသီကာလအတွင်း ဇူလိုင်လ ၂၇ ရက်မှစ၍ ဧရာဝတီတိုင်းဒေသကြီးအတွင်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ရေကြီးရေလျှံမှုများကြောင့် မြန်မာ့မီးရထား၏ ပုသိမ်-ဟသ်ာတ-ကြံခင်းရထားလမ်းပိုင်းအတွင်း ကျောင်းကုန်းမြို့နယ်၊ ကန်ကြီးထောင့်မြို့နယ်နှင့် ရေကြည်မြို့နယ်တို့အတွင်း နေရာအချို့တွင် ရထားသံလမ်းပေါ်သို့ ရေကျော်တက်ခြင်း၊ ရထားတံတားအချို့၏ ရေလယ်တိုင်နှင့် ကမ်းကပ်ခုံများ ရေတိုက်စားခံရခြင်းတို့ ကြုံတွေ့ခဲ့ရသဖြင့် ရထားခရီးစဉ်များကို ယာယီရပ်နားထားခဲ့ရပြီး

စာမျက်နှာ ၁၁ ကော်လံ ၁ ◆



ပုသိမ်-ဟသ်ာတ-ကြံခင်းရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ရထားလမ်းနှင့်တံတားများ ထိခိုက်ပျက်စီးမှုများအားစစ်ဆေးပြုပြင်ခဲ့မှုအခြေအနေကိုတွေ့ရစဉ်။

**ဆောင်းပါး**

**သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိတို့အတွက် အကျိုးပြုလမုတောများ**

စာ - ၁၃ သို့



**ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ပဲမျိုးစုံကေ ၈၅၀၁ ကေ စိုက်ပျိုးပြီးစီးပြီဖြစ်**

စာ - ၉ သို့








## အယ်ဒီတာ့အာဘော်

(၂၀၂၄ ခုနှစ်၊ ဩဂုတ် ၂၁ ရက်)

# ပြည်ပအလုပ်အကိုင်အလုပ်သမား သက်သေခံကတ်(OWIC)ပြုလုပ်ရေး

မြန်မာနိုင်ငံမှပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူတိုင်း အလုပ်သမားဝန်ကြီးဌာနတွင် ပြည်ပအလုပ်သမားအဖြစ်မှတ်ပုံတင်၍ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) ရရှိမှသာ ပြည်ပသို့သွားရောက်လုပ်ကိုင်ကြရန် အလုပ်သမားဝန်ကြီးဌာနက အသိပေးကြေညာချက်ထုတ်ပြန်ထားသည်။ ပြည်ပသို့အလုပ်လုပ်ကိုင်ရန်အတွက် သွားရောက်မည့်သူများသည် နိုင်ငံကူးလက်မှတ်အမျိုးအစားကို အလုပ်အကိုင်အတွက်ထုတ်ပေးသည့် (Passport for Job–PJ) အမျိုးအစားလျှောက်ထားရန် လိုအပ်မည်ဖြစ်ပြီး အလုပ်သမားဝန်ကြီးဌာနတွင်မဖြစ်မနေမှတ်ပုံတင်၍ ပြည်ပသို့သွားရောက်လုပ်ကိုင်ရန်လိုအပ်သည်။

ပြည်ပနိုင်ငံများသို့ အလည်ဗီဇာဖြင့် သွားရောက်လည်ပတ်နိုင်ရန်ထုတ်ပေးသည့် (Passport for Visit–PV) အမျိုးအစားကိုင်ဆောင်သူများသည် အလည်အတွက်မဟုတ်ဘဲ အလုပ်အကိုင်ဗီဇာများ လျှောက်ထားရယူ၍ ပြည်ပသို့သွားရောက်လုပ်ကိုင်လျက်ရှိကြပြီး ပြည်ပတွင်အခက်အခဲပြဿနာတစ်စုံတစ်ရာပေါ်ပေါက်ပါက ကူညီဖြေရှင်းဆောင်ရွက်ပေးရန် အခက်အခဲများကြုံတွေ့လျက်ရှိသည်။ နိုင်ငံတော်အစိုးရအနေဖြင့် ပြည်ပတွင်ရောက်ရှိနေသည့်မိမိနိုင်ငံသားများ အခက်အခဲကြုံတွေ့ရပါက နိုင်ငံသားများအပေါ်အလေးအနက်တန်ဖိုးထားသည့်အနေဖြင့် မည်သို့သောအခြေအနေနှင့်တွေ့ကြုံရသည်ဖြစ်စေ မြန်မာကောင်စစ်ဝန်ချုပ်ရုံးနှင့် မြန်မာသံရုံးတို့က သက်ဆိုင်ရာသံရုံးများနှင့်ချိတ်ဆက်၍မိမိနိုင်ငံသားများ မြန်မာနိုင်ငံသို့အမြန်ဆုံးအေးချမ်းလုံခြုံစွာ ပြန်လည်ရောက်ရှိနိုင်ရေးစီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးနေမှုသတင်းများကိုလည်း နိုင်ငံပိုင်သတင်းမီဒီယာများတွင် ဖော်ပြပေးလျက်ရှိသည်။ ယခုဩဂုတ်လအတွင်းမှာပင် မိမိနိုင်ငံသူများအား အမိနိုင်ငံသို့ပြန်လည်ပို့ဆောင်ပေးမှုအနေဖြင့် ယူအေအီးနိုင်ငံ၌ အခက်အခဲများကြုံတွေ့ရသူ အမျိုးသမီး လေးဦးအား ဩဂုတ်လ ၇ ရက်၊ ၉ ရက်နှင့် ၁၁ ရက်နေ့တို့တွင်လည်းကောင်း၊ ဩဂုတ်လ ၁၃ ရက်တွင် အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့၌ အခက်အခဲကြုံနေသူအမျိုးသမီးတစ်ဦးအားလည်းကောင်း မြန်မာနိုင်ငံသို့အဆင်ပြေစွာပြန်လည်ခေါ်ယူပေးနိုင်ခဲ့သည်။ ယခုကဲ့သို့မိမိနိုင်ငံသားများအတိဒုက္ခကြုံတွေ့ရစဉ် ကူညီကယ်တင်ပေးမှုအား အလုပ်သမားများနှင့် မိဘဆွေမျိုးများက နိုင်ငံတော်အစိုးရ၊ သက်ဆိုင်ရာမြန်မာသံရုံး၊ ကောင်စစ်ဝန်ရုံးတို့အား လှိုက်လှဲစွာအထူးကျေးဇူးတင်လျက်ရှိသည်။

ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူတိုင်း ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC) ကိုင်ဆောင်ထားခြင်းဖြင့် အခက်အခဲတစ်စုံတစ်ရာပေါ်လာပါက လွယ်ကူလျင်မြန်စွာကူညီမှုပေးနိုင်သည်။ ပြည်ပသို့သွားရောက်အလုပ်လုပ်ကိုင်မည့်သူတိုင်း (OWIC) ကတ်ရရှိမှသာ သွားရောက်ကြရန်အသိပေးကြေညာထားသည်မှာ မိမိနိုင်ငံသားများကောင်းကျိုးအတွက် အလုပ်သမားဝန်ကြီးဌာနက အသိပေးထားခြင်းဖြစ်သည်။ ၁၉၉၉ ခုနှစ် ပြည်ပအလုပ်အကိုင်ဆိုင်ရာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ(ဆ)ရှိ ကြီးကြပ်ရေးအဖွဲ့၏လုပ်ငန်းတာဝန်များတွင် "အလုပ်သမားများက ဤဥပဒေအရမှတ်ပုံတင်ခြင်းမရှိဘဲ ပြည်ပအလုပ်အကိုင်သွားရောက်လုပ်ကိုင်ခြင်းမပြုစေရန် သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများနှင့်ဆက်သွယ်ညှိနှိုင်းဆောင်ရွက်ခြင်း"ဟူ၍လည်းကောင်း၊ ပုဒ်မခွဲ(ဈ)တွင် "အလုပ်သမားများအား ပြည်ပသို့မထွက်ခွာမီ စုံစမ်းစစ်ဆေး၍ အဖွဲ့ငယ်၏စစ်ဆေးတွေ့ရှိချက်အရ ပြည်ပသို့ထွက်ခွာရန်မသင့်ကြောင်းတွေ့ရှိပါက ပိတ်ပင်ခြင်း" ဟူ၍လည်းကောင်း ပြဋ္ဌာန်းထားသည်။

ပုဒ်မ ၉ ပုဒ်မခွဲ(က)တွင် "ပြည်ပအလုပ်အကိုင်ရှာဖွေသူသည် ဦးစီးဌာနကမှတ်ပုံတင်ရမည်ဟု သတ်မှတ်ထားသော ပြည်ပအလုပ်အကိုင်အမျိုးအစားတစ်ခုခုကိုရှာဖွေခြင်းဖြစ်ပါက ပြည်ပအလုပ်အကိုင်ရှာဖွေသူအဖြစ် ဦးစီးဌာနတွင် မှတ်ပုံတင်ရမည်" ဟု ပြဋ္ဌာန်းထားသည်။ ပုဒ်မ ၁၀ ပုဒ်မခွဲ(ခ)တွင် ဦးစီးဌာနသည် "အလုပ်သမားအား ပြည်ပသို့မထွက်ခွာမီ မှတ်ပုံတင်ပေးပြီးကြောင်း အထောက်အထား သက်သေခံလက်မှတ်ထုတ်ပေးရမည်" ဟု ပြဋ္ဌာန်းထားသည်။ ပြည်ပနိုင်ငံများသို့ အကြောင်းအမျိုးမျိုးဖြင့် သွားရောက်နိုင်ရန်အတွက်လျှောက်ထားရမည့် နိုင်ငံကူးလက်မှတ်အမျိုးအစားများအဖြစ် အလည်သွားလာခြင်း၊ အလုပ်အတွက်သွားလာခြင်း၊ ပညာသင်အဖြစ်သွားလာခြင်း၊ စီးပွားရေးလုပ်ဆောင်ရန်သွားလာခြင်း၊ ဘာသာရေးအတွက်သွားလာခြင်း၊ မှီခိုသူအဖြစ်လိုက်ပါခြင်းနှင့် သင်္ဘောသားအဖြစ်သွားလာခြင်းဟူ၍ အမျိုးအစားခုနစ်မျိုး ခွဲခြားသတ်မှတ်ထားရှိသည်။

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာနိုင်ငံသားများ ပြည်ပတွင်အလုပ်အကိုင်အခွင့်အလမ်းကောင်းများရရှိစေရန်အတွက် မြန်မာနိုင်ငံလုပ်သားများကျွမ်းကျင်မှုစံသတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့ (NSSA) ကဆောင်ရွက်ပေးလျက်ရှိသည်။ ကျွမ်းကျင်မှု ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်အတွက် အလုပ်အကိုင်အမျိုးအစား ၇၀ တွင် ကျွမ်းကျင်မှုစံ ၉၂ ခုကိုအတည်ပြုခဲ့ပြီးဖြစ်သည်။ ၂၀၁၄ ခုနှစ်မှ ဩဂုတ်လ ၁၆ ရက်အထိ အလုပ်အကိုင် ၅၂ မျိုးတွင် ကျွမ်းကျင်မှုလုပ်သား ၂၆၉၆၉ ဦး၊ စစ်ဆေးအကဲဖြတ်ရေးဌာန ၂၇၅ ခု၊ စစ်ဆေးရေးမှူး ၁၀၂ ဦး၊ စစ်ဆေးအကဲဖြတ်သူ ၈၆၆ ဦးကို အသိအမှတ်ပြုပေးခဲ့ပြီးဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် ပြည်ပသို့သွားရောက်လုပ်ကိုင်သူများအနေဖြင့် အလုပ်သမားဝန်ကြီးဌာနတွင် မဖြစ်မနေမှတ်ပုံတင်ကြရန်ဖြစ်ပါကြောင်း။ ။

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်း ကောက်ယူရေး မန္တလေးတိုင်းဒေသကြီးအဆင့်နည်းပြသင်တန်းဖွင့်

မန္တလေး ဩဂုတ် ၂၀

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေး မန္တလေးတိုင်းဒေသကြီးအဆင့်နည်းပြသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၁၉ ရက် နံနက်ပိုင်းတွင် မန္တလေးမြို့တော်ခန်းမ၌ ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က သန်းခေါင်စာရင်းကောက်ယူခြင်းလုပ်ငန်းသည် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းနှင့် မူဝါဒများချမှတ်ရန်အတွက် အရေးကြီးသော လူဦးရေနှင့် လူမှုစီးပွားဆိုင်ရာအချက်အလက်များရရှိနိုင်မည့်စီမံကိန်းလုပ်ငန်းဖြစ်သည့်အတွက် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် သတ်မှတ်ကာ အောင်မြင်အောင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် သန်းခေါင်စာရင်းဆိုင်ရာ ဗီဒီယိုကိုပြသပြီး တိုင်းဒေသကြီးသန်းခေါင်စာရင်း ကော်မတီဥက္ကဋ္ဌဦးဝေဇင်ထွန်းက သင်တန်းသားများအား သင်တန်းအထောက်အကူပြုပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည်သင်ထောက်ကူပစ္စည်းများနှင့် အသိပညာပေးစာစောင်များကိုကြည့်ရှုသည်။

အဆိုပါသင်တန်းကာလမှာ ၁၀ ရက်ဖြစ်ပြီး ခရိုင်နှင့် မြို့နယ်အဆင့်သင်တန်းများဖွင့်လှစ်မည်ဖြစ်ကာ စာရင်းစစ်၊ စာရင်းကောက် ၄၃၀၀ ဦး ခန့်ထားပြီးဖြစ်သည်။

သင်တန်းဖွင့်ပွဲသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်ဦးမျိုးအောင်နှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊တိုင်းဒေသကြီး အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအုပ်ချုပ်ရေးမှူးဦးဝေဇင်ထွန်းနှင့် အဖွဲ့ဝင်များ၊ သင်တန်းသားများ တက်ရောက်ကြကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# ကျောင်းကျန်းမာရေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်

ရှမ်းရွာသစ် ဩဂုတ် ၂၀

ကရင်ပြည်နယ် ရှမ်းရွာသစ်မြို့ အမှတ်(၄)ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ပညာရေးဌာနနှင့် ကျေးလက်ကျန်းမာရေးဌာနတို့ ပူးပေါင်းကာ ကျောင်းသား၊ ကျောင်းသူများ ကျန်းမာရေးအသိရှိစေရန်၊ ကျန်းမာကြံ့ခိုင်သန်စွမ်းသောလူငယ်များဖြစ်စေရန်နှင့် ကူးစက်ရောဂါတို့မှ ကင်းဝေးစေရန်ရည်ရွယ်၍ ဩဂုတ်လ ၂၀ ရက်တွင် ကျောင်းကျန်းမာရေးအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ရှမ်းရွာသစ်မြို့ ကျေးလက်ကျန်းမာရေးဌာနမှ တာဝန်ခံဆရာမက မိုးရာသီကာလတွင် ဖြစ်ပွားတတ်သော သွေးလွန်တုပ်ကွေးရောဂါဆိုင်ရာအကြောင်းအရာများ၊ တစ်ကိုယ်ရေသန့်ရှင်းရေးဆိုင်ရာအကြောင်းအရာများ၊ အစာအာဟာရသုံးအုပ်စု သိကောင်းစရာများကို အသိပညာပေးဟောပြောပြီး ကျေးလက်ကျန်းမာရေးဌာနမှ ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူ ၂၀ ဦးအား တစ်ကိုယ်ရေကျန်းမာရေးစစ်ဆေးပေးခြင်း၊ မျက်စိရောဂါစမ်းသပ်ပေးခြင်းနှင့် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာလုပ်ငန်းများကို ဆောင်ရွက်ပေးသည်။

ရှမ်းရွာသစ်မြို့ကျေးလက်ကျန်းမာရေးဌာနအနေဖြင့် ကျောင်းသား၊ကျောင်းသူများ ကျန်းမာရေးနှင့်ပတ်သက်သော အသိပညာဗဟုသုတရရှိစေရန်နှင့် ကူးစက်ရောဂါတို့မှကင်းဝေးစေရန်အတွက် မြို့အတွင်းရှိ အခြေခံပညာကျောင်းများသို့ကွင်းဆင်း၍ ကျောင်းကျန်းမာရေးအသိပညာပေးလုပ်ငန်းများကို ပုံမှန်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**ဇင်လေး(ပြန်/ဆက်)**

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၂၁-၈-၂၀၂၄(ဗုဒ္ဓဟူးနေ့)

၁။ ၆:၀၂ နိုင်ငံတော်သီချင်း
၂။ ၇:၁၆ မေတ္တာပို့
၃။ ၇:၂၁ ဓမ္မပူဇာတေး
၄။ ၇:၂၅ ကိုယ်လက်လှုပ်ရှားအားကစား
၅။ ၈:၀၅ အမျိုးသားရေးတေးကဗျာ
၆။ ၉:၅၀ မြန်မာသံစဉ်ချိုနားဝင်
၇။ ၁၂:၀၀ ခရီးလည်းသွားစကားလည်းဆို
၈။ ၁၃:၁၀ အမှတ်တရနေ့ရက်များ
၉။ ၁၆:၅၀ ယဉ်ကျေးလိမ္မာဓမ္မတေးကဗျာ
၁၀။ ၁၈:၃၀ ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ
၁၁။ ၁၉:၀၀ **တောင်ပိုင်းပိုးလမ်းမသစ်ကြီး တရုတ်-မြန်မာအခန်းကဏ္ဍအပိုင်း (၉/၁၀)**
၁၂။ ၂၀:၀၀ မြဝတီရုပ်မြင်သံကြားသတင်း

မြဝတီ နေ့စဉ်
the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။
**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ်** – ၀၀၃၇၈/၀၀၄၉၄
**စတင်ထုတ်ဝေသည့်ရက်** – ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်
E-mail: mwddailynewspapergroup @ gmail.com
Website – www.myawady.net.mm

# လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပင်လယ်ငါးခြောက်မျိုးစုံပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချ



လပွတ္တာ ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ပင်လယ်ငါးခြောက်မျိုးစုံ ပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လပွတ္တာမြို့နယ် ငါးခြောက်မျိုးစုံရောင်းဝယ်ရေးပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်စန်းဝေ၏ပြောပြချက်အရ သိရသည်။

လပွတ္တာမြို့နယ်၌ ဇွန်လအတွင်းကငါးခြောက်မျိုးစုံပိဿာချိန် ၆၅၀၀၀ သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ငါးခြောက်မျိုးစုံပိဿာချိန် ၈၅၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း၊ အဆိုပါ တင်ပို့ရောင်းချသည့် ငါးခြောက်များသည် ငါးကွမ်းရှပ် (ငါးညို) ခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ ပင်လယ်ငါးပြေမခြောက်၊ ငါးဖောင်ရိုးခြောက်၊ အာပဲ့ခြောက်စသည့် ငါးခြောက်အမျိုးအစားများကို အများဆုံးတင်ပို့ရောင်းချကြောင်း သိရသည်။

"လပွတ္တာမြို့နယ်ကထွက်တဲ့ ပင်လယ်ငါးခြောက်မျိုးစုံကို စနစ်တကျထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်ကို အဓိကတင်ပို့ရောင်းချနေပါတယ်။ ဇူလိုင်လတစ်လတာကာလအတွင်းမှာ ငါးခြောက်မျိုးစုံပိဿာချိန် ၈၅၀၀၀ အထိရောင်းချခဲ့ရပါတယ်။ ရန်ကုန်ဈေးကွက်က အဝယ်လိုက်နေလို့ တင်ပို့ရောင်းချအားကောင်းလာတာပါ။ ငါးခြောက်ဈေးက ပုံမှန်အခြေအနေမှာပဲရှိပါတယ်။ လက်ရှိ ပင်လယ်ငါးခြောက်တွေက ပြည်တွင်းဈေးကွက်မှာကိုအဝယ်လိုက်နေလို့ လပွတ္တာမြို့နယ်ကနေ တင်ပို့အားကောင်းနေတာပါ။ အခုလို အရောင်းအဝယ်ကောင်းလာတော့ ငါးခြောက်လုပ်ငန်းနဲ့ ဆက်စပ်သူတွေ အလုပ်အကိုင်အခွင့်အလမ်းကောင်းရရှိလာပါတယ်" ဟု ဒေါ်စန်းဝေကပြောသည်။

ထိုကဲ့သို့ တင်ပို့ရောင်းချခဲ့သည့် ပင်လယ်ငါးခြောက် အမျိုးအစားများမှာ ငါးဖောင်ရိုးခြောက်၊ ငါးကွမ်းရှပ်(ငါးညို) ခြောက်၊ ပင်လယ်ငါးပြေမခြောက်၊ ငါးလိပ်ကျောက်ခြောက်၊ အာပဲ့ခြောက်တို့ဖြစ်ပြီး အမျိုးအစားအလိုက် ဈေးနှုန်းအသီးသီးရှိကြောင်း သိရသည်။

**သုတကျော်**

# ပြည်မြို့၌ စာဖတ်ရှိန်မြှင့်တင်ရေးလူငယ်အသိပညာပေးဟောပြောပွဲကျင်းပ

ပြည် ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ပြည်မြို့နယ် စားသုံးသူရေးရာဦးစီးဌာနနှင့် ပြည်မြို့နယ်စာရေးဆရာအသင်းတို့ ပူးပေါင်း၍ ပြည်မြို့ရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ စာဖတ်ရှိန်မြှင့်တင်ရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၀ ရက်တွင် ကျင်းပသည်။

ရှေးဦးစွာ ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးအောင်ကိုသန့်က လူငယ်များဗလငါးတန်ဖွံ့ဖြိုးရေးနှင့်စာဖတ်ရှိန်မြှင့်တင်ရေး၊ ပြည်မြို့နယ်စာရေးဆရာအသင်းမှ စာရေးဆရာမောင်ထွန်းကောင်းက စာပေဖတ်ရှုပြီး ဗဟုသုတများရယူခြင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတာဝန်ခံ ဦးထွန်းနိုင်လင်းက စားသုံးသူကာကွယ်ရေးဥပဒေပါ အကြောင်းအရာများ၊ စာရေးဆရာမောင်ထက်ရှားက စာပေဖတ်ရှုခြင်း အကျိုးကျေးဇူးအကြောင်း စသည့် လူငယ်ကဏ္ဍဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသိကောင်းစရာအကြောင်းအရာများကို အသိပညာပေးဟောပြောပြီး ကျောင်းအုပ်ဆရာမကြီး ဒေါ်ငြိမ်းငယ်ငယ်စိုးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

ထို့နောက် ပြည်ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဝန်ထမ်းများက နယ်လှည့်စာကြည့်တိုက်သုံးဘီးယာဉ်ဖြင့် စာကြည့်တိုက်ဖွင့်လှစ်၍ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူများကို ကလေးစာပေအမျိုးအစား စာအုပ်၊ စာစောင်များဖတ်ရှုလေ့လာနိုင်ရန် ဆောင်ရွက်ပေးကြရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ဝင်တစား လေ့လာဖတ်ရှုကြသည်။

ဆက်လက်၍ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မူးယစ်ဆေးဝါးအန္တရာယ်များအကြောင်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေးဆိုင်ရာအသိပညာပေးနံရံကပ်စာစောင်များကို ခင်းကျင်းပြသရာ ကျောင်းသား၊ ကျောင်းသူများက လေ့လာကြည့်ရှုကြကြောင်း သိရသည်။

ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသည် အနာဂတ်မျိုးဆက်သစ်လူငယ်များကို အခြေခံပညာမှစ၍ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိလာစေရန်နှင့် အမြဲမပြတ်လေ့လာသင်ယူလိုစိတ်များရှိလာစေရန်၊ ကျောင်းစာအပြင် အထွေထွေဗဟုသုတများရရှိစေမည့် စာအုပ်၊ စာပေများကို ဖတ်ရှုလေ့လာလိုစိတ်နှင့် ကျောင်းစာကြည့်တိုက်နှင့် ပြည်သူ့စာကြည့်တိုက်များကို အသုံးပြုလိုစိတ်ရှိလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် အခြေခံပညာကျောင်းများ၌ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အသိပညာပေးလုပ်ငန်းများကို ကွင်းဆင်းဆောင်ရွက်ပေးခြင်းဖြစ်ကြောင်း သိရသည်။

**ကိုဆက်(ပြန်/ဆက်)**

# ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အဌမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲ စာအောင်ဆု ပေးအပ်ချီးမြှင့်

ရမည်းသင်း ဩဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ်ရှိ သံဃာတော်များစုပေါင်း၍ ကြီးမှူးကျင်းပသည့် ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အဋ္ဌမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲ စာအောင်ဆု ပေးအပ်ချီးမြှင့်ပွဲကို ဩဂုတ်လ ၁၉ ရက်က ရမည်းသင်းမြို့နယ်ရှိ သီလဝခန်းမ၌ ကျင်းပသည်။


ရှေးဦးစွာ အခမ်းအနားကို သံဃာတော်များ၊ ဆရာ၊ ဆရာမများ၊ အလှူရှင်များနှင့် ကျောင်းသား၊ ကျောင်းသူများက နမောတဿသုံးကြိမ် ရွတ်ဆိုဖွင့်လှစ်ပြီး မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌ ပုတီးကုန်းဆရာတော် ဘဒ္ဒကုမာရနှင့် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲဖြစ်မြောက်ရေးနာယက ရေလည်ကျောင်းဆရာတော် ဘဒ္ဒန္တသောဘနတို့က ဩဝါဒချီးမြှင့်ပြီး ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲတွင် အမှတ်အများဆုံးရကျောင်းသား၊ ကျောင်းသူ ၁၀ ဦးကို စာအောင်လက်မှတ်နှင့် စာအောင်ဆုတို့ကို မြို့နယ်သံဃနာယက ဆရာတော်ကြီးများကလည်းကောင်း၊ အလှူရှင်များက စက်ဘီးများကိုလည်းကောင်း ပေးအပ်ချီးမြှင့်ကာ ဆရာတော်ကြီးများက အလှူရှင်များကို ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲကြီးကြပ်ရေး ဆရာ၊ ဆရာမများကို တာဝန်ရှိသူများက အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ပြီး အဋ္ဌမအကြိမ် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲအောင်မြင်ခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူများအား အောင်လက်မှတ်နှင့် စာအောင်ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ မြို့နယ်သံဃနာယကအဖွဲ့ ဆရာတော်ကြီးများ၊ ရမည်းသင်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမောင်ရွှေသိန်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ အလှူရှင်များ၊ ကြီးကြပ်ရေး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

ရမည်းသင်းမြို့နယ်လုံးဆိုင်ရာ အဋ္ဌမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးလိမ္မာစာမေးပွဲတွင် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာ ၉၃ ရွာမှ စာဖြေဌာနလေးခု၌ ရှင်သာမဏေများ၊ သီလရှင်များနှင့် ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၂၀၂၅ ဦး ဝင်ရောက်ဖြေဆိုကြပြီး စာမေးပွဲတွင် အမှတ်အများဆုံးရသူ ၁၀ ဦး၊ ဂုဏ်ထူးဖြင့်အောင်မြင်သူ ၅၈၁ ဦးနှင့် ရိုးရိုးအောင်မြင်သူ ၇၂၇ ဦး စုစုပေါင်း ၁၃၁၈ ဦး အောင်မြင်ကြကြောင်း သိရသည်။

**ချမ်းမြေ့**



# မြစ်ကိုအလျားစုန်ကူးခဲ့သည်

ကျွန်းစဉ်မြေစောခက်

**ယမန်နေ့မှအဆက်**

ကျွန်တော်၏ တစ်နေ့တာလုပ်ငန်းမှာ မနက်စောစောအိပ်ရာထပြီး စာဖတ်သည်။ မနက်စာစားပြီး နံနက် ၁၀ နာရီအရောက် ကျောင်းသွားရသည်။ မွန်းလွဲ ၁ နာရီသည် စာအုပ်လဲချိန်နှင့် မုန့်စားဆင်းချိန်ဖြစ်သည်။ မွန်းလွဲ ၂ နာရီဆို ကျောင်းပြန်တက်ရသည်။ ညနေ ၄ နာရီမှာ ကျောင်းဆင်းသည်။ အိမ်သို့ရောက်လျှင် အဘိုးအတွက် ချိုးရေ၊ အဘွားအတွက် ချိုးရေနှင့် ထမင်းဟင်းချက်စားရန် ရေသယ်ပေးရသည်။ ရေတွင်းမှာ ခြံချင်းကပ် ဦးငပိန်ခြံဝင်းအတွင်းတွင်ရှိသည်။ ကြိုးတပ်ရေပုံးကို ရေတွင်းထဲချရေခပ်ယူပြီး ပြန်ဆွဲတင်ကာ ရေအိုးထဲထည့်ရသည်။ ရေခပ်ရေသယ်အလုပ်ပင်ဖြစ်သည်။ ညနေစာစားပြီး ည ၁၀ နာရီကျော်၊ ၁၁ နာရီလောက်အထိ အိမ်စာလုပ်သည်၊ စာကျက်သည်။

ကျောက်ဖြူမြို့ အထက်တန်းကျောင်း(တန်းမြင့်ကျောင်း)မှာ မြို့၏အနောက်ဘက်စွန်းတွင်ရှိ၍ ကျွန်တော်နေသည့် မြစ်နားတန်းရပ်ကွက် ကမ်းနားလမ်းနဲ့ဆို တော်တော်လှမ်းသည်။ သို့ဖြစ်၍ မြစ်နားတန်းရပ်ကွက်၊ ပိုက်ဆိပ်ရပ်ကွက်နေ အထက်တန်းကျောင်းသား၊ ကျောင်းသူများမှာ အထက်တန်းကျောင်းသို့ စက်ဘီးနဲ့ ကျောင်းတက်ကြသူ တော်တော်များကြသည်။ ကျွန်တော်လည်း ကိုယ့်ကိုယ်ကိုယ် အထက်တန်းကျောင်းသားဆိုသော အသိကလေးနဲ့ ဘဝင်လေဟပ်သွားလေသလားမသိ။ အဖေ့ကို စက်ဘီးဖြင့် ကျောင်းတက်လိုကြောင်း မရဲတရဲပြောမိသွားသည်။ အဖေသည် အထက်တန်းကျောင်းသား ကျွန်တော့်ကို စက်ဘီးတစ်စီးဝယ်ပေးခဲ့ပေသည်။ အဖေကြီးက ငါးတန်း၊ ခြောက်တန်း၊ ခုနစ်တန်းကို ဆက်တိုက်အောင်သဖြင့် ဆုချသည်ဟုပြောသည်။ အထက်တန်းတွင်လည်း အကျအရှုံးမရှိအောင် ကြိုးစားဖို့ပြောသည်။ ကျွန်တော် အလွယ်တကူပဲ ကတိပေးလိုက်သည်။

ကျွန်တော် ရှစ်တန်းနှစ်ရောက်လာချိန်မှာ ကဗျာစပ်ချင်လာသည်။ ဝတ္ထုရေးချင်လာသည်။ အိမ်က ပို့ပေးသောမုန့်ဖိုးများကို ၁၀ ပြားတန် ပြည်သူ့ရောင်ခြည်စာစောင်၊ ဖလင်စတားစာစောင်၊ တစ်မတ် (၂၅-ပြား) တန် အချစ်တော်စာစောင်များကို ဝယ်ဖတ်သည်။ ၁၀ ပြားတန်စာစောင် ကလောင်ရှင်များမှာ ကလောင်သစ်များပင်ဖြစ်ကြသည်။ စာစောင်မှာ ဖော်ပြခံရသူများကို စာမူနှင့်ဓာတ်ပုံတွဲလျက်ဖော်ပြသည်။ ကျွန်တော်မှာ သဘောကျပြီး ဘဝင်တွေ့နေတတ်သည်။ စနေနေ့များတွင် နေ့တစ်ဝက်ဖွင့်ထားသော ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနသို့သွားပြီး စာဖတ်သည်။ သင့်ဘဝမဂ္ဂဇင်းတွင် ကဗျာဆရာကြီး ဓနုဖြူကျော်ထွန်း(နောင်တွင် အီကြာကွေးဖြစ်လာသူ)၏ ကဗျာရေးနည်းသင်ခန်းစာများကို အလေးထားလေ့လာတတ်လာသည်။ ဖတ်သည်၊ မှတ်သည်၊ ရေးကြည့်သည်။ ရေးလိုက်၊ ဖျက်လိုက်နဲ့ စာမျက်နှာတွေမှာ ရှုပ်ယှက်ခတ်နေပေတော့သည်။ ဤလိုနဲ့ ပြည်သူ့ရောင်ခြည် (၁၀ ပြားတန်စာစောင်)၊ ဖလင်စတား (၁၀ ပြားတန်စာစောင်)၊ အချစ်တော် (၂၅ ပြားတန်စာစောင်) တို့သို့ စာတိုက်မှတစ်ဆင့် ကဗျာတွေ၊ ဝတ္ထုတွေပို့ဖြစ်သည်။ ပို့သည်၊ ပယ်သည်။ အခါခါပို့သည်၊ အခါခါ အပယ်ခံရသည်။ ဤလိုနဲ့ ကာလတစ်ခုသို့ အရွေ့မှာတော့ ၁၀ ပြားတန်စာစောင်များတွင် နှစ်ကြောင်းကဗျာ၊ သုံးကြောင်းကဗျာ စသော ကဗျာတိုလေးတွေ ၁၀ ပုဒ်ပို့ တစ်ပုဒ်ပါ။ ငါးပုဒ်ပို့ တစ်ပုဒ်ပါဖြစ်လာသည်။ ဤလို ကဗျာတိုလေးတစ်ပုဒ်ပါလာလျှင်ပင် ဟိုလူ့သွားပြ၊ ဒီလူ့သွားပြနဲ့။ ကိုယ်ကတော့ ကိုယ့်ကိုယ်ကိုယ် ဟုတ်နေပြီပေါ့လေ။

ကျွန်တော်သည် ကျောင်းသားတစ်ယောက်ဆိုသည့် ပြယုဂ်ထဲမှာ ကိုယ့်ကိုယ်ကိုယ် စာညံ့သည်ဟု သတိထားလာမိသည်။ သင်ခန်းစာတွေ လိုက်မမီဖြစ်လာသည်။ သို့သော် ကျွန်တော်ကြိုးစားသည်။ ဖတ်သည်၊ မှတ်သည်။ စာမေးပွဲကျလျှင် ကျွန်တော်ရည်မှန်းနေသော ကျောင်းဆရာဖြစ်ရေးသည်လည်း ဝေဝါးသွားလိမ့်မည်ဟုလည်း အသိထဲမှာရှိနေသည်။



သည်တော့ ကိုယ်ထုသည့်အရုပ်က ဘာရုပ်ပေါ်လာခဲ့သလဲ။ ၁၉၆၄ ခုနှစ် ကျောင်းတွင်းစစ် အဋ္ဌမတန်းစာမေးပွဲမှာ ကျွန်တော် ငမိုက်သား ရှုံးခဲ့ပါလေသတည်း။ ကျွန်တော် ဆောက်တည်ရာမရတော့။

ကျွန်တော်သည် ကဗျာစာပေကိုလိုက်စားပြီး ကျောင်းစာကို လုံးလုံးလျားလျား ပစ်ပယ်ခဲ့ခြင်းကား မဟုတ်ပေ။ ကျွန်တော်သည် ပင်ကိုစိတ်တွင် ကျောင်းဆရာဖြစ်ချင်သည့် အာသီသသည် ရင်၌ အစဉ်ပြည့်လျှမ်းလျက်ရှိပါ၏။ သို့အတွက် စာကိုလည်း ပုံမှန်အတိုင်းဖတ်ပါ၏။ ကျက်ပါ၏။ ဤတွင် ပြဿနာတစ်ခုရှိလာသည်မှာကား ကျွန်တော်သည် သင်္ချာအလွန်ညံ့သော ကျောင်းသားတစ်ယောက် ဖြစ်နေလေသည်။ ခင်မင်ရာ၊ ရင်းနှီးရာ သူငယ်ချင်းများကို စာမေး၏။ သူတို့လည်း ပြပေးကြပါ၏။ ပြပေးတုန်းခဏသာ နားလည်သလိုရှိပြီး စာမေးပွဲဖြေလျှင် ချာချာလည်တော့သည်။

ကျွန်တော်စာမေးပွဲကျသည့် ကိစ္စနှင့်ပတ်သက်၍ အဖေနှင့်အမေကို အရမ်းသနားသွားမိသည်။ ကျွန်တော့်မိဘနှစ်ပါးမှာ ကျွန်တော့်ကို မြို့ကြီးသို့ပို့ပြီး ကျောင်းထားခြင်းမှာ ပိုက်ဆံချမ်းသာ၍ ထားခြင်းမဟုတ်။ သားကြီး ဩရသ ကျွန်တော့်ကို အချစ်ကြီးချစ်ပြီး သူများတွေလို လယ်လုပ်၊ ထင်းခုတ်၊ ငါးရှာ၊ ဟင်းခူးအလုပ်တွေက လွတ်အောင်လို့ မရှိမဲ့ရှိမဲ့ ကြိုးစားပြီး ကျောင်းထားပေးခြင်းပင်ဖြစ်သည်။

"သားရေ စာမေးပွဲကျတာ ဆန်းတာမှမဟုတ်တာ။ သားလိုကျတဲ့ကလေးတွေလည်း ရှိတာပဲ။ နောက်နှစ်ဆို အောင်မှာပေါ့၊ ဆက်ဖြေပါ"

အဖေ့စကားကြားရတော့ ကျွန်တော် အံ့ဩသွားပြီး အဖေ့ကို တစ်ချက်မော့ကြည့်လိုက်သည်။ အဖေနဲ့ မျက်လုံးချင်းဆုံမိတော့ ကျွန်တော် မလုံမလဲဖြစ်သွားသည်။ အပြစ်ရှိသူတစ်ဦးလို အဖေ့ကို ကျွန်တော် ကြောက်နေသည်။

"သားရယ်၊ အဖေ သားအမေနဲ့လည်း တိုင်ပင်ထားပြီးပြီ။ သား သူများအိမ်မှာနေရတာ အားနာရတယ်။ ဒါကြောင့် အဖေတို့ပါ ကျောက်ဖြူမြို့ပြောင်းပြီး နေကြမယ်။ သား ကိုယ့်မိသားစုနဲ့ဆို သား စာဖတ်၊ စာကျက်ရတာ အဆင်ပြေတာပေါ့နော်"

ကျွန်တော် ခေါင်းနပန်းကြီးသွားသလိုပဲ။ အဖေ မဖြစ်နိုင်တာကို ပြောနေတယ်လို့ ကျွန်တော်ခံစားသွားရသည်။ ကျွန်တော်က သားကြီး။ ကျွန်တော့်အောက် ညီမလေးနှင့် ညီလေး လေးယောက်။ ကျောင်းနေအရွယ်တွေချည်းပါပဲ။ သားသမီးတစ်ထွေးတစ်ပြုံနဲ့ အမေပင်ပန်းနေတာကို ကျွန်တော်မြင်သည်။ မြို့မှာ ဒီကလေးတွေ ကျောင်းနေစရိတ်၊ စားစရိတ်၊ အိမ်ငှားစရိတ်တွေနဲ့ အဖေ၊ အမေတို့ လွယ်ပါ့မလား။ သို့သော် ကျွန်တော့်မှာ အပြစ်တစ်ခုကို ကျူးလွန်မိထားသလိုမျိုးဖြစ်နေသဖြင့် မိသားစုတစ်ခုလုံး မြို့ပြောင်းဖို့ မလွယ်ကြောင်း ကျွန်တော် နှုတ်မှမဖွင့်ဟရဲ။

ကျွန်တော်တို့ ကျွန်းစဉ်နယ်ဆိုတာ တောရွာဆိုတကယ့်တောရွာပါ။ မြို့နဲ့ ဘယ်လိုမှ ပတ်သက်မှုမရှိ။ အစားအသောက်၊ အနေအထိုင်၊ အပြောအဆိုကအစ အကွာကြီး ကွာလှမ်းလှသည်။ ရှင်းရှင်းပြောရလျှင် ကျွန်တော်တို့မှာ တောသားအရိုင်းစစ်စစ် လူရိုးလူအတွေ။ **ဆက်လက်ဖော်ပြပါမည်။**

## ရွှေကူမြို့နယ်၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဂုဏ်ထူးရ ကျောင်းသား ကျောင်းသူများနှင့် သင်ကြားပေးခဲ့သော ဆရာ ဆရာမများအား ဂုဏ်ပြုဆုပေးပွဲကျင်းပ

ရွှေကူ ဩဂုတ် ၂၀


ရှမ်းပြည်နယ်(တောင်ပိုင်း) ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ရွှေကူမြို့နယ်ရှိ အခြေခံပညာအထက်တန်းကျောင်း (ရွှေကူ) ပြဒါးလင်းခန်းမ၌ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးနှင့် ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် သင်ကြားပေးခဲ့သော ဆရာ၊ ဆရာမများအား ဂုဏ်ပြုဆုပေးပွဲ အခမ်းအနားကို ဩဂုတ်လ ၁၈ ရက်က ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးခင်မောင်ဦးက အဖွင့်အမှာစကားပြောကြားပြီး ဒုတိယမြို့နယ်ပညာရေးမှူး ဦးမျိုးခိုင်နှင့် ကျောင်းကော်မတီဥက္ကဋ္ဌက ကျောင်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အောင်ချက်အကောင်းဆုံးဆုရ အခြေခံပညာအထက်တန်းကျောင်း (ရွှေကူ)၊ ဂုဏ်ထူးရကျောင်းသား၊ ကျောင်းသူများနှင့် ဂုဏ်ထူးရအောင်သင်ကြားပေးသော ဆရာ၊ ဆရာမများအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ၊ ကျောင်းအကျိုးတော်ဆောင်များနှင့် တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ရွှေကူမြို့နယ်ရှိစာစစ်ဌာနငါးခု၌ ကျောင်းတွင်းနှင့် ပြင်ပဖြေဆိုသူ ကျောင်းသား၊ ကျောင်းသူစုစုပေါင်း ၃၃၄ ဦး ဝင်ရောက်ဖြေဆိုပြီး ၁၆၈ ဦး ဖြေဆိုအောင်မြင်ကာ အောင်မြင်မှု ၅၀ ဒသမ ၃ ရာခိုင်နှုန်းရှိကြောင်း သိရသည်။

ဂုဏ်ထူးရရှိမှုအခြေအနေမှာ ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင်သုံးဦးနှင့် တစ်ဘာသာဂုဏ်ထူးရှင် ၁၉ ဦးရှိပြီး ဂုဏ်ထူးရရှိသည့် ဘာသာများမှာ မြန်မာ၊ အင်္ဂလိပ်၊ သင်္ချာ၊ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒ၊ ပထဝီနှင့် ဘောဂဗေဒဘာသာရပ်တို့ဖြစ်ပြီး အခြေခံပညာအထက်တန်းကျောင်း (ရွှေကူ) မှ ဖြေဆိုသူ ၇၅ ဦးရှိကာ အောင်မြင်သူ ၄၂ ဦးရှိပြီး ခြောက်ဘာသာဂုဏ်ထူးရှင်တစ်ဦး၊ တစ်ဘာသာဂုဏ်ထူးရှင်သုံးဦးနှင့် ရိုးရိုးအောင်မြင်သူ ၃၈ ဦးရှိကြောင်း သိရသည်။ (၄၀၅)



# တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်



တံတားဦး ဩဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်း၌ မီးငြိမ်းသတ်ရေးနှင့် ရှာဖွေကယ်ဆယ်ရေး ဇာတ်တိုက်လေ့ကျင့်ခြင်းကို ဩဂုတ်လ ၂၀ ရက်တွင် အဆိုပါကျောင်း၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် တံတားဦးမြို့နယ် မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကျော်သူအောင်က သဘာဝဘေးအန္တရာယ်များတွေ့ကြုံရသည့်အခါ အရေးပေါ်ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း၊ ဘေးအန္တရာယ်တွေ့ကြုံလာပါက အချိန်နှင့်တစ်ပြေးညီ လျင်မြန်စွာတုံ့ပြန်ဖြေရှင်းဆောင်ရွက်ပေးနိုင်ရန် စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ယခုဇာတ်တိုက်လေ့ကျင့်မှုသည် သဘာဝဘေးကြောင့် ပြိုကျပျက်စီးသည့် အသွင်သဏ္ဌာန်တူပြုလုပ်၍ လေ့ကျင့်မှုများပြုလုပ်ခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်မီးသတ်ဦးစီးဌာနမှ ဝန်ထမ်းများဦးဆောင်ပြီး ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများအား ရှာဖွေကယ်ဆယ်ရေးကို ဇာတ်တိုက်သရုပ်ပြဆောင်ရွက်ကြသည်။ ဆက်လက်၍ မီးငြိမ်းသတ်ရေးနှင့်ပတ်သက်ပြီး မြို့နယ်ဦးစီးအရာရှိက မီးသတ်ဆေးဘူးအသုံးပြုရေးနှင့် ရေစိုအဝတ်ဖြင့် မီးငြိမ်းသတ်ရေးတို့ကို လက်တွေ့သရုပ်ပြဆောင်ရွက်ကြသည်။

အဆိုပါသရုပ်ပြဆောင်ရွက်ရာသို့ တံတားဦးမြို့ အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ၊ ဆရာမများ ၊ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၁၈၅ ဦးခန့် တက်ရောက်ကြကြောင်းသိရသည်။

ရဲတင့်( ပြန်/ဆက်)

# ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု အခြေခံအိပ်ခန်းဆောင်ထိန်းသိမ်းရေးသင်တန်းအမှတ်စဉ် (၂/ ၂၀၂၄) ဖွင့်

မော်လမြိုင် ဩဂုတ် ၂၀


ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန၏ကြီးကြပ်မှုဖြင့် မြန်မာနိုင်ငံဟိုတယ်လုပ်ငန်းရှင်များအသင်း (မော်လမြိုင်ဇုန်)နှင့် မြန်မာနိုင်ငံ စားသောက်ဆိုင်လုပ်ငန်း(မော်လမြိုင်ဇုန်)တို့ ပူးပေါင်း၍ ဟိုတယ်ဆိုင်ရာဝန်ဆောင်မှု အခြေခံအိပ်ခန်းဆောင်ထိန်းသိမ်းရေး သင်တန်းအမှတ်စဉ်(၂/၂၀၂၄)ဖွင့်ပွဲအခမ်းအနားကို ဩဂုတ်လ ၁၉ ရက်က မော်လမြိုင်မြို့ Hotel KS ခန်းမ၌ ကျင်းပရာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီး နိုင်လယိတမ၊ ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာနမှ တာဝန်ရှိသူများ၊ မွန်ပြည်နယ် ဟိုတယ်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ဟိုတယ်မန်နေဂျာများ၊ သင်တန်းနည်းပြဆရာများနှင့်သင်တန်းသား၊ သင်တန်းသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မွန်ပြည်နယ်အစိုးရအဖွဲ့ဝင် စီးပွားရေးရာဝန်ကြီးက ခရီးသွားလုပ်ငန်းနှင့်ပတ်သက်၍ ဒေသခံများ အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုတိုးပွားလာစေရန်၊ ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ ယခုကဲ့သို့ သင်တန်းဖွင့်လှစ်ရခြင်းဖြစ်ကြောင်း၊ သင်တန်းသား၊ သင်တန်းသူများအနေဖြင့် သင်တန်းမှသင်ကြားပေးလိုက်သည့် အသိပညာဗဟုသုတများကို လေ့လာမှတ်သားပြီး လက်တွေ့နယ်ပယ်တွင် အမှန်တကယ် ပြန်လည်အသုံးချနိုင်အောင် ကြိုးစားကြစေလိုကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား၊ သင်တန်းသူ ၂၅ ဦး တက်ရောက်လျက်ရှိပြီး သင်တန်းကို ဩဂုတ်လ ၁၉ ရက်မှ ၃၁ ရက်အထိ ဖွင့်လှစ်ပို့ချလျက်ရှိကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## မိုးလေဝသ သတင်း




| မှတ်သားဖွယ်ရာမိုးရေချိန်များ | |
|---|---|
| ထားဝယ် | (၄.၂၁)လက်မ |
| တမူး | (၂.၂၄)လက်မ |
| မော်လိုက် | (၂.၁၇)လက်မ |
| စစ်တွေ | (၂.၀၈)လက်မ |
| ပိုင်ကျုံ | (၂.၀၀)လက်မ |
| ဘားအံ | (၁.၉၃)လက်မ |
| မုဒုံ | (၁.၉၃)လက်မ |
| မြစ်ကြီးနား | (၁.၈၅)လက်မ |
| ဂန့်ဂေါ | (၁.၈၂)လက်မ |
| ရေး | (၁.၆၄)လက်မ |

| တိုင်းဒေသကြီး/ပြည်နယ် | (နိမ့်) | (မြင့်) |
|---|---|---|
| ကချင် | ၂၃ | ၃၁ |
| ရှမ်း(မြောက်) | ၂၂ | ၃၀ |
| ရှမ်း(အရှေ့) | ၂၂ | ၃၀ |
| ရှမ်း(တောင်) | ၁၉ | ၂၇ |
| ချင်း | ၁၅ | ၂၁ |
| စစ်ကိုင်း(အထက်) | ၂၄ | ၃၁ |
| စစ်ကိုင်း(အောက်) | ၂၆ | ၃၃ |
| နေပြည်တော် | ၂၅ | ၃၂ |
| မန္တလေး | ၂၇ | ၃၄ |
| မကွေး | ၂၄ | ၃၀ |
| ရခိုင် | ၂၄ | ၃၁ |
| ပဲခူး | ၂၃ | ၃၀ |
| ရန်ကုန် | ၂၄ | ၃၀ |
| ဧရာဝတီ | ၂၄ | ၃၁ |
| ကယား | ၂၃ | ၃၁ |
| ကရင် | ၂၄ | ၃၃ |
| မွန် | ၂၄ | ၃၂ |
| တနင်္သာရီ | ၂၃ | ၃၂ |

# မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆီထွက်သီးနှံလုပ်ငန်းများ ကွင်းဆင်းစစ်ဆေး

ပခုက္ကူ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဘဲကြီးကျေးရွာရှိ လုပ်ကွက်ငယ်တောင်သူများလိုအပ်သော စိုက်ပျိုးစရိတ်နှင့် သွင်းအားစုများအတွက် ငွေကြေးပံ့ပိုးပေးနိုင်ရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း ဆီထွက်သီးနှံလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို တာဝန်ရှိသူများက ဩဂုတ်လ ၂၀ ရက်တွင် ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ပခုက္ကူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး၊ ပခုက္ကူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာ လုပ်ငန်းအဖွဲ့ဝင်များနှင့်အတူ ဘဲကြီးကျေးရွာ၌ နေကြာအပါအဝင် တခြားဆီထွက်သီးနှံများ စိုက်ပျိုးထားရှိမှုအခြေအနေများ၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီးနောက် ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ မြစိမ်းရောင်ကျေးရွာလုပ်ငန်းအဖွဲ့ဝင်များနှင့် တွေ့ဆုံပြီး အထွက်တိုးဆီထွက်သီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးကြရန် မှာကြားသည်။

ပခုက္ကူမြို့နယ် ဘဲကြီးကျေးရွာ၌ ယခုဘဏ္ဍာနှစ်တွင် နေကြာအပါအဝင် ဆီထွက်သီးနှံစိုက်ပျိုးသော တောင်သူ ၇၅ ဦးကို ငွေကျပ် ၁၈ ဒသမ ၁ သန်း၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀ ဦးကို ငွေကျပ် ၁ ဒသမ ၅ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၈၅ ဦးကို ငွေကျပ် ၁၉ ဒသမ ၆ သန်း ထုတ်ချေးပေးထားကြောင်း သိရသည်။

ကိုညို(ကျေးလက်)

# ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ ပလတ်စတစ်သုံးစွဲမှုလျှော့ချရေး အသိပညာပေး

ပွင့်ဖြူ ဩဂုတ်၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် စည်ပင်သာယာရေးအဖွဲ့မှ ပလတ်စတစ်ပစ္စည်းများ အလွန်အကျွံသုံးစွဲခြင်းကြောင့် သဘာဝပတ်ဝန်းကျင်ထိခိုက်မှု လျော့နည်းစေရေးအတွက် ဈေးရောင်း၊ ဈေးဝယ်များအား အသိပညာပေးခြင်းကို ဩဂုတ်လ ၁၉ ရက်က ပွင့်ဖြူမြို့မစည်ပင်သာယာဈေး၌ တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ် စည်ပင်သာယာရေးကော်မတီဝင်များ၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနမှ ဝန်ထမ်းများ၊ ဈေးကော်မတီဝင်များ ပူးပေါင်းအဖွဲ့သည် ပွင့်ဖြူမြို့မစည်ပင်သာယာဈေး အတွင်း/ အပြင်ရှိ ဈေးသူ၊ ဈေးသားများနှင့်တွေ့ဆုံကာ ပလတ်စတစ်ပစ္စည်းများကို သုံးစွဲခြင်းမပြုရန်၊ ပလတ်စတစ်အစားထိုး ပစ္စည်းများဖြစ်သည့် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ဖြင့်သာ ထုပ်ပိုးရောင်းချကြရန်၊ ပြည်သူများအစားအစာဘေးကင်းလုံခြုံရေးအတွက် သန့်ရှင်းလတ်ဆတ်သော အသား၊ ငါး၊ အသီးအရွက်နှင့် စားသောက်ကုန်ပစ္စည်းများကို စနစ်တကျရောင်းချကြရန်နှင့် ဈေးဆိုင်ခန်းဝန်းကျင် သန့်ရှင်းသပ်ရပ်မှုရှိစေရေး အလေးထားဆောင်ရွက်ရန် အသိပညာပေး ဆွေးနွေးပြောကြားသည်။

ထို့နောက် ဌာနဆိုင်ရာတာဝန်ရှိသူများ ပူးပေါင်းအဖွဲ့က ဈေးရောင်း၊ ဈေးဝယ် ပြည်သူများကို သဘာဝပတ်ဝန်းကျင်ကာကွယ်ထိန်းသိမ်းရေးဆိုင်ရာ အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခြင်း၊ ပလတ်စတစ်ပစ္စည်းအစားထိုး အသုံးပြုနိုင်ရန် ငှက်ပျောဖက်၊ အင်ဖက်၊ စက္ကူတို့ကို အခမဲ့ဖြန့်ဝေပေးခဲ့ကြကြောင်း သိရသည်။

လှိုင်ဝင်းလေး ( ပွင့်ဖြူမြေ )

# ရန်ကုန်တိုင်းဒေသကြီးရှိ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ဒုတိယဝန်ကြီး ဦးဇော်အေးမောင် တွေ့ဆုံ



ရန်ကုန် ဩဂုတ် ၂၀

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်သည် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ တိုင်းရင်းသားရေးရာဝန်ကြီး ဦးစောဂျက်ကော့ထူးနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီး ညွှန်ကြားရေးမှူးရုံးတွင် ရန်ကုန်တိုင်းဒေသကြီးရှိတိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းများ၊ ရခိုင်လူမှုရေးအသင်းများမှ တာဝန်ရှိသူများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက အောက်တိုဘာလ ၁ ရက် သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများတွင် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန်၊ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကိုအခြေခံ၍ နိုင်ငံတော်က ဆောင်ရွက်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ အောင်မြင်စေရန် ပူးပေါင်းဆောင်ရွက်နိုင်ကြရန်၊ အသင်းအဖွဲ့များ မှတ်ပုံတင်ရေး ဥပဒေနှင့်အညီ မိမိတို့၏အသင်းအဖွဲ့များကို ပြန်လည်မှတ်ပုံတင်နိုင်ရေးတို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက်ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် တိုင်းရင်းသားရေးရာဝန်ကြီးက တိုင်းဒေသကြီးအတွင်းအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ တက်ရောက်လာသည့် တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှုအသင်းများက တိုင်းရင်းသားရေးရာကိစ္စရပ်များ ဆောင်ရွက်မှုအခြေအနေနှင့် လိုအပ်သည်များအား တင်ပြကြရာ ဒုတိယဝန်ကြီးက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးပြီး တိုင်းရင်းသားရေးရာကိစ္စရပ်များဆောင်ရွက်နိုင်ရန်အတွက် ထောက်ပံ့ငွေများ ပေးအပ်သည်။

ထို့နောက်ဒုတိယဝန်ကြီးကတိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုဦးစီးဌာနနှင့် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီးညွှန်ကြားရေးမှူးရုံးရှိ ဝန်ထမ်းများနှင့်တွေ့ဆုံ၍ တိုင်းရင်းသားများ၏ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများထိန်းသိမ်းစောင့်ရှောက်ရေး၊ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးစသည့် တိုင်းရင်းသားရေးရာကိစ္စရပ်များကို တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အနီးကပ်ကြီးကြပ်ကွပ်ကဲမှုဖြင့်တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားခဲ့ကြောင်း သိရသည်။ (မြဝတီ)

# တိရစ္ဆာန်ဆေးဝါး၊ အစာနှင့် မျိုးတိရစ္ဆာန်များ ပြည်ပမှတင်သွင်းနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ



နေပြည်တော် ဩဂုတ် ၂၀

တိရစ္ဆာန်ဆေးဝါး၊ အစာနှင့် မျိုးတိရစ္ဆာန်များ ပြည်ပမှတင်သွင်းနိုင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အလုပ်ရုံဆွေးနွေးပွဲသို့ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီး၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာန နှင့် စားသုံးသူရေးရာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိရစ္ဆာန်သုံးဆေးဝါးလုပ်ငန်းသုံးပစ္စည်းကိရိယာထုတ်လုပ်ရောင်းချသူများအသင်း၊ မြန်မာနိုင်ငံ တိရစ္ဆာန်အစာထုတ်လုပ်ဖြန့်ဖြူးရောင်းချသူများအသင်း၊ မျိုးခြံနှင့်ဥဖောက်လုပ်ငန်းရှင်များအစုအဖွဲ့၊ ပြည်ပမှ တင်သွင်းသည့်ကုမ္ပဏီများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ဒုတိယဝန်ကြီးက တိရစ္ဆာန်အစာတွင် လိုအပ်သည့် အသားဓာတ်အတွက် ပဲပုပ်ဖတ်အား ပြည်ပမှတင်သွင်းမှုကို (၃) နှစ်အတွင်း အပြီးလျှော့ချသွားရန် နှင့် ပြည်တွင်း၌ စိုက်ပျိုးထုတ်လုပ်သည့် ပဲပုပ်ဆီကြိတ်ဖတ်ဖြင့် အစားထိုးသုံးစွဲသွားနိုင်ရေးဆောင်ရွက်လျက်ရှိကြောင်း၊ တိရစ္ဆာန်နှင့် တိရစ္ဆာန်ထွက်ပစ္စည်းများ တိုးတက်တင်ပို့နိုင်ရေး အတွက် ဝန်ကြီးဌာနအနေဖြင့် ကျွဲ၊ နွား၊ သိုး၊ ဆိတ် တိရစ္ဆာန်အရှင်များ၊ တိရစ္ဆာန်ထွက်ပစ္စည်းအေးခဲအသားများကို တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့နိုင်ရန် Protocol များ ညှိနှိုင်းခြင်း၊ မလေးရှားနိုင်ငံသို့ သိုးဆိတ်အရှင်များ တင်ပို့နိုင်ရေးအတွက် ဆောင်ရွက်မည့်လုပ်ငန်းစဉ်၊ ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာအစီအမံနှင့် Health Certificate မူကြမ်းတို့ကို ပေးပို့ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း၊ မွေးမြူရေးကဏ္ဍအနေဖြင့် လိုအပ်သည့်တိရစ္ဆာန်ရောဂါကာကွယ်ဆေးများ၊ ကုသဆေးများ၊ ဖြည့်စွက်အားဆေးများ၊ အစာကုန်ကြမ်းများ၊ မျိုးရင်းတိရစ္ဆာန်များနှင့် မွေးမြူရေးသုံး ပစ္စည်းများ အချိုးညီစွာ အချိန်နှင့်တစ်ပြေးညီ တင်သွင်းနိုင်ရန်လိုအပ်ကြောင်းပြောကြားသည်။

ဆက်လက်၍ မွေးမြူရေးနှင့်ကုသရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲထွန်းဝင်းက မွေးမြူရေး တိရစ္ဆာန် အစာ၊ ဆေးဝါးနှင့် မျိုးတိရစ္ဆာန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာသူများက မွေးမြူရေးလုပ်ငန်းသုံး ဆေးဝါးလိုအပ်ချက်များနှင့် မျိုးတိရစ္ဆာန်မျိုးရင်းလိုအပ်ချက်များ၊ မွေးမြူရေးအစာ တင်သွင်းခွင့်ရရှိနေမှုအခြေအနေများကို ဆွေးနွေးတင်ပြကြရာ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဖြည့်စွက်ညှိနှိုင်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ (မြဝတီ)

# ဒက္ခိဏသီရိမြို့နယ်ညောင်ကုန်းခေတ်မီစံပြကျေးရွာသို့ ဒုတိယဝန်ကြီး ဦးမြင့်စိုး သွားရောက်ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမြင့်စိုးသည် ယနေ့နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကြာပင်ကျေးရွာအုပ်စု အောင်သုခကျေးရွာသို့ သွားရောက်ပြီး လုပ်ငန်းရှင် ဦးဖြူကိုနှင့် ဒေါ်မီမီကျော်တို့၏ ဇီဝဖိုးငှက်သိုက် မွေးမြူထုတ်လုပ်ရေးလုပ်ငန်းကို ကြည့်ရှုလေ့လာသည်။

လုပ်ငန်းရှင် ဦးဖြူကိုသည် မလေးရှားနိုင်ငံသို့ သွားရောက်အလုပ်လုပ်ကိုင်ရင်း ဇီဝဖိုးငှက်သိုက်မွေးမြူရေးလုပ်ငန်းကို တွေ့မြင်ခဲ့ရာမှ မိမိနိုင်ငံသို့ပြန်လည်ရောက်ရှိချိန်တွင် ဒေါက်တာတင့်ဆွေရေးသားသော စီးပွားဖြစ်ဇီဝဖိုးငှက်သိုက်စာအုပ်အား ဖတ်ရှုလေ့လာခြင်း၊ YouTube နှင့် Facebook တို့မှ လေ့လာခြင်းအပြင် ရန်ကုန်မြို့ရှိ လုပ်ငန်းရှင်တစ်ဦးထံသို့ သွားရောက်ကြည့်ရှုလေ့လာကာ ယခုလုပ်ငန်းကို ၂၀၂၃ ခုနှစ် ဇူလိုင်လတွင် စတင်ခဲ့ကြောင်း၊ ငှက်ခေါ်အသံစနစ်၊ အခန်းတွင်း အစိုဓာတ်ထိန်းညှိခြင်းစနစ်တို့ ပါဝင်သော ပေ ၅၀ x ပေ ၂၀ နှစ်ထပ်အဆောက်အအုံဆောက်လုပ်ပြီးစဉ် ဇီဝဖိုးငှက် ခုနစ်ကောင် စတင်ရောက်ရှိလာရာမှ ယနေ့အချိန်တွင် ကောင်ရေ ၅၀၀ ကျော် ရှိသွားပြီ ဖြစ်ကြောင်း၊ ငှက်သိုက်ကုန်ကြမ်းခူးခြင်းလုပ်ငန်း၊ ကုန်ချောထုတ်လုပ်ခြင်း လုပ်ငန်းများ စတင်ဆောင်ရွက်နေပြီဖြစ်ကြောင်း သိရသည်။

ယင်းနောက် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ထန်းတပင်ကျေးရွာသို့ သွားရောက်၍ လုပ်ငန်းရှင် ဦးဖြူကိုနှင့် ဒေါ်မီမီကျော်တို့၏ PMK သဘာဝဇီဝဖိုးငှက်သိုက် ထုတ်လုပ်ဖြန့်ချိရောင်းဝယ်ရေးလုပ်ငန်းကို ကြည့်ရှုအားပေးသည်။ အဆိုပါလုပ်ငန်းအတွက် အသေးစားစက်မှုလက်မှုလုပ်ငန်း ဦးစီးဌာနက ငှက်သိုက်တာရှည်ခံထုတ်လုပ်မှုနည်းပညာ ပံ့ပိုးကူညီပေးခဲ့သည်။

ဆက်လက်၍ ညောင်ကုန်းခေတ်မီစံပြကျေးရွာ (Smart Village) ၏ ၂၀၂၃-၂၀၂၄ ဘဏ္ဍာနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်ပေးခဲ့သောလုပ်ငန်းများ၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆက်လက်ဆောင်ရွက်ပေးမည့် လုပ်ငန်းများကို စိစစ်မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ယင်းနောက် ညောင်ကုန်း၊ အောင်သုခ၊ မဲကြီး၊ ရွာမကျေးရွာ လေးရွာမှ မိုးစပါးစိုက် သမဝါယမ အသင်းသားတောင်သူများနှင့် တွေ့ဆုံ၍ ပန်းတိုင်အထွက်နှုန်းရရှိရေး၊ ဆီထွက်သီးနှံ နေကြာနှင့်နှမ်း ဆက်လက်စိုက်ပျိုးကြရေး မှာကြားကာ လိုအပ်သည်များ ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

(မြဝတီ)

# အခြေခံပညာကျောင်းများသို့ နယ်လှည့်ဟောပြောပွဲ နံရံကပ်စာစောင် ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲများ ကွင်းဆင်းဆောင်ရွက်



ကျောက်တလုံးကြီး ဩဂုတ် ၂၀

ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတရရှိစေရန် အသိပညာပေးလုပ်ငန်းများကို လစဉ် ကွင်းဆင်းဆောင်ရွက်လျက်ရှိရာ ထီပြွန်နှင့် နောင်ယာဆိုင်းကျေးရွာအခြေခံပညာ မူလတန်းကျောင်းများသို့ နယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲများကို ဩဂုတ်လ ၂၀ ရက်တွင် ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ကျောက်တလုံးကြီးမြို့ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သန္တာဝင်းက လူငယ်များ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများ၊ စာဖတ်ခြင်း၏ အကျိုးကျေးဇူးများ၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ဝန်ထမ်းများက ကျောင်းသား၊ ကျောင်းသူများ စာဖတ်သည့်အလေ့အကျင့်ကောင်းများရရှိစေရန် စာအုပ်ပြပွဲနှင့် လူကုန်ကူးမှုအန္တရာယ်တားဆီးကာကွယ်ရေးဆိုင်ရာ အသိပညာပေးနံရံကပ်စာစောင်များကို ပြသသည်။

အဆိုပါနယ်လှည့်ဟောပြောပွဲ၊ နံရံကပ်စာစောင်၊ ဓာတ်ပုံနှင့် စာအုပ်စာစောင်ပြပွဲသို့ ထီပြွန်နှင့် နောင်ယာဆိုင်းကျေးရွာအခြေခံပညာ မူလတန်းကျောင်းများမှ ကျောင်းအုပ်ကြီးများ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ကြသည်။

ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ကျောင်းသား၊ ကျောင်းသူများ အသိပညာ ဗဟုသုတ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နယ်လှည့်ပညာပေးခြင်းအပြင် အွန်လိုင်းမှတစ်ဆင့် အသိပညာပေးလုပ်ငန်းများကို ရိုက်ကူးထုတ်လွှင့် တင်ဆက်ပေးလျက်ရှိကြောင်း သိရသည်။

ဇော်နိုင်လင်း

# ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်း လုပ်ငန်းစီမံကိန်း (RBF) အဆိုပြုလွှာရေးသားနည်း သင်တန်းပို့ချ

ဘားအံ ဩဂုတ် ၂၀

ကရင်ပြည်နယ် ဘားအံခရိုင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ယခုဘဏ္ဍာနှစ်တွင် ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေထူထောင်ခြင်းလုပ်ငန်းစီမံကိန်း (RBF) ဆောင်ရွက်မည့် နိုင်းကြာကျေးရွာနှင့် ထုံးအိုင်အောက်ကျေးရွာတို့မှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များအတွက် RBF အဆိုပြုလွှာရေးသားနည်းသင်တန်းပို့ချခြင်းကို ဩဂုတ်လ ၂၀ ရက်တွင် အဆိုပါဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးသူရလွင်က သင်တန်းဖွင့်လှစ်ပို့ချခြင်း၏ ရည်ရွယ်ချက်နှင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံက သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များနှင့် RBF အဆိုပြုလွှာရေးသားနည်းဆိုင်ရာ အကြောင်းအရာများကို ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းသို့ ဘားအံမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ဘားအံမြို့နယ်အတွင်း ယခုဘဏ္ဍာနှစ် ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်းစီမံကိန်း(RBF) ဆောင်ရွက်မည့်ကျေးရွာနှစ်ရွာမှ ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင် ၂၅ ဦးတက်ရောက်ကြကြောင်း သိရသည်။

ဆက်လူ

# ရေခါးကျေးရွာ၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများဆောင်ရွက်နေမှု ကွင်းဆင်းစစ်ဆေး

မင်းလှ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး သရက်ခရိုင် မင်းလှမြို့နယ် ရေခါးကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေမှ သုံးစွဲခွင့်ရှိသောငွေဖြင့် ကျေးလက်ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေများကို ဩဂုတ်လ ၂၀ ရက်တွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးကြကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မင်းလှမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဒေါ်သင်းသင်းအေးနှင့် ဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ရေခါးကျေးရွာ၌ ဂါလန် ၂၀၀၀ ဆံ့ ရေစုကန်တည်ဆောက်ခြင်းလုပ်ငန်း၊ 3HP Submersible Pump ရေတင်ပန့်တပ်ဆင်ခြင်းလုပ်ငန်းနှင့် အရှည်



ပေ ၁၇၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ ကျေးရွာကော်မတီဝင်များနှင့်တွေ့ဆုံကာ သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အချိန်မီပြီးစီးရေး အလေးထားဆောင်ရွက်ကြရန် မှာကြားသည်။

အဆိုပါရေခါးကျေးရွာ၌ ရေစုကန်တည်ဆောက်ခြင်း၊ ရေတင်ပန့်တပ်ဆင်ခြင်းနှင့် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို မြစိမ်းရောင်ကျေးရွာစီမံကိန်း အတိုးရငွေမှ သုံးစွဲခွင့်ရှိသော ငွေကျပ် ၁၀ ဒသမ ၇၂ သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေ ငွေကျပ် သုည ဒသမ ၇၄ သန်း စုစုပေါင်း ငွေကျပ် ၁၁ ဒသမ ၄၆ သန်းဖြင့် မင်းလှမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၏ နည်းပညာကူညီပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇွန်လ ၂၄ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ၉၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

ချိုလေး

# ကျောက်ဆည်မြို့နယ်၌ နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ရိတ်သိမ်းရာတွင် အထွက်နှုန်းကောင်းမွန်

ကျောက်ဆည် ဩဂုတ် ၂၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်၌ တောင်သူများစိုက်ပျိုးသည့် နှမ်းစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းပြီး ရိတ်သိမ်းရာတွင် အထွက်နှုန်းကောင်းမွန်ကြောင်း သပြေဝန်းကျေးရွာမှ နှမ်းစိုက်တောင်သူ ဦးညွန့်ဝင်း၏ပြောပြချက်အရ သိရသည်။

နှမ်းတစ်ဧကစိုက်ပျိုးလျှင် မိရိုးဖလာ ကြဲပက်စနစ်၊ တန်းဆွဲစနစ်၊ ပေါင်ကြီးတင်စနစ် စသည့် စိုက်ပျိုးသည့်နည်းစနစ်များအလိုက် တစ်ဧကလျှင် မျိုးစေ့ နို့ဆီဘူးခြောက်ဘူးမှ နှစ်ပြည်အထိ အသုံးပြုကြကြောင်း၊ ယခုနှစ်တွင် ရာသီဥတုကောင်းမွန်ပြီး စိုက်ပျိုးရေရရှိသောကြောင့် နှမ်းစိုက်တောင်သူများ အပင်အောင်မြင်ဖြစ်ထွန်းပြီး အထွက်နှုန်းကောင်းမွန်ကြောင်း၊ ကြဲပက်စနစ်ဖြင့်စိုက်ပျိုးပါက တစ်ဧကလျှင် ငွေကျပ် သုံးသိန်းခန့် ကုန်ကျပြီး ပေါင်ကြီးတင်စနစ်ဖြင့်စိုက်ပျိုးပါက ငွေကျပ် လေးသိန်းကျော် ကုန်ကျမှုရှိကြောင်း သိရသည်။

နှမ်းသည် လှဲနှမ်းနှင့် ထောင်နှမ်းဟူ၍ အမျိုးအစားနှစ်မျိုးရှိပြီး ထောင်နှမ်းမှာ နှမ်းပင်များကိုရိတ်၍ စုစည်းကာ တစ်စည်းနှင့်တစ်စည်း ဖိုခုံလောက်ဆိုင်၍ နေရောင်ခြည်အောက်တွင် ထောင်ထားပြီး အခြောက်လှန်းကာ မျိုးစေ့ထုတ်ယူသည့်မျိုးဖြစ်သည်။ လှဲနှမ်းသည် မြေတလင်းပြင် သို့မဟုတ် ညီညာသည့်မြေပြင်၌ မိုးကာခင်း၍ နှမ်းပင်များဖြန့်ကြဲပြီး အခြောက်လှန်းကာ မျိုးစေ့ထုတ်ယူသောနည်းဖြစ်ကြောင်းနှင့် လှဲနှမ်း(တလင်းနှမ်း)သည် မျိုးစေ့သန့်ရှင်းမှုနည်းပါးပြီး ထောင်နှမ်းသည် မျိုးစေ့သန့်သည့်အတွက် ရောင်းချရာတွင် ထောင်နှမ်းက ဈေးပို၍ရရှိကြောင်း သိရသည်။

ကျောက်ဆည်မြို့နယ်နေ တောင်သူများအနေဖြင့် နှမ်းစိုက်ပျိုးရာတွင် ဒေသနှင့်ကိုက်ညီပြီး အထွက်နှုန်းကောင်းမွန်သည့် ဆင်းရတနာ(၄)၊ ဆင်းရတနာ(၁၂) နှမ်းဖြူမျိုးနှင့် မကွေးနှမ်းနက်(၁/၁၃) မျိုးများကို အများဆုံးစိုက်ပျိုးကြကြောင်းနှင့် နှမ်းစိုက်ပျိုးမှု အောင်မြင်ဖြစ်ထွန်းရေး ခရိုင်/မြို့နယ်အဆင့်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက တောင်သူများနှင့်



ပူးပေါင်း၍ မျိုးရွေးချယ်နည်း၊ မြေပြင်စိုက်ပျိုးနည်း၊ ရိတ်သိမ်းသိုလှောင်နည်းများကို စနစ်တကျပံ့ပိုးကူညီပေးလျက်ရှိကြောင်း သိရသည်။

ချမ်းမြေ့

# မျက်စိကျန်းမာရေးနှင့် ခတ်မတည့်ခြင်းအကြောင်း



ခန္ဓာကိုယ်အစိတ်အပိုင်းများတွင် တစ်ခုအပါအဝင်ဖြစ်တဲ့ မျက်စိသည်လည်း ခတ်မတည့်မှုဖြစ်စေနိုင်ပါတယ်။ ခတ်မတည့်မှုဖြစ်ပေါ်တဲ့အခါ နီရဲပြီး မျက်ရည်ကျတာတွေခံစားရတတ်ပါတယ်။ ဒီလိုမျိုး ခံစားရတာ ကိုယ်တစ်ယောက်တည်း မဟုတ်ပါဘူး။ အမေရိကန်နိုင်ငံမှာ ခတ်မတည့်မှုကြောင့် မျက်ကြည်လွှာရောင်ရမ်းမှုကို လူပေါင်းသန်းနဲ့ချီပြီး ခံစားကြရပါတယ်။ ရေခဲကပ်ပေးရင် သက်သာပေမယ့် ပျောက်ကင်းဖို့ဆိုရင်တော့ ဖြစ်ရတဲ့အကြောင်းရင်းကိုရှာပြီး ကုသမှုခံယူသင့်ပါတယ်။

အဖြစ်များတဲ့ လက္ခဏာရပ်တွေကတော့ မျက်ခွံအတွင်းဘက်နဲ့ မျက်စိရဲ့ အဖြူသားထဲမှာ နီရဲနေတတ်ပါတယ်။ မျက်စိယားယံတာ၊ မျက်ရည်ကျတာ၊ အမြင်ဝေဝါးတာ၊ မျက်စိကပူစပ်ပူလောင်ဖြစ်တာ၊ မျက်ခွံရောင်ရမ်းတာနဲ့ အလင်းရောင်ကို ကောင်းစွာကြည့်မရတာတွေ ဖြစ်တတ်ပါတယ်။ မျက်စိမှာ ခတ်မတည့်မှုဖြစ်တာက မျက်စိတစ်ခုတည်းဖြစ်နိုင်သလို နား၊ အရေပြား၊ နှာခေါင်းတွေ ခတ်မတည့်တာနဲ့လည်း တွဲပြီးဖြစ်တတ်ပါတယ်။

ပန်းဝတ်မှုန်ကိုရှောင်ရှားသင့်ပါတယ်။ မိမိက ပန်းဝတ်မှုန်နဲ့ ခတ်မတည့်သူဖြစ်ပါက ကိုယ်နဲ့မတည့်တဲ့ပန်းတွေဖူးပွင့်တဲ့အချိန်မှာ သတိထားဖို့လိုပါတယ်။ ဥပမာ- မလေးရှားပိတောက်ပန်းကရင်ကျပ်ရောဂါပိုပြီးဆိုးစေလို့ မစိုက်သင့်ပါဘူး။ အိမ်အပြင်ကို မဖြစ်မနေထွက်စရာရှိတဲ့အခါ မျက်မှန်တပ်ဆင်သင့်ပါတယ်။

မျက်စိအနီရောင်ဖြစ်ခြင်းဖြစ်တတ်ပါတယ်။ မျက်စိမှာခတ်မတည့်မှုဖြစ်တဲ့အခါ ခတ်မတည့်မှုဖြစ်စေတဲ့ အမှုန်အမွှား ဒါမှမဟုတ် ပန်းဝတ်မှုန်နဲ့မျက်ဝန်းက ထိတွေ့မှုရှိတာကြောင့် နီရဲစေတာဖြစ်ပါတယ်။ မျက်စိထဲမှာရှိတဲ့ဆဲလ်တွေက ရောင်ရမ်းမှုဖြစ်စေတဲ့ ဓာတုပစ္စည်းတွေကို ထုတ်မပေးတာကြောင့် မျက်စိယားယံတာ၊ နီရဲတာ၊ မျက်ရည်ကျတာတွေဖြစ်စေပါတယ်။

ကွန်ပျူတာကြည့်ရင် တစ်နာရီကြည့်ပြီးတိုင်း ၁၀ မိနစ်နားသင့်ပါတယ်။ ကွန်ပျူတာကြည့်တဲ့အခါ မျက်စိညောင်းတာ၊ အမြင်ဝေဝါးတာ၊ အဝေးကအရာတွေကို ကြည့်ဖို့ခက်ခဲတာ၊ မျက်စိခြောက်တာ၊ ခေါင်းကိုက်တာ၊ လည်ပင်းနောက်ကျောနဲ့ ပခုံးတွေနာကျင်တာ စတာတွေကို မကြာခဏခံစားရတယ်ဆိုရင် အောက်ပါအချက်တွေကို လိုက်နာဖို့လိုအပ်ပါတယ်။

-ကိုယ်တပ်ဆင်ထားတဲ့မျက်မှန် ဒါမှမဟုတ် မျက်ကပ်မှန်ကို ဆရာဝန်နဲ့ စမ်းသပ်စစ်ဆေးပြီး အသစ်လဲသင့်ရင်လဲရပါမယ်။

-အမြင်ကြည်လင်ဖို့၊ ဇက်ကြောတက်တာ သက်သာဖို့ လိုအပ်ပါက မျက်မှန်တပ်ဆင်သင့်ပါတယ်။

**"မျက်စိခတ်မတည့်မှုဖြစ်ရတာက ကိုယ်ခံအားစနစ်က ခတ်မတည့်မှုဖြစ်စေနိုင်တဲ့အရာပေါ်မှာ အလွန်အကျွံတုံ့ပြန်မှုကြောင့်ဖြစ်ပါတယ်။ အဲဒီလိုခတ်မတည့်မှုဖြစ်စေနိုင်တဲ့ အရာတွေထဲမှာ မြက်ပင်၊ ဝတ်မှုန်၊ ဖုန်မှုန့်၊ တိရစ္ဆာန်အမွေး၊ အညစ်အကြေး စတာတွေလည်းပါဝင်ပါတယ် . . ."**

-မျက်စိနဲ့ကွန်ပျူတာစခရင်(Screen) က တစ်တန်းတည်းအကွာအဝေးမှာထားရှိသင့်ပါတယ်။

-ကွန်ပျူတာထားရှိရာနေရာမှာ စူးရှတဲ့အလင်းရောင်မကျရောက်စေဖို့ ပြတင်းပေါက်နေရာနဲ့ အလင်းတိုက်ရိုက်ကျနိုင်တဲ့နေရာတွေကို ရှောင်သင့်ပါတယ်။ နှစ်နာရီဆက်တိုက် ကွန်ပျူတာရှေ့မှာ ထိုင်ပြီးရင်တော့ ၁၅ မိနစ်လောက်နားပြီး လမ်းထလျှောက်သင့်ပါတယ်။

မျက်စိကိုမပွတ်သင့်ပါဘူး။ ခတ်မတည့်မှုဖြစ်နေတဲ့အခါ မျက်စိကို လက်နဲ့ပွတ်မိပါက ပိုဆိုးစေတတ်ပါတယ်။ ကိုယ့်လက်နဲ့ပွတ်သပ်မိတာကြောင့် မျက်စိမှာရှိတဲ့ဆဲလ်တွေက ရောင်ရမ်းမှုဖြစ်စေတဲ့ ဓာတုပစ္စည်းတွေကို ပိုမိုထုတ်တာကြောင့်ဖြစ်ပါတယ်။ ခတ်မတည့်မှုဖြစ်တဲ့အချိန်မှာ မျက်ကပ်မှန်တပ်ဆင်ထားသူဖြစ်ရင် ခဏချွတ်ထားသင့်ပါတယ်။ မျက်စိနားတစ်ဝိုက်ကို မိတ်ကပ်လိမ်းတာမျိုးမလုပ်သင့်ပါဘူး။ ရေခဲကပ်ပေးနိုင်ပါတယ်။ လက်တွေသန့်ရှင်းနေဖို့ အရေးကြီးတာကြောင့် မကြာခဏလက်ဆေးပေးသင့်ပါတယ်။

အိမ်မွေးတိရစ္ဆာန် မမွေးသင့်ပါဘူး။ အိမ်မွေးခွေးအပါအဝင် တခြားတိရစ္ဆာန်တွေရဲ့ အမွေးတွေ၊ သန်းတွေကြောင့်လည်း ခတ်မတည့်မှုဖြစ်စေပါတယ်။ အိပ်ခန်းထဲဝင်တာ၊ အိပ်ရာပေါ်တက်တာတွေ မလုပ်အောင်တားမြစ်သင့်ပါတယ်။ တိရစ္ဆာန်တွေကို လက်နဲ့ကိုင်တွယ်ပြီးရင်လည်း လက်ကို ချက်ချင်းဆေးကြောသင့်ပါတယ်။ ပွေ့ချီမိတယ်ဆိုရင်တော့ အဝတ်အစားတွေကိုပါ လဲပစ်သင့်ပါတယ်။

အခန်းအတွင်းအပြင် သန့်ရှင်းအောင်ထားသင့်ပါတယ်။ ဖုန်မှုန့်တွေကြောင့် နှာစေးတာ၊ မျက်ရည်ကျတာတွေဖြစ်ခဲ့တယ်ဆိုရင်တော့ ကိုယ့်အိမ်တွင်းသန့်ရှင်းရေးကို ဂရုစိုက်လုပ်ဆောင်ဖို့လိုပါတယ်။ အိပ်ခန်းအတွင်းပါ သန့်ရှင်းအောင်လုပ်ဆောင်သင့်ပါတယ်။ ခေါင်းအုံးတွေ နေထုတ်လှန်းတာ၊ အိပ်ရာခင်းတွေကို ရေနွေးနဲ့ပြုတ်လျှော်တာတွေ လုပ်ပေးသင့်ပါတယ်။

စိုစွတ်တဲ့ရာသီဥတုမှာ အိမ်အတွင်းရှိတဲ့မှိုတွေက မျက်စိကို ဒုက္ခပေးပါတယ်။ စိုစွတ်နေတဲ့ရေချိုးခန်း၊ မီးဖိုချောင်တွေမှာ မှိုတွေရှိနေတတ်တာကြောင့် မကြာခဏ သန့်ရှင်းရေးလုပ်ပေးသင့်ပါတယ်။

ကုသမှုလိုအပ်ပါတယ်။ မျက်စိခတ်မတည့်မှုဖြစ်တာကို ကုသရာမှာသုံးတဲ့ အစက်ချဆေးရည်တွေက နှာခေါင်းခတ်မတည့်မှုကို ကုသရာမှာသုံးတဲ့ Cetrine၊ Burmeton၊ Mast cell stabili-zer တွေနဲ့ ကုသရပါတယ်။

သောက်ဆေး သောက်နိုင်ပါတယ်။ ဟစ္စတမင်းသောက်ဆေး (Cetrine၊ Burmeton) တွေက မျက်စိခတ်မတည့်မှုဖြစ်တဲ့ရောဂါလက္ခဏာတွေကို သက်သာစေပါတယ်။ ဟစ္စတမင်းဆေးရဲ့ ဘေးထွက်ဆိုးကျိုးအနေနဲ့ အိပ်ငိုက်တာမျိုးဖြစ်တတ်ပါတယ်။ ဆရာဝန်ညွှန်ကြားချက်မလိုဘဲ သောက်သုံးလို့ရတဲ့ နှာပွင့်ဆေးတွေကတော့ ပူစေတာ ဒါမှမဟုတ် စိတ်လှုပ်ရှားစေတာတွေ ဖြစ်တတ်ပါတယ်။

အစက်ချဆေးရည် သုံးနိုင်ပါတယ်။ မျက်ရည်တုထည့်ပေးပါက မျက်စိအတွင်းမှာရှိတဲ့ ခတ်မတည့်တဲ့အရာဝတ္ထုကိုဖယ်ရှားပေးပြီး မျက်စိကို စိုစွတ်စေပါတယ်။ မျက်စိမှာခတ်မတည့်တာမဖြစ်အောင် ကာကွယ်တဲ့အနေနဲ့လည်း အသုံးပြုနိုင်ပါတယ်။ ဟစ္စတမင်းဆေးပါဝင်တဲ့အစက်ချဆေးရည်တွေက မျက်စိနီရဲတာ၊ ယားယံတာနဲ့ ရောင်ရမ်းတာတွေကို သက်သာပျောက်ကင်းစေပါတယ်။

မျက်စိခတ်မတည့်မှုဖြစ်ရတာက ကိုယ်ခံအားစနစ်က ခတ်မတည့်မှုဖြစ်စေနိုင်တဲ့အရာပေါ်မှာ အလွန်အကျွံတုံ့ပြန်မှုကြောင့်ဖြစ်ပါတယ်။ အဲဒီလိုခတ်မတည့်မှုဖြစ်စေနိုင်တဲ့အရာတွေထဲမှာ မြက်ပင်၊ ဝတ်မှုန်၊ ဖုန်မှုန့်၊ တိရစ္ဆာန်အမွေး၊ အညစ်အကြေး စတာတွေလည်းပါဝင်ပါတယ်။ ခတ်မတည့်မှုဖြစ်စေနိုင်တဲ့အရာတွေနဲ့ ထိတွေ့မိတဲ့အခါ မျက်စိက ခတ်မတည့်မှုကို ခုခံကာကွယ်ဖို့ တခြားဓာတုပစ္စည်းတွေကို ထုတ်လွှတ်လိုက်ပါတယ်။ အဲဒီခုခံမှုကြောင့် မျက်စိထဲကသွေးကြောလေးတွေရောင်ရမ်းတာ၊ မျက်သားယားယံတာ၊ မျက်သားနီမြန်းတာ၊ မျက်ရည်ကျတာတွေဖြစ်လာရပါတယ်။

မျက်စိခတ်မတည့်မှုအမျိုးအစားကို ရာသီဥတုပြောင်းလဲမှုကြောင့်ဖြစ်တဲ့ မျက်စိခတ်မတည့်မှု၊ ဖုန်မှုန့်တွေနဲ့ တိရစ္ဆာန်အမွေးတွေ၊ အညစ်အကြေးတွေကြောင့်ဖြစ်တဲ့ မျက်စိခတ်မတည့်မှုဆိုပြီး နှစ်မျိုးခွဲခြားထားတယ်။ အဲဒီခတ်မတည့်မှုတွေက မျက်စိကို ကသိကအောက်ဖြစ်စေပေမယ့် အများအားဖြင့် မျက်စိကိုထိခိုက်စေတာမျိုးမရှိစေပါဘူး။

မျက်စိခတ်မတည့်ခြင်းလက္ခဏာတွေကတော့ မျက်စိယားယံတာ၊ မျက်စိနီမြန်းတာ၊ မျက်ရည်ကျတာ၊ မျက်စိသွေးကြောတွေရောင်ရမ်းတာ၊ မျက်စိက ပူစပ်ပူလောင်ဖြစ်တာ၊ အမြင်ဝေဝါးတာ၊ မျက်ဝတ်ထွက်တာ စတဲ့လက္ခဏာတွေဖြစ်ပါတယ်။

မျက်စိခတ်မတည့်မှု သက်သာစေဖို့ အိမ်တွင်းကုထုံးအနေနဲ့ မျက်စဉ်းဆေးခတ်တတ်ကြပါတယ်။ မျက်ရည်တုခတ်ပေးတာက မျက်စိထဲက ခတ်မတည့်မှုဖြစ်တဲ့ပစ္စည်းတွေကို ဆေးလိုက်သလိုဖြစ်စေပါတယ်။ မျက်စိရောင်ရမ်းတာကိုလည်း သက်သာစေတယ်။ မျက်စဉ်းဆေးမရှိဘူးဆိုရင် ရေသန့်သန့်နဲ့ဆေးနိုင်ပါတယ်။

ပန်းသီးရှလကာရည် သုံးနိုင်တယ်။ ပန်းသီးရှလကာရည်က မျက်စိခတ်မတည့်မှုကို ဖယ်ရှားပေးပြီး မျက်စိကို သန့်စင်စေနိုင်ပါတယ်။ ရောင်ရမ်းတာကို သက်သာစေနိုင်ပါတယ်။

ရေအေးဝတ်ကပ်သင့်ပါတယ်။ မျက်စိခတ်မတည့်မှုဖြစ်တဲ့အခါ အလွယ်ကူဆုံးနည်းလမ်းတစ်ခုအနေနဲ့ မျက်စိကို ရေအေးဝတ်ကပ်ပေးလို့ရပါတယ်။ ရေအေးနဲ့ဆေးကြောပေးတာကလည်း မျက်စိခတ်မတည့်မှုဖြစ်တာကို သက်သာစေပါတယ်။

ပျားရည်အသုံးပြုနိုင်ပါတယ်။ ပျားရည်က မျက်စိခတ်မတည့်မှုကို သက်သာစေနိုင်သလို တခြားခတ်မတည့်မှုတွေကိုလည်း သက်သာစေနိုင်ပါတယ်။ ဒါကြောင့် မျက်စိခတ်မတည့်မှုဖြစ်တဲ့အခါ ပျားရည်ကိုရေနဲ့ရောပြီး လက်ဖက်ရည်တစ်ဇွန်းစာ စားသင့်ပါတယ်။

လေ့ကျင့်ခန်းလုပ်သင့်ပါတယ်။ လူတိုင်းနေ့စဉ် နာရီဝက်ကနေ တစ်နာရီ အပြေး၊ ရွှေ့ပြေး၊ လမ်းလျှောက်၊ စက်ဘီးစီး၊ ရေကူးပြုလုပ်သင့်ပါတယ်။ လေ့ကျင့်ခန်းလုပ်တာက ခတ်မတည့်မှုကြောင့် ရောင်ရမ်းတာတွေကို သက်သာစေနိုင်ပြီး ခတ်မတည့်မှုလက္ခဏာကိုသက်သာစေပါတယ်။ ။

**ဒေါက်တာလွင်သန့်**

---

## ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၈၈၀၀၀ အထိ တင်ပို့ရောင်းချခဲ့

ပန်းတနော် ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၈၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့ကြောင်း လယ်ယာထွက်ကုန်ရောင်းဝယ်ရေး ပွဲရုံလုပ်ငန်းလုပ်ကိုင်သူ ဒေါ်မိုးသူဇာ၏ပြောပြချက်အရ သိရသည်။

ပန်းတနော်မြို့နယ်မှ ရန်ကုန်ဈေးကွက်သို့ ဇွန်လက ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၇၀၀၀၀ ခန့်သာ တင်ပို့ရောင်းချနိုင်ခဲ့ပြီး ဇူလိုင်လ ၁ ရက်မှ ၃၁ ရက်အထိ တစ်လတာကာလအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၈၈၀၀၀ အထိ တင်ပို့ရောင်းချနိုင်ခဲ့သည်။ ဖွဲနုကို ပြည်တွင်း၌ ငါးစာ၊ ကြက်စာ၊ ဝက်စာ၊ ဘဲစာ စသည့်မွေးမြူရေးလုပ်ငန်းသုံးအစာအဖြစ် အသုံးပြုကြကြောင်း သိရသည်။

"ဇူလိုင်လအတွင်း ဖွဲနု ၂၄ ပြည်ဝင်အိတ်ရေ ၈၈၀၀၀ အထိ ရန်ကုန်ဈေးကွက်ကို တင်ပို့ရောင်းချခဲ့ရပါတယ်။ ဖွဲနုက စပါးကြိတ်ခွဲရင်ထွက်လာတဲ့ ကုန်ကြမ်းတစ်ခုပါ။ ပြည်တွင်းမှာ တိရစ္ဆာန်အစာအဖြစ် အသုံးပြုတာများပါတယ်။ ပြည်ပဈေးကွက်လည်းရှိတယ်။ လက်ရှိ စပါးသစ်ပေါ်တာ နည်းနေသေးတော့ ဖွဲနုလည်း အထွက်နည်းနေတယ်။ ရန်ကုန်ဈေးကွက်ကနေ ဖွဲနုအိတ်တွေ ဝယ်လိုအားများနေတယ်။ မွေးမြူရေးလုပ်ငန်းတွေ အပြိုင်လည်ပတ်လုပ်ကိုင်နေတာကြောင့် ရန်ကုန်ဈေးကွက်မှာ ဖွဲနုတွေ အရောင်းအဝယ်ကောင်းလာတာပါ"ဟု ဒေါ်မိုးသူဇာက ပြောသည်။

ပန်းတနော်မြို့နယ်မှ ထွက်ရှိသည့် ဖွဲနုများကို ဇူလိုင်လပထမပတ်မှစတင်ပြီး ဒေသတွင်းရှိ မွေးမြူရေးလုပ်ငန်းရှင်များက အများဆုံးဝယ်ယူလျက်ရှိသည့်အပြင် ရန်ကုန်ဈေးကွက်သို့လည်း တင်ပို့ရောင်းချနေကြောင်း သိရသည်။

**သုတကျော်**

# ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံဧက ၈၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်

ပွင့်ဖြူ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ပဲမျိုးစုံ ၇၃၁၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် မေလမှ စတင်စိုက်ပျိုးခဲ့ရာ ဩဂုတ်လ ၂၀ ရက်အထိ ၈၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီမှာ ပွင့်ဖြူမြို့နယ် အတွင်း ပဲမျိုးစုံ ၇၃၁၃ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၈၅၀၁ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ မိုးသီးနှံမှာ စိုက်ပျိုးတဲ့ ပဲသီးနှံအမျိုးအစားတွေကတော့ ပဲတီစိမ်း၊ ပဲစင်းငုံနဲ့ အခြားပဲသီးနှံတို့ဖြစ်ပါတယ်။ သီးနှံအလိုက် သတ်မှတ်လျာထားကေတွေ ပြည့်မီဖို့အတွက် ကြိုးစားဆောင်ရွက်နေပါတယ်။ တောင်သူတွေကိုလည်း ပဲမျိုးစုံစိုက်ပျိုးတာနဲ့ ပတ်သက်ပြီး တိုးချဲ့စိုက်ပျိုးကြဖို့၊ အထွက်နှုန်းတွေတိုးတက်အောင် ဆောင်ရွက်ကြဖို့ ဒေသနဲ့ ကိုက်ညီတဲ့ မျိုးကောင်းမျိုးသန့်တွေ သုံးစွဲကြဖို့ အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ပွင့်ဖြူမြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် ပဲမျိုးစုံစိုက်ပျိုးပြီးစီးမှုအနေဖြင့် ပဲတီစိမ်း ၂၅၆၃ ဧက၊ ပဲစင်းငုံ ၅၉၁၄ ဧက၊ အခြားပဲ ၂၄ ဧက စုစုပေါင်း ၈၅၀၁ ဧက ဖြစ်ကြောင်းနှင့် တောင်သူများ သီးနှံအထွက်နှုန်းများ တိုးပွားရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေးနှင့်စိုက်ပျိုးရေးသွင်းအားစုပစ္စည်းများ စနစ်တကျသုံးစွဲရေး စသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့်သက်ဆိုင်ရာဌာနများက ကွင်းဆင်းကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့်အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့် အခမ်းအနားကျင်းပ

မော်လမြိုင် ဩဂုတ် ၂၀

မွန်ပြည်နယ် မော်လမြိုင်မြို့ ဖက်တန်းရပ်ကွက် ပြည်နယ်ခန်းမ၌ ဩဂုတ်လ ၁၉ ရက် နံနက်ပိုင်းတွင် ၂၀၂၄ ခုနှစ် ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပသည်။

အခမ်းအနားတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက အဖွင့်အမှာစကားပြောကြားပြီး ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်လှုပ်ရှားမှုဗီဒီယိုပြသကာ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံများ ရိုက်ကူးသည်။

ထို့နောက် အသက်ငါးနှစ်အောက် ကလေးများအား အင်အားပြည့် ဗီတာမင်အေဆေးလုံး တိုက်ကျွေးပြီး ကိုယ်ဝန်ဆောင်မိခင်များအား အာဟာရဆေးပြားများနှင့် အာဟာရဖြည့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ ခင်းကျင်းပြသထားသည့် ပြခန်းငယ်နှင့်မြို့နယ်အလိုက် အချက်အပြုတ်ပြိုင်ပွဲပြုလုပ်နေမှုကို လှည့်လည်ကြည့်ရှုသည်။

ယင်းနောက် အချက်အပြုတ်ပြိုင်ပွဲတွင် ပထမဆုရရှိသော (မော်လမြိုင်)၊ ဒုတိယဆုရရှိသော(မုဒုံ)၊ တတိယဆုရရှိသော (ကျိုက်မရော) တို့ကို ဆုငွေများ ပေးအပ်ကြောင်း သိရသည်။

(၄၀၆)

# ပေါင်မြို့နယ်၌ စာဖတ်ရှိန်မြှင့်တင်ရေးဟောပြောခြင်း နံရံကပ်စာစောင်ပြသခြင်းများဆောင်ရွက်



ပေါင် ဩဂုတ် ၂၀

မွန်ပြည်နယ် ပေါင်မြို့နယ်၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးနှင့်နယ်လှည့်စာကြည့်တိုက် အသိပညာပေးဟောပြောခြင်း၊ နံရံကပ်စာစောင်ပြသခြင်းကို ဩဂုတ်လ ၂၀ ရက် နံနက်ပိုင်းတွင် ကော့ကရင်အခြေခံပညာအထက်တန်းကျောင်း၌ဆောင်ရွက်သည်။

ရှေးဦးစွာ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင်ဇာစိုးက မိမိဘဝတိုးတက်မှုရရှိလာအောင် စာများများဖတ်ကြရန်၊ အရွယ်မရောက်သေးသည့် ကလေးငယ်များအား မတရားအလုပ်စေခိုင်းမှုမှ ကာကွယ်ရန်၊ လူကုန်ကူးမှု၏ဆိုးကျိုးများကို ကျောင်းသား၊ ကျောင်းသူများက လိုက်နာဆောင်ရွက်ကြရန်နှင့်မူးယစ်ဆေးဝါး၏ ဆိုးကျိုးများကိုအသိပညာပေးဟောပြောသည်။

ဆက်လက်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ကျောင်းသား၊ ကျောင်းသူများ ဖတ်ရှုလေ့လာနိုင်ရန် ရုပ်ပြပုံပြင်များ၊ စာစောင်များ စသည့်ကလေးများ အသိပညာတိုးပွားရေး စာအုပ်စာပေများ၊ စာဖတ်ရှိန်မြှင့်တင်ရေးတို့နှင့်ပတ်သက်သည့် ဆောင်းပါး၊ ကဗျာ၊ ကာတွန်း သိမှတ်ဖွယ်ရာများ စသည့်အသိပညာပေး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ခင်းကျင်းပြသထားရာ ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်း သိရသည်။

**မွန်မလေး(ပြန်/ဆက်)**

# စည်းလုံးကျေပွန် ထမ်းစို့ဝန်

❒ ငါတို့လူမျိုး၊ ဂုဏ်မညှိုးဖို့
ဘိုးဘွားအမွေ၊ ထားရစ်ပေသည်
ပိုင်မြေနယ်များ ထင်အရှား။

❒ ငါတို့လူမျိုး၊ ဂုဏ်မညှိုးဖို့
ကိုးကွယ်စရာ၊ ထားရစ်ပါသည်
ဘာသာ သာသနာ ထွန်းလင်းစွာ။

❒ ငါတို့လူမျိုး၊ ဂုဏ်မညှိုးဖို့
ရိုးရာယဉ်ကျေးမှု၊ ထားရစ်ပြုသည်
များထုမြန်မာ ကျင့်သုံးရာ။

❒ ငါတို့လူမျိုး၊ ဂုဏ်မညှိုးဖို့
မျိုးချစ်စိတ်မွေ၊ ကမ်းခဲ့ချေသည်
မျိုးဆွေဝန်တာ ဆောင်ဖို့ပါ။

❒ သြော်...
လေးမြတ်ထူးခြား၊ ပတ္တမြားနှယ်
ဘိုးဘွားမွေနှစ်၊ တန်ဖိုးစစ်တို့
ချစ်မြတ်နိုးစွာ၊ ထိန်းဖို့ရာသည်
နောင်လာနောက်သား၊ မျိုးဆက်များ၏
မြင့်မားစိတ်ဓာတ်၊ အသိမြတ်နှင့်
ဆောင်အပ်အမွှန်၊ သမိုင်းဝန်မို့
ကျေပွန်ထမ်းရွက်၊ လုံ့လဖက်၍
ရှေ့ဆက်အစဉ်၊ ခရီးနှင်မည်
သင်ငါများတို့ စည်းလုံးစို့။ ။

**ညွန့်ဝင်း(နတ်တလင်း)**

## သဇင် (FM) အသံလွှင့်အစီအစဉ်

၂၁-၈-၂၀၂၄(ဗုဒ္ဓဟူးနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၁၀ | Market News |
| ၂။ | ၁၁:၅၀ | နွယ်မြက်သစ်ပင် ဆေးဖက်ဝင် |
| ၃။ | ၁၃:၀၀ | ပြည်သူ့ကြားက ပြည်သူ့စကား |
| ၄။ | ၁၄:၅၀ | ဖတ်သမျှ မှတ်သမျှ |
| ၅။ | ၁၅:၃၅ | Happy Zone |
| ၆။ | ၂၁:၄၀ | ချောက်ချောက်ချားချား ဖြစ်ရပ်များ |

# ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြော



သံတောင်ကြီး ဩဂုတ် ၂၀

ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် အခြေခံပညာအထက်တန်းကျောင်း၌ ကလေးအလုပ်သမားပပျောက်ရေးအသိပညာပေးဟောပြောပွဲကို ဩဂုတ်လ ၂၀ ရက်တွင် ဆောင်ရွက်ကြောင်း သိရသည်။

ရှေးဦးစွာ အခြေခံပညာအထက်တန်းကျောင်း ကျောင်းအုပ်ဆရာမကြီး ဒေါ်လိုအေးက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိဒေါ်နော်လော်မူက ကလေးအလုပ်သမားပပျောက်ရေး အသိပညာပေးဟောပြောပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့်ကလေးအလုပ်သမား အဓိပ္ပာယ်၊ ကလေးအလုပ်သမားပပျောက်ရေးအတွက် ကျောင်းသား၊ ကျောင်းသူများပူးပေါင်းပါဝင်ဆောင်ရွက်ရန်၊ ကလေးအလုပ်သမားများပပျောက်ရေးရည်မှန်းချက်(၃)ရပ်၊ ကလေးအလုပ်သမား၏ အသက်အရွယ်၊ ကလေးအလုပ်သမားများ၏ အလုပ်ချိန်ကန့်သတ်ချက်၊ အလုပ်ခန့်မည့်ကလေးများ၏အသက် ၁၄ နှစ်ပြည့်ပြီးဖြစ်စေရန်၊ အလုပ်လုပ်သော ကလေးများအနေဖြင့် ပညာရေးနှင့် အသက်မွေးဝမ်းကျောင်းပညာသင်ယူရေး တိုက်တွန်းစီစဉ်ဆောင်ရွက်ပေးရန် စသည့် အကြောင်းအရာများကို ဆွေးနွေးဟောပြောသည်။

ထို့နောက် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြသထားသည့် ကလေးအလုပ်သမား ပပျောက်ရေး နံရံကပ်စာစောင်များကို ကျောင်းသား၊ ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာကြကြောင်းသိရသည်။

**နော်နော်မူ**

# ရွှေတိဂုံစေတီတော်မြတ်ကြီး ၂၀၂၅ ခုနှစ်ပြက္ခဒိန်အတွက် ပြင်ပဓာတ်ပုံပညာရှင်နှင့် ဝါသနာရှင်များအား ဓာတ်ပုံများပေးပို့နိုင်ရန်ဖိတ်ခေါ်



ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး ၂၀၂၅ ခုနှစ် ပြက္ခဒိန်အတွက် ပြင်ပဓာတ်ပုံပညာရှင်နှင့် ဝါသနာရှင်များအား ဓာတ်ပုံများပေးပို့နိုင်ရန် ဖိတ်ခေါ်ထားကြောင်း ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့မှ သိရသည်။

ဓာတ်ပုံများပေးပို့ရာတွင် ဓာတ်ပုံပညာရှင်၊ ဓာတ်ပုံဝါသနာရှင်များအနေဖြင့် ယခုနှစ်အတွင်း ၎င်းတို့ကိုယ်တိုင်ရိုက်ကူးထားသော ရွှေတိဂုံစေတီတော်မြတ်ကြီး၏ ကြည်ညိုဖွယ်ရာ ဓာတ်ပုံများနှင့် ဗုဒ္ဓရုပ်ပွားတော်များ၏ဓာတ်ပုံများကို သတ်မှတ်စည်းကမ်းချက်များနှင့်အညီ ပေးပို့နိုင်ကြောင်း သိရသည်။

"ရွှေတိဂုံစေတီတော် အထိမ်းအမှတ်ပြက္ခဒိန်ကို နှစ်စဉ်ဂေါပကအဖွဲ့ကနေ ဦးဆောင်ပြီး ရွှေတိဂုံစေတီတော်မှာရှိတဲ့ ဓာတ်ပုံဆရာတွေနဲ့ ရိုက်ကူးထုတ်လုပ်လာခဲ့တာပါ။ ဒီနှစ်မှာ ပိုပြီးတော့အရည်အသွေးကောင်းမွန်တဲ့ဓာတ်ပုံတွေ၊ ပိုပြီးကြည်ညိုသပ္ပာယ်ဖို့ကောင်းတဲ့ ဓာတ်ပုံတွေရရှိဖို့ ပြင်ပဓာတ်ပုံပညာရှင်တွေ၊ ဓာတ်ပုံဝါသနာရှင်တွေကိုလည်း ဓာတ်ပုံတွေပေးပို့ကြဖို့ ဖိတ်ခေါ်ထားပါတယ်" ဟု ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ဝင် ဦးဘိုးသင်းကပြောသည်။

ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့အနေဖြင့် နှစ်စဉ်ရွှေတိဂုံစေတီတော် အထိမ်းအမှတ်ပြက္ခဒိန်များကို အများပြည်သူအား ဖြန့်ဝေလာခဲ့သည်မှာ ၁၀ နှစ်ကျော်ပြီဖြစ်ပြီး ၂၀၂၅ ခုနှစ်အတွက် ရွှေတိဂုံစေတီတော်အထိမ်းအမှတ်ပြက္ခဒိန်များကို Portrait နှင့် Landscape ဟူ၍ အရွယ်အစားနှစ်မျိုးနှင့် ထုတ်လုပ်မည်ဖြစ်ကာ ပြက္ခဒိန်တစ်မျိုးစီတွင် ရှေ့မျက်နှာဖုံးအပါအဝင် ခုနစ်မျက်နှာစီ ပါရှိမည်ဖြစ်ကြောင်း သိရသည်။

ပြက္ခဒိန်နှစ်မျိုးစလုံးအတွက် စုစုပေါင်း အကောင်းဆုံးဓာတ်ပုံ ၁၅ ပုံကို အကဲဖြတ်ရွေးချယ်ရေးအဖွဲ့မှ စိစစ်ရွေးချယ်ကာ ပြက္ခဒိန်ထုတ်လုပ်မည်ဖြစ်ပြီး ရွေးချယ်ခံရသောဓာတ်ပုံများကို ရိုက်ကူးခဲ့သည့် ဓာတ်ပုံပညာရှင်များနှင့် ဓာတ်ပုံဝါသနာရှင်များကိုလည်း ထိုက်သင့်သောဥဏ်ပူဇော်ခများ ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

ဓာတ်ပုံပညာရှင်များ၊ ဓာတ်ပုံဝါသနာရှင်များအနေဖြင့် ဓာတ်ပုံများပေးပို့လိုပါက ဩဂုတ်လ ၂၆ ရက် နောက်ဆုံးထား၍ ရွှေတိဂုံစေတီတော် ဘဏ္ဍာထိန်းဂေါပကအဖွဲ့ရုံးသို့ ပေးပို့နိုင်ပြီး အသေးစိတ်သိရှိလိုပါက ရွှေတိဂုံစေတီတော်ဘဏ္ဍာထိန်းဂေါပကအဖွဲ့ ဖုန်း-၀၁-၈၃၇၅၇၆၇ သို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

# ငဖဲမြို့နယ် ခါချဉ်ကျေးရွာ ကျေးရွာသုံးထင်းစိုက်ခင်းဧက ၃၀ တွင် သစ်ပင်များအစားထိုးစိုက်ပျိုးခြင်း မြေဩဇာကျွေးခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းဆောင်ရွက်

ငဖဲ ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်သစ်တောဦးစီးဌာနမှ မင်းလွင်ကျေးရွာအုပ်စု ခါချဉ်ကျေးရွာ မန်းကြိုးဝိုင်းအမှတ် (၅) တွင် စိုက်ပျိုးထားသည့် ကျေးရွာသုံးထင်းစိုက်ခင်းဧက ၃၀ ၌ ထင်းစိုက်ခင်းများ ရှင်သန်ကြီးထွားရန်အတွက် သစ်ပင်များအစားထိုးစိုက်ပျိုးခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ပေါင်းမြက်ရှင်းလင်းခြင်းကို ဩဂုတ်လ ၂၀ ရက်တွင် တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ကြကြောင်း သိရသည်။

ထိုသို့ဆောင်ရွက်ရာတွင် ငဖဲမြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးကျော်လွင်နှင့်ဝန်ထမ်းများ၊ ကျေးရွာနေပြည်သူများက ယခုနှစ်မိုးရာသီတွင် တည်ထောင်စိုက်ပျိုးခဲ့သည့် မန်းကြိုးဝိုင်းအမှတ် (၅) ကျေးရွာသုံးထင်းစိုက်ခင်းဧက ၃၀ တွင် စိုက်ပျိုးထားသည့် ယူကလစ်နှင့် မဲဇလီပင်များကို ကြည့်ရှုကြပြီး သေသည့်အပင်များအား အစားထိုးပြန်လည်စိုက်ပျိုးခြင်း၊ မြေဩဇာကျွေးခြင်းနှင့် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းတို့ကို ပူးပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ကျေးရွာနေပြည်သူများမှ ကျေးရွာသုံးထင်းစိုက်ခင်းရှိ ယူကလစ်နှင့်မဲဇလီပင်များ အပင်သက်တမ်းငါးနှစ်ကျော်ပါက ထင်း၊ တိုင်၊ သစ်နှင့် တခြားမျောတိုင်လိုအပ်ချက်များကို ခုတ်ယူသုံးစွဲနိုင်ပြီဖြစ်ကြောင်း၊ ယခုကဲ့သို့ ထင်းစိုက်ခင်းများ စိုက်ပျိုးခြင်းဖြင့် ကျေးလက်နေပြည်သူများ သစ်တော၊ သစ်ပင်ကို ချစ်ခင်ထိန်းသိမ်းလိုစိတ်များဖြစ်ပေါ်ကာ သဘာဝသစ်တောများမှလည်း ခုတ်ယူသုံးစွဲမှုများ လျော့နည်းလာမည်ဖြစ်ကြောင်း မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူးဦးကျော်လွင်က ပြောကြားသည်။



လူဦးရေထူထပ်ပြီး ထင်းထုတ်ယူရန် သစ်တောများနှင့် ဝေးကွာသောဒေသများ၌ သစ်၊ ထင်းရှားပါးမှုရှိသဖြင့် ဒေသခံပြည်သူများအတွက် ထင်းနှင့် လယ်ယာလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်ပေးရန် ရည်ရွယ်ချက်ဖြင့် ကျေးရွာများနှင့် နီးစပ်သောပတ်ဝန်းကျင်ရှိမြေလွတ်မြေရိုင်းနှင့် တောပျက်ဧရိယာများတွင် ဒေသနှင့်သင့်လျော်သည့် သစ်မျိုးများဖြင့် တည်ထောင်သည့် စိုက်ခင်းအမျိုးအစားများ စိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

**မယု(ငဖဲ)**

# နတ်မောက်မြို့နယ် စိုင်ကောင်းကျေးရွာ၌ ပဉ္စမအကြိမ်မြောက် ကျေးရွာမတည် ရန်ပုံငွေစီမံကိန်း(VRFP) ချေးငွေထုတ်ချေး

နတ်မောက် ဩဂုတ် ၂၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်းလုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများ ရရှိနိုင်စေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ကျောက်တန်းကျေးရွာအုပ်စု စိုင်ကောင်းကျေးရွာ၌ ပဉ္စမအကြိမ်မြောက် ချေးငွေထုတ်ချေးခြင်းကို ဩဂုတ်လ ၁၉ ရက်က အဆိုပါကျေးရွာ၌ ကျင်းပကြောင်း သိရသည်။

ရှေးဦးစွာ နတ်မောက်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းနိုင်ဦးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP) ဆောင်ရွက်ရခြင်းရည်ရွယ်ချက်များနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက ချေးငွေထုတ်ချေးရာတွင် လိုက်နာရမည့်စည်းကမ်းချက်များ၊ အတိုးနှုန်းနှင့်ကာလသတ်မှတ်ချက်များကို ရှင်းလင်းပြောကြားပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စီမံခန့်ခွဲမှုကော်မတီဝင်များထံ ရန်ပုံငွေများ လွှဲပြောင်းပေးအပ်သည်။ ထို့နောက် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း စီမံခန့်ခွဲမှု ကော်မတီဝင်များက စိုင်ကောင်းကျေးရွာ၌ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ ၁၁၁ ဦးအတွက် ငွေကျပ် သိန်း ၂၀၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၉၅ ဦးအတွက် ငွေကျပ် ၁၅ ဒသမ ၈ သန်း၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူတစ်ဦးအတွက် ငွေကျပ် သုည ဒသမ ၂ သန်းစုစုပေါင်းအသင်းသား၊ အသင်းသူ ၂၀၇ ဦးအတွက် ငွေကျပ် ၃၆ သန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

**မူမူစန်း**

# နွေရာသီဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင်အခမ်းအနားကျင်းပ

ညောင်ရွှေ ဩဂုတ် ၂၀

ရှမ်းပြည်နယ် (တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းသောက်ကျေးရွာအုပ်စု ဘုန်းတော်ကြီးများ ဦးဆောင်ဖွင့်လှစ်သင်ကြားပို့ချသော ကောဒသမအကြိမ်မြောက် ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်း စာအောင်ဆုနှင်းသဘင်အခမ်းအနားကို ဩဂုတ်လ ၁၉ ရက်က မိုင်းသောက် ပထမစာသင်တိုက် အောင်ရတနာဓမ္မာရုံ၌ ကျင်းပသည်။

ရှေးဦးစွာ အခမ်းအနားတက်ရောက်လာသူများက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကိုဖွင့်လှစ်ကြပြီး နိုင်ငံတော်ဩဝါဒါစရိယ မိုင်းသောက်ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြသည်။

ထို့နောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးကျော်စွာလင်းက သာသနာရေးဆိုင်ရာများကို တင်ပြလျှောက်ထားပြီး မြို့နယ်သာသနာရေးမှူးနှင့် မြို့နယ်သာသနာ့နုဂ္ဂဟအသင်း ဥက္ကဋ္ဌတို့က သာသနာရေးဆိုင်ရာများ လျှောက်ထားကြသည်။

ယင်းနောက် နိုင်ငံတော်ဩဝါဒါစရိယ မိုင်းသောက်ဆရာတော်က ဩဝါဒကထာမြွက်ကြားပြီး ဗုဒ္ဓဘာသာယဉ်ကျေးမှုသင်တန်းတွင် အောင်မြင်ခဲ့ကြသူများအား စာအောင်ဆုနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ခဲ့ကြပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**စိုင်းအယ်ဘဲ**

# မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ပေးအပ်ခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ ပြည်ထောင်စုတရားသူကြီးချုပ်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးဇော်မင်းအောင်အား အမြဲတမ်းအတွင်းဝန်/ညွှန်ကြားရေးမှူးချုပ်တာဝန်များကို ထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

## မှတ်သားဖွယ်ရာမိုးရေချိန်များ

၂၀-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| ထားဝယ် | ၄ | ဒသမ | ၂၁ | လက်မ |
| တမူး | ၂ | ဒသမ | ၂၄ | လက်မ |
| မော်လိုက် | ၂ | ဒသမ | ၁၇ | လက်မ |
| စစ်တွေ | ၂ | ဒသမ | ၀၈ | လက်မ |
| ပိုင်ကျုံ | ၂ | ဒသမ | ၀၀ | လက်မ |
| ဘားအံ | ၁ | ဒသမ | ၉၃ | လက်မ |
| မုဒုံ | ၁ | ဒသမ | ၉၃ | လက်မ |

## ထူးခြားသည့်နေ့အပူချိန်များ

၂၀-၈-၂၀၂၄

| | | | | |
|---|---|---|---|---|
| ချောက် | ၃၇ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ညောင်ဦး | ၃၇ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| မြင်းမူ | ၃၆ | ဒသမ | ၂ | ဒီဂရီဆဲလ်စီးယက် |
| မန္တလေး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| တံတားဦး | ၃၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| (လေကြောင်းမိုးလေဝသ) | | | | |
| မကွေး | ၃၄ | ဒသမ | ၉ | ဒီဂရီဆဲလ်စီးယက် |
| အောင်လံ | ၃၄ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မုံရွာ | ၃၄ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| စစ်ကိုင်း | ၃၄ | ဒသမ | ၄ | ဒီဂရီဆဲလ်စီးယက် |

# ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်းမှ အခြေခံအိမ်ထောင်စုများအား သတ်မှတ်ဈေးနှုန်းဖြင့် စားအုန်းဆီရောင်းချပေး

မြန်အောင်   ဩဂုတ် ၂၀

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ စားအုန်းဆီများကို အမှတ်(၁)၊ (၂)၊ (၃)၊ (၄)၊ (၅)၊ (၆) ရပ်ကွက်များနှင့် မြို့မတဲကြီးကုန်းကျေးရွာအတွင်းရှိအခြေခံအိမ်ထောင်စုများအား ဩဂုတ်လ ၂၀ ရက်နံနက်ပိုင်းတွင် သတ်မှတ်ဈေးနှုန်းဖြင့်စားအုန်းဆီ ပိဿာ ၁၅၀၀ ကိုရောင်းချပေးကြောင်းသိရသည်။

မြို့နယ်ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းမှ အခြေခံအိမ်ထောင်စုဝင်များကိုအိမ်ထောင်စုတစ်စုလျှင် ဆီ ၅၀ ကျပ်သားရောင်းချပေးနေမှုကို မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အဖွဲ့ဝင်(၂) ဦးမြင့်နိုင်၊ မြန်အောင်ခရိုင် ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးမင်းဇော်ဦး၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးမှူး ဦးမြင့်အောင်၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရပ်မိရပ်ဖတို့က ကြည့်ရှုအားပေးကြသည်။

ဒေသခံပြည်သူများအား အခြေခံစားသောက်ကုန်ဖြစ်သည့် စားအုန်းဆီကိုသတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့်ဝယ်ယူနိုင်ရန် မြန်အောင်မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၊ မြန်အောင်ခရိုင်ဆီကုန်သည်နှင့်ဆီလုပ်ငန်းရှင်များအသင်း၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာနတို့၏ကြီးကြပ်မှုဖြင့် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ကုန်စုံဆိုင်များကို ဆီကိုယ်စားလှယ်ခြောက်ဦးတို့က သတ်မှတ်ရည်ညွှန်းဈေးနှုန်းဖြင့် အလှည့်ကျဖြန့်ဖြူးရောင်းချပေးလျက်ရှိကြောင်း သိရသည်။

ဝင်းမိုလ်(ပြန်/ဆက်)







ပုသိမ်-ဟသ်ာတ-ကြံခင်းရထားလမ်းပိုင်းတွင် ရေကြီးရေလျှံမှုဖြစ်စဉ်ကြောင့် ရထားလမ်းနှင့် တံတားများ ထိခိုက်ပျက်စီးမှုများအား စစ်ဆေးပြုပြင်ခဲ့မှုအခြေအနေကိုတွေ့ရစဉ်။




◆ **ရှေ့ဖုံးမှအဆက်**

ရေကျော်စီးဆင်းနေသောနေရာများတွင် ရေကင်းစောင့်ဝန်ထမ်းများ နေ့/ည မပြတ်တာဝန်ချထား၍စောင့်ကြည့်ခြင်း၊ ရေကျသွားသည့် ရထားလမ်းပိုင်းအတွင်း မြန်မာ့မီးရထားတာဝန်ရှိသူများနှင့် လုပ်သားများက သံလမ်းပြေးယာဉ် RGC များအသုံးပြု၍ ကျောက်များချခြင်း၊ ရထားလမ်းနှင့်တံတားများ၏ကြံ့ခိုင်ရေးလုပ်ငန်းများကို နေ့စဉ်စစ်ဆေးဆောင်ရွက်ခဲ့သည်။

ယခုအခါ ဩဂုတ်လ ၁၉ ရက် တိုင်းတာစစ်ဆေးချက်များအရ ဇရပ်လှ-ရေကြည်လမ်းပိုင်းအတွင်း သံလမ်းမျက်နှာပြင်အောက် ၁ လက်မခန့်အထိ ရေများပြန်လည်ကျဆင်းသွားပြီဖြစ်သဖြင့် ရထားလမ်းပိုင်းနှင့် တံတားကြံ့ခိုင်မှုများစစ်ဆေးမှုအရ ရထားများဖြတ်သန်းစေလွှတ်နိုင်ပြီဖြစ်၍ သံလမ်းပြေးယာဉ် RGC များဖြင့်စမ်းသပ်ပြေးဆွဲခဲ့ပြီး ဩဂုတ်လ ၁၉ ရက် နံနက် ၉ နာရီတွင် လမ်းပိုင်းပြန်လည်ဖွင့်လှစ်ခဲ့ပြီး ယနေ့မှစတင်၍ ပုသိမ်-ဟသ်ာတ-ကြံခင်း ရထားလမ်းပိုင်းတွင် ယာယီရပ်နားထားသော အမှတ်(၁၈၁)အဆန်လူစီးအမြန်ရထားကို ပုသိမ်မှကြံခင်းသို့လည်းကောင်း၊ အမှတ်(၁၈၂)အစုန်လူစီးအမြန်ရထားကို ဟသ်ာတမှပုသိမ်သို့လည်းကောင်း ပြေးဆွဲပေးခဲ့သည်။

ထို့အတူ ခရီးစဉ်အစအဆုံးဖြစ်သည့် ပုသိမ်-ဟသ်ာတ-ကြံခင်း အစုန်/အဆန်ရထားများကို ဩဂုတ်လ ၂၁ ရက်မှစတင်၍ ပုံမှန်အတိုင်းပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာ့မီးရထားအနေဖြင့် အများပြည်သူခရီးသွားလာမှုနှင့် ကုန်စည်ပို့ဆောင်မှုအဆင်ပြေချောမွေ့မြန်ဆန်စေရေးအတွက် ရထားလမ်းနှင့် အခြေခံအဆောက်အဦများ ပိုမိုတိုးတက်ကောင်းမွန်လာစေရေး၊ ရထားပို့ဆောင်ရေးစနစ် အဆင့်မြှင့်တင်ရေးစီမံကိန်းလုပ်ငန်းများကို ရည်မှန်းချက်ထားရှိ၍ အစဉ်တစိုက်အလေးထားစီမံဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

# ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ရန်ကုန်တိုင်းဒေသကြီး အထူးနည်းပြသင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး ရန်ကုန်တိုင်းဒေသကြီး အထူးနည်းပြသင်တန်းဖွင့်ပွဲအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးစိုးသိန်းနှင့် တာဝန်ရှိသူများ၊ ဗဟိုအဆင့်နည်းပြသင်တန်းဆင်းများ၊ သန်းခေါင်စာရင်းကောက်ယူနိုင်ရေး တိုင်းဒေသကြီးအထူးနည်းပြသင်တန်းသား/သင်တန်းသူ ဆရာ၊ ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးသန်းခေါင်စာရင်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ တိုင်းဒေသကြီးဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားပြီး သင်တန်းအတွက် လိုအပ်သည်များသုံးစွဲနိုင်ရန် ထောက်ပံ့ငွေများပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးသန်းခေါင်စာရင်း ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၊ တိုင်းဒေသကြီးသန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ သင်တန်းဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။



အဆိုပါသင်တန်းသို့ သင်တန်းသား ၁၂ ဦး၊ သင်တန်းသူ ၃၃ ဦးတို့တက်ရောက်ပြီး ဩဂုတ်လ ၃၀ ရက်အထိ ၁၀ ရက်ကြာဖွင့်လှစ်၍ နည်းပြများအနေဖြင့် ဗဟိုအဆင့်နည်းပြသင်တန်း တက်ရောက်ခဲ့ကြသောနည်းပြများက သန်းခေါင်စာရင်းဆိုင်ရာ အဓိကသဘောတရားများ၊ ဘာသာရပ်ဆိုင်ရာအကြောင်းအရာများနှင့်လက်တွေ့လေ့ကျင့်ခန်းများကို ထိရောက်လွယ်ကူသည့် နည်းလမ်းများဖြင့် ဆွေးနွေးပို့ချပေးပြီး အပြန်အလှန်ဆွေးနွေးခြင်း၊ ပဟေဠိအမေးအဖြေများ မေးမြန်းခြင်းတို့ကို လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်းနှင့် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်မှ ၁၅ ရက်အထိ ကောက်ယူမည့် ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအတွက်ဖွင့်လှစ်သော တိုင်းဒေသကြီး အထူးနည်းပြသင်တန်းဖြစ်ကြောင်း သိရသည်။

ဝန်းရံခ

## မြန်မာ့ပင်လယ်ပြင် အခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

(မိုး/ဇလ)

ကျန်းမာရေးဝန်ကြီးဌာန

အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ

| | | |
|---|---|---|
| ပထမပတ် | - | မိခင်နို့ စနစ်တကျတိုက်ကျွေးရေးရက်သတ္တပတ် |
| ဒုတိယပတ် | - | ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် |
| တတိယပတ် | - | ကိုယ်ဝန်ဆောင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ် |
| စတုတ္ထပတ် | - | အိုင်အိုဒင်းချို့တဲ့ရောဂါများ ပပျောက်ရေးရက်သတ္တပတ် |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# နတ်မောက်မြို့နယ်၌ မိုးမြေပဲအထွက်နှုန်းတိုးတက်ရေး ၁၀ ကေစံပြကွက်အား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင် ကြည့်ရှုစစ်ဆေး

နတ်မောက် ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့်အဖွဲ့သည် ယနေ့နံနက် ၉ နာရီတွင် နတ်မောက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန၏ မိုးမြေပဲအထွက်နှုန်းတိုးတက်ရေး ၁၀ ဧကစံပြကွက် တံခွန်တိုင်ကျေးရွာတွင် ကွင်းအမှတ်(၄၅၉) တောင်သူဦးဘိုညို၏ ဗီယက်နမ်မိုးမြေပဲစိုက်ခင်းအား ကြည့်ရှုခဲ့ကြသည်။




အဆိုပါ မိုးမြေပဲအထွက်နှုန်းတိုးတက်ရေးစံပြကွက်သို့ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တာဝန်ရှိသူများက ကြည့်ရှု၍ မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်က ဒေသခံတောင်သူများအား သီးနှံများအထွက်နှုန်းတိုးတက်စေရေး မြေဆီလွှာဖွံ့ဖြိုးတိုးတက်စေရေးအတွက် ပိုက်ဆန်လျှော်မျိုးစေ့စိုက်ပျိုး၍ အသုံးပြုကြရန် ရှင်းလင်းဆွေးနွေးခြင်းနှင့် တက်ရောက်လာကြသည့် တောင်သူများအား မြေပဲနှင့် ပဲမျိုးစုံရွက်ဖျန်းမြေဩဇာများ ပေးအပ်ခဲ့ပြီး တောင်သူများလိုက်နာရမည့် အချက်များအား မှာကြားခဲ့သည်။

ယင်းနောက် မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့တို့သည် နတ်မောက်မြို့နယ် စခန်းမကျေးရွာ Myanmar Sisal Co., Ltd. ၏ နာနတ်လျှော်စိုက်ခင်းများသို့ သွားရောက်ကြည့်ရှုခဲ့ရာ ကုမ္ပဏီမန်နေဂျာ ဦးကျော်ကျော်ဝင်းက ဒေသခံတောင်သူများနှင့် ပေါင်းစပ်ဆောင်ရွက်ထားသည့် နာနတ်လျှော်စိုက်ပျိုးထားရှိမှုအခြေအနေကိုရှင်းလင်းတင်ပြခဲ့သည်။ အဆိုပါစိုက်ခင်းများအား မကွေးတိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့တို့က လှည့်လည်ကြည့်ရှု၍ လိုအပ်သည်များအား မှာကြားခဲ့ကြောင်း သိရသည်။

လှဝင်း

## ၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများ တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရန် ကြေညာချက်

၂၀၂၄ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲအောင်မြင်သူများသည် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားနိုင်ရန်အတွက် မိမိတို့စာမေးပွဲဖြေဆိုခဲ့သော စာစစ်ဌာနကြီးကြပ်ရေးမှူးများ (အခြေခံပညာအထက်တန်းကျောင်းအုပ်ကြီးများ)ထံတွင် အမှတ်စာရင်း၊ အရည်အချင်းမှတ်တမ်းချုပ် ရမှတ်အဆင့်၊ တက္ကသိုလ်ဝင်ခွင့် လမ်းညွှန်စာအုပ်နှင့် တက္ကသိုလ်ဝင်ခွင့်လျှောက်ထားရမည့်ပုံစံစာအိတ်ကို ဩဂုတ်လ(၂၆)ရက် (တနင်္လာနေ့)မှစ၍ ကိုယ်တိုင်ထုတ်ယူကြရန်ဖြစ်ပါသည်။ အဆိုပါတက္ကသိုလ်ဝင်ခွင့်လျှောက်လွှာအိတ်ကို ဩဂုတ်လ (၂၆) ရက်မှ စက်တင်ဘာလ (၁၂) ရက်အထိ စနေနေ့၊ တနင်္ဂနွေနေ့နှင့် ရုံးပိတ်ရက်များအပါအဝင် (ပိတ်ရက်မရှိ) အောက်ပါတက္ကသိုလ်များတွင် လက်ခံမည်ဖြစ်ပါသည်-

(၁) မြစ်ကြီးနားတက္ကသိုလ်
(၂) ဘားအံတက္ကသိုလ်
(၃) ဟားခါးတက္ကသိုလ်
(၄) မုံရွာတက္ကသိုလ်
(၅) ရွှေဘိုတက္ကသိုလ်
(၆) စစ်ကိုင်းတက္ကသိုလ်
(၇) ထားဝယ်တက္ကသိုလ်
(၈) တောင်ငူတက္ကသိုလ်
(၉) ပြည်တက္ကသိုလ်
(၁၀) ပဲခူးတက္ကသိုလ်
(၁၁) မကွေးတက္ကသိုလ်
(၁၂) ပခုက္ကူတက္ကသိုလ်
(၁၃) မန္တလေးအဝေးသင်တက္ကသိုလ်
(၁၄) မိတ္ထီလာတက္ကသိုလ်
(၁၅) ကျောက်ဆည်တက္ကသိုလ်
(၁၆) မော်လမြိုင်တက္ကသိုလ်
(၁၇) စစ်တွေတက္ကသိုလ်
(၁၈) ရန်ကုန်အဝေးသင်တက္ကသိုလ်
(၁၉) တောင်ကြီးတက္ကသိုလ်
(၂၀) ကျိုင်းတုံတက္ကသိုလ်
(၂၁) ပုသိမ်တက္ကသိုလ်
(၂၂) ဟသ်ာတတက္ကသိုလ်
(၂၃) မအူပင်တက္ကသိုလ်

သတ်မှတ်ရက်ကျော်လွန်မှ လျှောက်ထားသူများသည် အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့သို့ ပေးပို့လျှောက်ထားရမည်။

အသေးစိတ်သိရှိလိုပါက အဆင့်မြင့်ပညာဦးစီးဌာန(ရန်ကုန်ရုံးခွဲ)၊ သထုံလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့၊ ဖုန်း- ၀၁၇-၅၀၃၁၄၇ သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

အဆင့်မြင့်ပညာဦးစီးဌာန

ပညာရေးဝန်ကြီးဌာန

# သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိတို့အတွက် အကျိုးပြုလမုတောများ

စာရေးသူသည် ဧရာဝတီတိုင်းသားဖြစ်သည့်အတွက် လမုပင်နှင့်မစိမ်းပါ။ ဧရာဝတီတိုင်းဒေသကြီးသည် မြစ်၊ ချောင်း၊ အင်း၊ အိုင်ပေါများသောဒေသဖြစ်သည့်အလျောက် မြစ်ကမ်းတစ်လျှောက်နှင့်ချောင်းရိုးတစ်လျှောက်တွင် လမုပင်များပေါက်ရောက်နေကြသည်။ စာရေးသူတို့ဒေသသည် လမုပင်ပေါသည်ဟုပင် ဆိုရပေမည်။ လမုပင်သည် သဘာဝပတ်ဝန်းကျင်နှင့် သက်ရှိတို့အတွက် အလွန်အသုံးဝင်သော အပင်မျိုးဖြစ်သည်။ လမုပင်သည် ပင်လယ်ရေလွှမ်းမိုးသော ဒီရေရောက်ဒေသများ၌ တွေ့ရသည်။ ထို့ကြောင့် လမုစေးသည် အလွန်ငန်သည်ဟု သိရသည်။ ဩစတြေးလျနိုင်ငံသားရေကြောင်းသိပ္ပံကျောင်းမှ ဇီဝဗေဒပညာရှင် ဒန်အလောင်ဂီကလည်း လမုပင်စေ့တွင် ဆိုဒီယမ်ကလိုရိုက် ၁၀ ဆခန့်ပါကြောင်းဆိုသည်။ ထို့ကြောင့် လမုစေးသည် ငန်သောအရသာရှိခြင်းဖြစ်ပေလိမ့်မည်။


**ပေါက်ရောက်ရှင်သန်ခြင်း**

လမုပင်သည် ရေချို၊ ရေငန် နှစ်မျိုးစလုံးတွင် ပေါက်ရောက်ရှင်သန်ကြသည်။ ဒ့ါအပြင်ရေစီးနှေးသော ရေချို၊ ရေငန်စပ်ဒေသများတွင်လည်း ပေါက်ရောက်တတ်သလို ရေဝပ်မြေများတွင်လည်း ပေါက်ရောက်လေ့ရှိသည်။ အလွန်အေးသောဒေသများတွင်မူ ပေါက်ရောက်ရှင်သန်မှုမရှိဘဲ အပူပိုင်းဒေသများနှင့် အပူလျော့ပိုင်းဒေသများ၌သာ အများအပြားပေါက်ရောက်ကြသည်၊ တချို့သော အရပ်ဒေသများသည် ရာသီဥတုဆိုးရွားလှသည်။ လမုပင်သည် ထိုကဲ့သို့ဆိုးရွားသောရာသီဥတုဒဏ်ကိုလည်းခံနိုင်ရည်ရှိသည်။ စာရေးသူတို့ဒေသသည် ရေချို၊ ရေငန်နှစ်မျိုးလုံးရှိသည်။ ထိုရေချိုရေငန်နှစ်မျိုးလုံး၌ပင်အများအပြားပေါက်ရောက်ရှင်သန်ကြသည်။ လမုပင်ကိုအမေရိကန်ပြည်ထောင်စုဒေသ၌တွေ့ရပြီး ထိုမှတစ်ဆင့် ဆားငန်ရေဝင်ရာဒေသများသို့ ပျံ့နှံ့လာဟန်ရှိကြောင်းသိရသည်။

တချို့က မြေထဲပင်လယ်အနီးတွင် ရှင်သန်ပေါက်ပွားကြပြီး ယနေ့တွေ့မြင်နေရသော လမုပင်များအဖြစ် တိုးတက်ပြောင်းလဲ၍ ပျံ့နှံ့လာသည်ဟုဆိုသည်။ ယခုအခါတွင် သမပိုင်းဒေသ မြောက်လတ္တီတွဒ် ၃၂ ဒီဂရီမှ တောင်လတ္တီတွဒ် ၃၈ ဒီဂရီအတွင်းရှိ ကမ္ဘာ့ဒေသများ၌ ပေါက်ရောက်ရှင်သန်ကြသည်။ ကမ္ဘာပေါ်တွင် လမုတောဧရိယာ ၁၈၀၀၀၀ စတုရန်းကီလိုမီတာရှိသည်ဟုလည်း သိရသည်။

**သဘာဝပတ်ဝန်းကျင်ကိုအကျိုးပြုပုံ**

လမုပင်များသည် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုကြသည်။ လမုပင်သည် အမြစ်များစွာရှိသည်။ ထိုအမြစ်များက ကာဗွန်ဒိုင်အောက်ဆိုက်ကို စုပ်ယူပြီး အောက်ဆီဂျင်ကို ထုတ်ပေးကြသည်။ လမုပင်များသည် ကမ္ဘာကြီးပူနွေးမှုကို ကာကွယ်ပေးနိုင်သည်။ ကမ္ဘာကြီးပူနွေးခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ဟုခေါ်သော ကာဗွန်ဓာတ်ငွေ့အပါအဝင် အခြားသော ဓာတ်ငွေ့များကြောင့် ဖြစ်သည်။ ကမ်းရိုးတန်းဒေသများ၌ ပေါက်ရောက်လျက်ရှိသော လမုတောတစ်ဟက်တာသည် ဖန်လုံအိမ်ဓာတ်ငွေ့ကိုဖြစ်ပေါ်စေသော ကာဗွန်ဒိုင်အောက်ဆိုက်ကို ၁၀၂၃ မီလီဂရမ် သိုလှောင်ထားနိုင်သည်ဟု ဆောင်းပါးတစ်ပုဒ်၌ စာရေးသူဖတ်လိုက်ရသည်။ ထို့ကြောင့် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုက်စုပ်ယူမှုများလေလေ ဖန်လုံအိမ်ဓာတ်ငွေ့လျော့နည်းလေလေဖြစ်သည်။ ထိုအခါ ကမ္ဘာကြီးပူနွေးမှုလည်း လျော့နည်းသွားမည်ဖြစ်သည်။ ဒါကြောင့်မို့ လမုတောများသည် သဘာဝပတ်ဝန်းကျင်ကိုအကျိုးပြုကြောင်း ထင်ရှားသည်။



ဒ့ါအပြင် အမြစ်များသည် လှိုင်းဒဏ်နှင့် ဒီရေလွှမ်းမိုးခြင်းကို ကာကွယ်ပေးသည်။ အများအားဖြင့် လှိုင်းဒဏ်ကြောင့် ကမ်းပါးပြိုခြင်း သို့မဟုတ် ကမ်းပါးတိုက်စားခြင်းကိုလည်း ကာကွယ်ပေးသည်။ လမုပင်ကြီးများသည် မြစ်၊ ချောင်းတို့၏လှိုင်းများ၏ရိုက်ခတ်မှု ကမ်းပါးဆီသို့မရောက်မီမှာပင် လှိုင်းရိုက်ခတ်မှုအား လျော့နည်းအောင်ဆောင်ရွက်ပေးနိုင်သည်။ လမုပင်များကိုကြည့်ပါက ကမ်းရိုးတန်း သို့မဟုတ် မြစ်ကမ်းစပ်များ၌ ကပ်၍ပေါက်နေခြင်းမဟုတ်ပါ။ ကမ်းစပ်နှင့်ခပ်ခွာခွာ လတာပြင်များ၌သာ အများအပြားပေါက်ရောက်နေကြသည်။ ထို့ကြောင့် ပြင်းထန်သောလှိုင်းများကိုကမ်းစပ်သို့ မရောက်အောင် လမုပင်များက တားဆီးပေးထားသောကြောင့် အရှိန်လျော့သွားဟန်တူသည်။ ထို့ပြင် လမုပင်များသည် ဂေဟစနစ်တည်ဆောက်ပုံနှင့် ရာသီဥတုလိုက်လျောညီထွေဖြစ်အောင်လည်း ဆောင်ရွက်ပေးကြောင်းသိရသည်။ လမုတောများသည် မုန်တိုင်း၏အရှိန်ကိုလည်းလျော့ကျစေသည်။

**သက်ရှိတို့အတွက် အကျိုးပြုသောလမုတော**

လမုပင်ပေါက်ရောက်ရာ နေရာရှိ မြေဆီလွှာသည် အမြဲရေဝပ်နေတတ်သည်ဟုဆိုသည်။ လမုပင်သည် အောက်ဆီဂျင်ထုတ်ပေးသည်ဟုလည်း အထက်တွင်ဖော်ပြပြီးဖြစ်သည်။ ဗက်တီးရီးယားပိုးများသည် ထိုလမုပင်ရှိ အောက်ဆီဂျင်ဓာတ်ကိုစားသုံးကြသည်။ လမုပင်ရှိ မြေဆီလွှာတွင် ဗက်တီးရီးယားများစွာ ရှင်သန်နေကြသည်။ ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်မြောက်ပိုင်းရှိ လမုပင်ရွှံ့ညွန်လက်ဖက်စားဇွန်း တစ်ဇွန်းတွင် ဗက်တီးရီးယားပေါင်း ၁၀ ဘီလီယံအထိ ပါဝင်ကြောင်း သိရသည်။ ထို့ကြောင့် လမုတောပေါက်ရောက်ရာ နေရာရှိ ရွှံ့ညွန်များသည် ဗက်တီးရီးယားပိုးများ ရှင်သန်ရာနေရာတစ်ခုပင်ဖြစ်သည်။

သက်ရှိတို့၏ ရှုပ်ထွေးလှသောဘဝဖြစ်စဉ်ကို လမုပင်၏အမြစ်များ၌တွေ့ရသည်ဟုဆိုသည်။ လမုပင်တွင် သက်ရှိသတ္တဝါအမျိုးမျိုး မှီခိုနေထိုင်ကြသည်။ ထို့ကြောင့် သက်ရှိတို့၏ ဂေဟစနစ်အတွက် လမုပင်သည် အကျိုးပြုသောအပင်တစ်မျိုးဖြစ်သည်။ လမုပင်ပတ်ဝန်းကျင်ရှိ ရွှံ့ညွန်များတွင်တွေ့ရသော ကဏန်း၊ ပုစွန်များနှင့်လက်မအကြီးတစ်ဖက်၊ အသေးတစ်ဖက်ရှိသော ကဏန်းကောင်များအတွက် လမုပင်သည် အရေးပါလှသည်။ ဒ့ါအပြင် လမုပင်ကိုမှီခိုနေကြသော အခြားသက်ရှိတို့မှာ ခရုအမျိုးမျိုး၊ ရွှံ့ညွန်လတာပြင်ပေါ်နှင့် သစ်ပင်ပေါ်တက်နိုင်သော ငါးဖျံကောင်လေးများ၊ အစိမ်းရောင်ရှိသော မြွေများနှင့် ဂျယ်လီငါးများဖြစ်သည်။ ဒ့ါအပြင် လမုပင်ပေါက်ရောက်ရာဒေသများ၌ ငါးပုစွန်များ သားပေါက်ခြင်း၊ မျိုးပွားဖို့ရာအသိုက်အမြုံများပြုလုပ်ရာနေရာလည်းဖြစ်သည်။ ထို့ပြင်လမုတောများသည် ရေသတ္တဝါတို့ကို အန္တရာယ်ပေးနိုင်သော ခဲနှင့်အာဆင်းနစ် အစရှိသည့် အဆိပ်အတောက်များကိုလည်း စုပ်ယူထားနိုင်စွမ်းရှိကြောင်း သိရသည်။

**လမုတောများမျိုးတုံးမည့်အန္တရာယ်**

ယခုအခါ ဒီရေရောက်တော ခေါ် လမုတောများသည် မျိုးတုံးလုအန္တရာယ်နှင့်ရင်ဆိုင်နေရသည်။ စက်မှုလက်မှုလုပ်ငန်းများမှစွန့်ပစ်လိုက်သော စွန့်ပစ်ဓာတုညစ်ညမ်းပစ္စည်းများက လမုပင်များကို ပျက်စီးစေသောအကြောင်းရင်းတစ်ရပ်ဖြစ်သည်။ ထို့ပြင် သဲသောင်မြေဧရိယာတိုးချဲ့ဖို့ရာ လမုပင်များကိုခုတ်ထွင်ရှင်းလင်းကြသည်။ စိုက်ပျိုးမြေဧရိယာချဲ့ထွင်ခြင်းနှင့်ပင်လယ်ကမ်းခြေ၌ ဆားချက်၍ ဆားကွင်းများပြုလုပ်ခြင်းကြောင့်လည်း လမုတောဧရိယာများ ကျဉ်းမြောင်းလာသည်။ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ကြီးက လွန်ခဲ့သော ၂၅ နှစ်ခန့်က လမုတောဟက်တာ ၃ ဒသမ ၆ သန်းခန့် ဆုံးရှုံးခဲ့ရသည်ဟုဆိုသည်။ ထိုသို့ဖြစ်ရခြင်းမှာ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ထင်းလောင်စာပြုလုပ်ရန်အသုံးပြုခုတ်ထွင်ကြခြင်းကြောင့်ဟု ဆိုသည်။ စာရေးသူတို့ဒေသမှာလည်း လမုပင်များကို ထင်းအဖြစ်ခုတ်ယူနေကြသည်ကို တွေ့ရသည့်အပြင် တချို့နေရာများ၌ မီးရှို့သည်ကိုလည်း စာရေးသူတွေ့ရသည်။

ဒီရေရောက်တော ခေါ် လမုတောများသည် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြုသလို ထိုသဘာဝပတ်ဝန်းကျင်ကြောင့်လည်း မျိုးတုံးသွားနိုင်သည်။ တစ်ခုနှင့်တစ်ခုအမှီသဟဲပြုနေကြသည်။ ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီဟု ဆိုရပေမည်။ ကမ္ဘာကြီးပူနွေး၍ ဝင်ရိုးစွန်းဒေသရှိ ရေခဲများထုထည်ကြီးမားစွာ အရည်ပျော်လာပါက ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာပေလိမ့်မည်။ ထိုအခါ ဒီရေရောက်တောခေါ် လမုတောများအစုလိုက်၊ အပြုံလိုက်မျိုးတုံးသွားစေနိုင်ကြောင်း သိရသည်။ ထို့ကြောင့် ကမ္ဘာကြီးပူနွေးမှုနှင့်လမုတောများ၊ လမုတောများနှင့် ကမ္ဘာကြီးပူနွေးမှုသည် အပြန်အလှန်ဆက်စပ်မှုရှိနေကြသည်။

အချုပ်အားဖြင့်ဆိုရသော် လမုတောများသည် သဘာဝပတ်ဝန်းကျင်ကို ထိန်းသိမ်းပေးကြောင်း ထင်ရှားသည်။ ဒ့ါအပြင်လည်းကုန်းနေ၊ ရေနေ သက်ရှိသတ္တဝါတို့နှင့် ဗက်တီးရီးယားပိုးမွှားတို့၏ ရှင်သန်ရာနေရာလည်းဖြစ်သည်၊ ထို့ကြောင့် လမုတောများသည် လူသားတို့အပေါ် ကျရောက်လာနိုင်သော သဘာဝဘေးအန္တရာယ်များကို ကာကွယ်ပေးနိုင်သလို ကမ္ဘာကြီးပူနွေးမှုကိုလည်း တားဆီးပေးနိုင်သည့်အပြင် ရေသတ္တဝါတို့၏အန္တရာယ်ဖြစ်သော အဆိပ်အတောက်များကိုလည်း စုပ်ယူထားနိုင်စွမ်းရှိသည်။ ထို့အတွက်ကြောင့် ဒီရေရောက်တော ခေါ် လမုတောများကို ကာကွယ်ထိန်းသိမ်းသွားကြရမည်ဖြစ်သည်။ ။

**လမုပင်များသည် သဘာဝပတ်ဝန်းကျင်ကို အကျိုးပြု၊ လမုပင်သည် အမြစ်များစွာရှိ၊ ထိုအမြစ်များက ကာဗွန်ဒိုင်အောက်ဆိုက်ကိုစုပ်ယူပြီး အောက်ဆီဂျင်ကို ထုတ်ပေး၊ လမုပင်များသည် ကမ္ဘာကြီးပူနွေးမှုကို ကာကွယ်ပေးနိုင်၊ ကမ္ဘာကြီးပူနွေးခြင်းသည် ဖန်လုံအိမ်ဓာတ်ငွေ့ဟု ခေါ်သော ကာဗွန်ဓာတ်ငွေ့အပါအဝင် အခြားသော ဓာတ်ငွေ့များကြောင့်ဖြစ် . . . . .**

**ကိုကျော်စွာ(ကျိုက်ပိ)**

# နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆီစက်လုပ်ငန်းများအောင်မြင်ရေး အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံ၏ပြည်ပစားသုံးဆီတင်သွင်းမှု လျော့ကျစေရေးနှင့် ပြည်တွင်းစားသုံးဆီဖူလုံစေရေးအတွက် ဆီထွက်သီးနှံများ ပိုမိုစိုက်ပျိုးထုတ်လုပ်ရန်လိုအပ်သကဲ့သို့ အရည်အသွေးကောင်းမွန်သည့် စားသုံးဆီများထုတ်လုပ်ရန် အဆင့်မီဆီစက်များလည်းလိုအပ်နေသဖြင့် ဆီစက်လုပ်ငန်းများဖွံ့ဖြိုးရေးချေးငွေစီမံခန့်ခွဲမှုလုပ်ငန်းအဖွဲ့ကို စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဆောင်ဖွဲ့စည်းပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။



ယင်းလုပ်ငန်းများအောင်မြင်ရေးအတွက် ချေးငွေစိစစ်ကြီးကြပ်ရေးနှင့် စောင့်ကြည့်လေ့လာသုံးသပ်ရေး (Monitoring and Evaluation) အဖွဲ့ခေါင်းဆောင်ဖြစ်သည့် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်သည် ယနေ့နံနက်ပိုင်းတွင် အဖွဲ့ဝင်ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်အတွင်း နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်နေသည့် ဆီစက်လုပ်ငန်းများကို ကွင်းဆင်းကြီးကြပ်စစ်ဆေးသည်။

ဦးစွာ အမြဲတမ်းအတွင်းဝန်နှင့်အဖွဲ့သည် မကွေးမြို့ရှိ **"မကွေးအမေစိန်"**ဆီစက်၊ **"ကောင်းသန့်"** ဆီစက်၊ **"အောင်စကြာ"** ဆီစက်နှင့် **"ရွှေပြည်"** ဆီစက်တို့သို့ သွားရောက်ပြီး ဆီစက်လုပ်ငန်းများလည်ပတ်နေမှုနှင့် ကုန်ကြမ်းသိုလှောင်ထားရှိမှုအခြေအနေများ၊ ချေးငွေထုတ်ယူပြီးစီးမှုအခြေအနေများ၊ ချေးငွေစီမံချက်ပါအတိုင်း ဆီစက်လုပ်ငန်းတွင် အမှန်တကယ်လိုက်နာသုံးစွဲမှု ရှိ/မရှိတို့ကို ကြီးကြပ်စစ်ဆေးရာ လုပ်ငန်းအခက်အခဲများအပေါ် သက်ဆိုင်ရာဌာနဆိုင်ရာများနှင့်အတူ ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(သတင်းစဉ်)

# တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ - ထိုင်း အမှတ်(၁) ချစ်ကြည်ရေးတံတားသို့ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုး သွားရောက်စစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးသည် ယမန်နေ့ မွန်းလွဲပိုင်းက တာချီလိတ်မြို့နှင့် မယ်ဆိုင်မြို့ကို ဆက်သွယ်ထားသည့် မြန်မာ-ထိုင်း အမှတ်(၁)ချစ်ကြည်ရေးတံတားသို့သွားရောက်ကာ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ဝင်ထွက်သွားလာနေမှုအခြေအနေများ၊ ခရီးသွားဧည့်သည်များဘေးကင်းလုံခြုံအဆင်ပြေလွယ်ကူချောမွေ့စွာ ဝင်ထွက်သွားလာနိုင်ရေး ပြင်ဆင်ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် တံတားပေါ်တွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာနမှ ဖွင့်လှစ်ထားသည့် သတင်းပြန်ကြားရေးကောင်တာသို့ သွားရောက်ကာ မြန်မာနိုင်ငံသို့လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များကို ခရီးစဉ်ဒေသဆိုင်ရာ အချက်အလက်များကို လွယ်ကူစွာသိရှိနိုင်ရန် ဆောင်ရွက်ထားမှုအခြေအနေများအား လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ဟိုတယ်နှင့်ခရီးသွားညွှန်ကြားမှုဦးစီးဌာန တာချီလိတ်ရုံးခွဲသို့သွားရောက်ကာရုံးအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ရုံးခွဲတွင် တာဝန်ထမ်းဆောင်နေကြသည့် အရာထမ်း၊ အမှုထမ်းများနှင့်တွေ့ဆုံ၍ ဝန်ထမ်းများအနေဖြင့် ရုံးလုပ်ငန်းများကို ကျွမ်းကျင်ရှိသာမက ဘာသာစကား၊ နည်းပညာနှင့် ခေတ်နှင့်လျော်ညီသည့် စွမ်းဆောင်ရည်များပြည့်ဝရန်၊ ဝန်ကြီးဌာနနှင့် နိုင်ငံ့အကျိုးကိုသယ်ပိုးနိုင်သော ဝန်ထမ်းကောင်းများဖြစ်ရန် စဉ်ဆက်မပြတ် ကြိုးစားလေ့လာသင်ယူကြရန် တိုက်တွန်းပြောကြားခဲ့ကြောင်း သိရသည်။

(၅၀၀)




| မြို့ | အနိမ့်ဆုံး | / | အမြင့်ဆုံးအပူချိန် |
|---|---|---|---|
| နေပြည်တော် | ၂၅˚C | / | ၃၁.၆˚C |
| ရန်ကုန် | ၂၄˚C | / | ၃၀.၀˚C |
| မန္တလေး | ၂၇˚C | / | ၃၆.၀˚C |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

# အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့် စာစီစာကုံးပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၀

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁၃ ရက်တွင်ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ သဘာဝဘေးအန္တရာယ် ထိခိုက်ဆုံးရှုံးနိုင်ခြေလျှော့ချရေးနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် အလွတ်တန်းအဆင့် ဆောင်းပါးပြိုင်ပွဲ၊ တက္ကသိုလ်အဆင့် ပန်းချီပြိုင်ပွဲနှင့် အခြေခံပညာအဆင့်စာစီစာကုံးပြိုင်ပွဲတို့ကို **"အနာဂတ်မှာ ကြံ့ကြံ့ခံနိုင်ဖို့ မျိုးဆက်သစ်တို့စွမ်းအားမြှင့်တင်စို့"** ခေါင်းစဉ်ဖြင့် ကျင်းပသွားမည်ဖြစ်ပြီး ဆုရရှိသူများအား နေပြည်တော်၌ကျင်းပမည့် အထိမ်းအမှတ်အခမ်းအနားနေ့တွင် ဆုငွေနှင့် ဆုတံဆိပ်များချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် မိုးတိမ်တောင်များဖြစ်ထွန်းလျက်ရှိသည်။

(မိုး/ဇလ)

# ၂၀၂၄ ခုနှစ် ဩဂုတ်လ တတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် ဩဂုတ် ၂၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်း (၁)ကြိမ်ဖြစ်ပေါ်နိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအနည်းငယ်မှ အားအသင့်အတင့်ရှိနိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး (အနောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ရွာသွန်းမြဲအောက်လျော့နည်းနိုင်ကာ နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့်မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့တွင် ၅ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့နှင့် ရွှေကူမြို့တို့တွင် ပေဝက်မှ ၁ ပေခန့်နှင့် ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်ပြီး ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့နှင့် မြင်းမူမြို့တို့တွင် ၁ ပေမှ ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ၃ ပေမှ ၄ ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ၂ ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တွင် ပေဝက်ခန့်စီ၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ၁ ပေမှ ၁ ပေခွဲခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ၂ ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်များအထက်မြင့်တက်လာနိုင်ပြီး ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ပေဝက်ခန့်၊ ဝေန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ၁ ပေမှ ၂ ပေခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်သည်။

(မိုး/ဇလ)

# ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အစီအစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး(အနောက်)ရှိ မြို့နယ်များအတွက် မျိုးစေ့ချကိရိယာ (Drum Seeder) များ ထောက်ပံ့ပေးအပ်

ပြည် ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် ယမန်နေ့နံနက်ပိုင်းက ပြည်မြို့တည်ဆောက်ရေး(၂) အစည်းအဝေးခန်းမ၌ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ အစီအစဉ်ဖြင့် ပဲခူးတိုင်းဒေသကြီး(အနောက်)ရှိမြို့နယ်၁၄ မြို့နယ်အတွက် မျိုးစေ့ချကိရိယာ (Drum Seeder) များ ထောက်ပံ့ပေးအပ်ပွဲသို့ တက်ရောက်ခဲ့သည်။




ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် စပါးသီးနှံပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိရေး လက်ဆွဲကောက်စိုက်စက်နှင့် မျိုးစေ့ချကိရိယာ (Drum Seeder)များ ဝယ်ယူဖြန့်ဖြူးထောက်ပံ့ပေးခြင်းအပြင် ဒေသတွင်းမှလည်း စဉ်ဆက်မပြတ်ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ယခုဖြန့်ဖြူးပေးသည့် မျိုးစေ့ချကိရိယာ(Drum Seeder)များသည် ပဲခူးတိုင်းဒေသကြီးပန်းတောင်းမြို့နယ် ဆင်တဲအကြီးစားစက်ရုံမှ ပြည်တွင်းဖြစ် ထုတ်လုပ်သည့်ကိရိယာဖြစ်ကာ တောင်သူများလက်ဝယ်အရောက် ဖြန့်ဖြူးပေးခြင်းဖြင့် ကြဲခင်းစနစ်ပပျောက်ပြီး ပန်းတိုင်အထွက်နှုန်းရရှိကာ နိုင်ငံ့စီးပွားမြှင့်တင်ရေးရည်မှန်းချက်အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သာယာဝတီခရိုင်အတွင်းရှိမြို့နယ်ခြောက်မြို့နယ်အတွက် မျိုးစေ့ချကိရိယာ (Drum Seeder) ၂၁၄ ခု၊ နတ်တလင်းခရိုင်အတွင်းရှိ မြို့နယ်လေးမြို့နယ်အတွက် မျိုးစေ့ချကိရိယာ (Drum Seeder) ၁၄၃ ခု၊ ပြည်ခရိုင်အတွင်းရှိမြို့နယ်လေးမြို့နယ်အတွက် မျိုးစေ့ချကိရိယာ (Drum Seeder) ၁၄၃ ခု စုစုပေါင်းမျိုးစေ့ချကိရိယာ (Drum Seeder) ၅၀၀ ခုအား သက်ဆိုင်ရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများထံ လွှဲပြောင်းပေးအပ်ခဲ့ပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြို့နယ်အလိုက် လွှဲပြောင်းပေးအပ်မည့် မျိုးစေ့ချကိရိယာ (Drum Seeder)များအား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ကြဲခင်းစနစ်ပပျောက်ရေးနှင့် စပါးသီးနှံပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် ဇွန်လ ၈ ရက်နှင့် ဇူလိုင်လ ၉ ရက်တို့တွင် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၂၈ မြို့နယ်အတွက် လက်ဆွဲကောက်စိုက်စက်အစီးရေ ၁၀၀ အား ထောက်ပံ့ပေးအပ်ခဲ့ပြီး ယခုအခါ မျိုးစေ့ချကိရိယာ (Drum Seeder) ၁၀၀၀ ခုအား ထပ်မံထောက်ပံ့ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။ (၄၀၁)၊ တင်စိုး(ပဲခူး)

# ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေးရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကျင်းပ



စစ်တွေ ဩဂုတ် ၂၀

ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ(၂၀၂၄)ခုနှစ် ပြည်နယ်အဆင့် အထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ခိုင်သဇင်ခန်းမ၌ ကျင်းပရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ပြည်နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ လူမှုရေးအဖွဲ့အစည်းများ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကျောင်းသား၊ ကျောင်းသူများ၊ မိခင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ်က ကိုယ်ဝန်ဆောင်မိခင်များ၊ နို့တိုက်မိခင်များ၊ မွေးကင်းစကလေးများနှင့် အသက်ငါးနှစ်အောက်ကလေးများသည် အာဟာရချို့တဲ့မှုကို ထိခိုက်ခံစားလွယ်သည့် အုပ်စုများဖြစ်ကြောင်း၊ အာဟာရအသိပညာပေးလုပ်ငန်းများဖြစ်သည့် အာဟာရချက်ပြုတ်သရုပ်ပြခြင်း၊ ဖြည့်စွက်စာနှင့်ပတ်သက်သည့် နှစ်သိမ့်ဆွေးနွေးအသိပညာပေးလုပ်ငန်းများဆောင်ရွက်ခြင်း၊ အာဟာရချို့တဲ့သော ကလေးသူငယ်များနှင့် ကိုယ်ဝန်ဆောင်အမျိုးသမီးများအား စောစီးစွာရှာဖွေကုသပေးခြင်း အစရှိသော လုပ်ငန်းများတွင် နီးနွှယ်ဌာနဆိုင်ရာများနှင့်လူမှုအဖွဲ့အစည်းများ၊ ပြည်သူများက ပူးပေါင်းပါဝင်ဆောင်ရွက်ပြီး ပြည်သူများ၏ အာဟာရအဆင့်အတန်းကို မြှင့်တင်ရာတွင် ကူညီဆောင်ရွက်ပေးကြရန်လိုကြောင်း၊ နိုင်ငံတော်အနေဖြင့်လည်း နှစ်စဉ်ဩဂုတ်လရောက်တိုင်း ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်နှင့် အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်များ အဖြစ်သတ်မှတ်ပြီး ဗဟိုအဆင့်၊ တိုင်းအဆင့်၊ မြို့နယ်အဆင့် လှုပ်ရှားမှုများ ဆောင်ရွက်ကာ ပြည်သူလူထုအတွင်း အာဟာရနှင့်ပတ်သက်၍ စိတ်ပါဝင်စားမှုများ ပိုမိုတိုးတက်အောင် လုပ်ဆောင်ပေးနေကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာကြည်လွင်က အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ်များ ကျင်းပရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက စံပြနို့တိုက်မိခင်ဆု၊ အာဟာရသားကောင်းမိခင်စံပြဆု၊ ကျန်းမာပြည့်ဝအာဟာရကလေးစံပြဆု၊ ဘဝရှေ့ဆောင်ရက်(၁၀၀၀) စံပြဆုနှင့် ကျန်းမာဉာဏ်ရွှင်သားကောင်းမိခင်ဆုရရှိကြသော မိခင်များနှင့် ကလေးများအား ဆုများပေးအပ်ချီးမြှင့်ကြကာ ကမ္ဘာ့မိခင်နို့တိုက်ကျွေးရေး ရက်သတ္တပတ်အသိပညာပေး Video Clip ကိုပြသသည်။

အခမ်းအနားအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အသက်ငါးနှစ်အောက်ကလေးများအား အင်အားပြည့်ဗီတာမင်အေဆေးလုံး တိုက်ကျွေးကာ အမှတ်တရလက်ဆောင်များ ပေးအပ်ကြပြီး ကိုယ်ဝန်ဆောင်မိခင်များအား အဏုအာဟာရဆေးပြားနှင့် အာဟာရလက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည်ကျောင်းသား၊ ကျောင်းသူလေးများက ခန္ဓာကိုယ်ကြီးထွားစေသော အစားအစာများအား ခင်းကျင်းပြသခြင်းနှင့် စနစ်တကျလက်ဆေးနည်းများ သရုပ်ပြသမှုတို့ကို လှည့်လည်ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုချီးမြှင့်ငွေများပေးအပ်ခဲ့ကြောင်း သိရသည်။ တင်ထွန်း(ပြန်/ဆက်)

ဓာတ်ပုံ- ဝင်းမင်းစိုး

# တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးစပါး စိုက်ဧက ၂၂၂၇၁၇ လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၈ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီး

ထားဝယ် ဩဂုတ် ၂၀

၂၀၂၄-၂၀၂၅ ခုနှစ်တွင် တနင်္သာရီတိုင်းဒေသကြီးအတွင်း မိုးစပါးစိုက်ဧက ၂၂၂၇၁၇ လျာထားဆောင်ရွက်လျက်ရှိရာ ယခုအခါ ၈၈ ရာခိုင်နှုန်းကျော်ပြီးစီးနေပြီဖြစ်ကြောင်း တနင်္သာရီတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူတစ်ဦးကပြောကြားသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိခရိုင်လေးခရိုင် မြို့နယ် ၁၀ မြို့နယ်၌ စုစုပေါင်း မိုးစပါးစိုက်ဧက၂၂၂၇၁၇ လျာထားဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၁၅ ရက်အထိ ၁၉၇၄၄၁ ဧက၊ ရာခိုင်နှုန်းအနေဖြင့် ၈၈ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

တနင်္သာရီတိုင်းဒေသကြီးအတွင်း ယခုနှစ်မိုးစပါးစိုက်ပျိုးရာသီ၌ စပါးအထွက်နှုန်း တိုးတက်မြင့်တက်စေရန်အတွက် မိုးကောင်းသောက်ရေယာများအနေဖြင့် စုစုပေါင်း ၂၂၂၇၁၇ ဧက လျာထားဆောင်ရွက်ခဲ့ရာ ယခုဩဂုတ်လ ၁၉ ရက်အထိ ထားဝယ်ခရိုင်တွင် ၉၆၉၃၂ ဧက၊ မြိတ်ခရိုင်တွင် ၉၉၅၁၉ ဧက၊ ဘုတ်ပြင်းခရိုင်တွင် ၆၃၂ ဧကနှင့် ကော့သောင်းခရိုင်တွင် ၃၅၈ ဧက စုစုပေါင်း ၁၉၇၄၄၁ ဧက ရာခိုင်နှုန်းအနေဖြင့် ၈၈ ရာခိုင်နှုန်းကျော် စိုက်ပျိုးပြီးစီးနေကြောင်း တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။(၄၁၂)



# စက္ကူစက်ရုံ (ရေနီ) အား ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ကြည့်ရှုစစ်ဆေး



နေပြည်တော် ဩဂုတ် ၂၀

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့ညနေပိုင်းတွင် ပဲခူးတိုင်းဒေသကြီး ရေနီမြို့ရှိ စက္ကူစက်ရုံ(ရေနီ)သို့ရောက်ရှိရာ တစ်နေ့တန်(၂၀) ထုတ်လုပ်နိုင်သည့် ထုပ်ပိုးစက္ကူစက်ရုံ ပြန်လည်လည်ပတ်နိုင်ရေးအတွက် စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်နေမှု၊ စစ်ဆေးပြုပြင်ပြီး စက်ကိရိယာများ စမ်းသပ်လည်ပတ်မောင်းနှင်နေမှု၊ အလိုအလျောက်ထိန်းချုပ်မောင်းနှင်သည့်စနစ်များ စစ်ဆေးပြုပြင်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက်ပြည်ထောင်စုဝန်ကြီးက ကုန်ကြမ်းပစ္စည်းများအား စနစ်တကျသန့်စင်ပြီးမှသာ သုံးစွဲရန်၊ ကုန်ကြမ်းသန့်စင်မှုမရှိလျှင် ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက်တွင်လည်း ချွတ်ယွင်းမှုများ ဖြစ်ပေါ်လာနိုင်ပြီး ကုန်ချောများ၏ အရည်အသွေးကိုလည်း ထိခိုက်နိုင်မည်ဖြစ်သဖြင့် စနစ်တကျစစ်ဆေးပြီးမှသာ အသုံးပြုရန်၊ စက်ပစ္စည်းစစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ တိတိကျကျလိုက်နာဆောင်ရွက်ရန်၊ စက်ပစ္စည်းများကို ရေရှည်အသုံးပြုနိုင်အောင် စနစ်တကျဆောင်ရွက်ရန်၊ စက်ရုံလည်ပတ်၍ ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော စက်ပစ္စည်းကိရိယာများကို အမြန်ဆုံးဝယ်ယူဖြည့်တင်းရန်၊ စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများပြီးစီး၍ စဉ်ဆက်မပြတ်လည်ပတ်ထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော ကုန်ကြမ်းပစ္စည်းများနှင့် စက်အရန်ပစ္စည်းများကို ပြည့်စုံစွာဖြည့်တင်းထားရန်၊ စစ်ဆေးပြုပြင်ပြီးစီးသည့်စက်ပစ္စည်းကိရိယာများအား သံချေးတက်ခြင်း၊ ပျက်စီးဆုံးရှုံးမှုမရှိစေရေးအတွက် ဆေးများ ပြန်လည်သုတ်ထားရန်၊ ထုတ်လုပ်မှုနည်းစဉ်တစ်လျှောက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ထားရန်၊ ကုန်ထုတ်လုပ်မှုနည်းစဉ်များနှင့်ပတ်သက်၍ မွမ်းမံသင်တန်းများ ဖွင့်လှစ်နိုင်ရေး စီမံဆောင်ရွက်ရန်၊ စက်ပစ္စည်းကိရိယာများ စစ်ဆေးပြုပြင်ခြင်းလုပ်ငန်းများနှင့်ပတ်သက်၍ လုပ်ငန်းခွင်မပြတ် ဆင့်ပွားသင်တန်းများပြုလုပ်ပေးရန် မှာကြားခဲ့ကြောင်း သိရသည်။ **(သတင်းစဉ်)**

# ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်ပေါင်းစုံ(ဇုန်-၁)အုပ်စုအဆင့် ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ






နေပြည်တော် ဩဂုတ် ၂၀

ကျန်းမာရေးဝန်ကြီးဌာန ဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်ပေါင်းစုံ(ဇုန်-၁) အုပ်စုအဆင့်ဘောလုံးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်ရှိ သုဝဏ္ဏဘောလုံးအားကစားကွင်း၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲသို့ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်ဝန်ကြီးများ၊ ကျန်းမာရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ ရန်ကုန်တိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးရှိဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်များမှ ပါမောက္ခချုပ်များ၊ ပါမောက္ခ/ ဌာနမှူးများ၊ သင်ကြားရေးဆရာ၊ ဆရာမများ၊ ဘောလုံးအားကစားအသင်း အုပ်ချုပ်သူများနှင့် အားကစားသမားများ၊ သက်ဆိုင်ရာတက္ကသိုလ်များမှ ကျောင်းသား၊ ကျောင်းသူများနှင့် သူနာပြု/သားဖွားသင်တန်းသား၊ သင်တန်းသူများ တက်ရောက်ခဲ့ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ၂၀၂၄ ခုနှစ် ဒီဇင်ဘာလတွင် နိုင်ငံတော်အဆင့် ကျင်းပမည့် ပဉ္စမအကြိမ်မြောက် အမျိုးသားအားကစားပွဲတော်နှင့် ၂၀၂၄ ခုနှစ် စက်တင်ဘာလတွင် နေပြည်တော်၌ ကျင်းပမည့် ဝန်ကြီးဌာနပေါင်းစုံ တက္ကသိုလ်များ ဘောလုံးပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်နိုင်ရေးအတွက် ယခုကဲ့သို့ကျန်းမာရေးဝန်ကြီးဌာနလက်အောက်ရှိဆေးတက္ကသိုလ်များနှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်ပေါင်းစုံ (ဇုန်-၁) အုပ်စုအဆင့် ဘောလုံးပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊ တက္ကသိုလ် ကျောင်းသား၊ ကျောင်းသူများ အချင်းချင်း စည်းလုံးညီညွတ်မှုရရှိရေးနှင့် ဘောလုံးကစားခြင်းကို ပိုမိုစိတ်ဝင်စားမှုများလာစေရန် ယခုပြိုင်ပွဲကိုကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်ပေါင်းစုံ ဘောလုံးပြိုင်ပွဲကျင်းပရေး ကော်မတီနာယကပြည်ထောင်စုဝန်ကြီးက ဘောလုံးပြိုင်ပွဲကို စတင်ဖွင့်လှစ်ပေးပြီး ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က အလှူငွေကျပ်သိန်း ၆၀ ကိုလည်းကောင်း၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌကိုယ်စား ဒုတိယဥက္ကဋ္ဌက အလှူငွေကျပ်သိန်း ၅၀ နှင့် ဘောလုံးအလုံး ၅၀ ကိုလည်းကောင်း ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က ပြိုင်ပွဲဝင်အားကစားသမားများကို လိုက်လံနှုတ်ဆက်၍ ပြည်ထောင်စုဝန်ကြီးက ဘင်ခရာအဖွဲ့နှင့် ပန်းဖွားအဖွဲ့တို့ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝန်ကြီးချုပ်က ဖျော်ဖြေရေးအဖွဲ့များကိုလည်းကောင်း ဆုငွေများချီးမြှင့်ပေးခဲ့ပြီး ဘောလုံးပြိုင်ပွဲကို ကြည့်ရှုအားပေးခဲ့ကြသည်။ ယနေ့နံနက်ပိုင်းတွင် ဇုန်(၁) အုပ်စုပွဲစဉ်(၁)အဖြစ် ဆေးတက္ကသိုလ်(၁) ရန်ကုန်အသင်းနှင့် ဆေးဝါးတက္ကသိုလ်အသင်းတို့ ယှဉ်ပြိုင်ကြရာ ဆေးတက္ကသိုလ်(၁) ရန်ကုန်အသင်းက ဆေးဝါးတက္ကသိုလ်အသင်းကို ၅ ဂိုး ၁ ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

ဆေးတက္ကသိုလ်နှင့် ဆေးပညာနှီးနွှယ်တက္ကသိုလ်အသီးသီး၏ အသင်းလိုက်ပတ်လည် ဘောလုံးပြိုင်ပွဲများကို ဇုန်(၂)ခုခွဲ၍ ကျင်းပသွားမည်ဖြစ်ပြီး ဇုန်(၁)ပြိုင်ပွဲများကို ရန်ကုန်မြို့၌ ဩဂုတ်လ ၂၀ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ ဇုန်(၂)ပြိုင်ပွဲများကို နေပြည်တော်၌ ဩဂုတ်လ ၂၃ ရက်မှ ၂၅ ရက်အထိလည်းကောင်း၊ ဆီမီးဖိုင်နယ်နှင့် ဖိုင်နယ်ပွဲစဉ်များကို နေပြည်တော်၌လည်းကောင်း ယှဉ်ပြိုင်သွားကြမည်ဖြစ်ကြောင်း သိရသည်။ (၅၀၀)

## ၂၀၂၄ ခုနှစ် ပြည်နယ်နှင့်တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲကျင်းပမည်

နေပြည်တော် ဩဂုတ် ၂၀

အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာန အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံပြေးခုန်ပစ်အဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၄ ခုနှစ် ပြည်နယ်နှင့် တိုင်းဒေသကြီး အသက် ၁၈ နှစ်အောက် ပြေးခုန်ပစ်ပြိုင်ပွဲ"အား ဩဂုတ်လ ၂၃ ရက်မှ ၂၆ ရက်အထိ နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲဝင် အမျိုးသား ၁၅ သင်း၊ အမျိုးသမီး ၁၅ သင်း ဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်၍ အားကစားကို စိတ်ပါဝင်စားသည့်မိဘပြည်သူများအနေဖြင့် မည်သူမဆို(အခမဲ့) လာရောက်ကြည့်ရှုအားပေးနိုင်ကြောင်းသိရသည်။ **(သတင်းစဉ်)**

# ၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ် ကျပန်းစကားပြောပြိုင်ပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင် တက်ရောက်



နေပြည်တော် ဩဂုတ် ၂၀

ကမ္ဘာ့နိုင်ငံပေါင်း ၁၅၉ နိုင်ငံဖြင့် ပါဝင်ဖွဲ့စည်းထားသော ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်စဉ်စက်တင်ဘာလ ၂၇ ရက်ကို "ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့" အဖြစ်သတ်မှတ်ထားပြီး အဖွဲ့ဝင်နိုင်ငံများက ယင်းနေ့တွင် အခမ်းအနားများ ကျင်းပလေ့ရှိရာ မြန်မာနိုင်ငံအနေဖြင့်လည်း အဖွဲ့ဝင်နိုင်ငံတစ်နိုင်ငံဖြစ်သည်နှင့်အညီ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ကို စက်တင်ဘာလ ၂၇ ရက်တွင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်၍ ၎င်းနေ့အထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ဝန်ကြီးဌာနမှ အရာထမ်း/ အမှုထမ်းများ၊ အကဲဖြတ်ဒိုင်အဖွဲ့ဝင်များ၊ ပြိုင်ပွဲဝင်ကျောင်းသား/ ကျောင်းသူများနှင့် အုပ်ထိန်းသူ ဆရာ/ ဆရာမများတက်ရောက်ကြပြီး နယ်ရုံးခွဲများမှ အရာထမ်း/ အမှုထမ်းများက Video Conferencing စနစ်ဖြင့် တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားကို ယခုနှစ်အတွက် Georgia နိုင်ငံက အိမ်ရှင် Host Country အဖြစ် ကျင်းပသွားမည်ဖြစ်ကြောင်း၊ အလားတူ မြန်မာနိုင်ငံအနေဖြင့် ၂၀၁၂ ခုနှစ်မှစတင်၍ ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အထိမ်းအမှတ်အခမ်းအနားများကို ကျင်းပလာခဲ့ရာ ယခုနှစ်အပါအဝင် (၁၃)ကြိမ်ရှိပြီဖြစ်ကြောင်း၊ ကုလသမဂ္ဂခရီးသွားလုပ်ငန်းအဖွဲ့ချုပ်အနေဖြင့် နှစ်အလိုက်ဆောင်ပုဒ်များကိုသတ်မှတ်ပေးလေ့ရှိပြီး ယခုနှစ်အတွက်ဆောင်ပုဒ်မှာ Tourism and Peace ဖြစ်ရာ ဝန်ကြီးဌာနအနေဖြင့် "ခရီးသွားနှင့်ငြိမ်းချမ်းရေး လက်တွဲတူယှဉ်ဖော်ဆောင်ပေး" ဟု အဓိပ္ပာယ်ဖွင့်ဆို၍ ဆောင်ပုဒ်အားသတ်မှတ်ထားကြောင်း။

၂၀၂၄ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ အထိမ်းအမှတ်အဖြစ် ကျပန်းစကားပြောပြိုင်ပွဲ၊ စာစီစာကုံးပြိုင်ပွဲ၊ ဆောင်းပါးပြိုင်ပွဲများနှင့် ဓာတ်ပုံပြပွဲ၊ ခရီးသွားမြှင့်တင်ရေး Short Video Clip ပြိုင်ပွဲတို့ကို စီစဉ်ကျင်းပမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ကျပန်းစကားပြောပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌက ပြိုင်ပွဲနှင့်ပတ်သက်သော စည်းကမ်းသတ်မှတ်ချက်များ၊ အမှတ်ပေးအစီအစဉ်များအား ရှင်းလင်းပြောကြားပြီး ပြိုင်ပွဲဝင်များက ငြိမ်းချမ်းရေးအတွက် ခရီးသွားလုပ်ငန်း၏အခန်းကဏ္ဍ၊ ယဉ်ကျေးမှုဖလှယ်ရေး သို့မဟုတ် ခရီးသွားခြင်းဖြင့် ငြိမ်းချမ်းရေးကိုမြှင့်တင်ခြင်း၊ အားလုံးပါဝင်သော ခရီးသွားလုပ်ငန်း၊ ငြိမ်းချမ်းရေးပေါင်းကူး သို့မဟုတ် ခရီးသွားခြင်းဖြင့် နားလည်မှုနှင့်ညီညွတ်မျှတမှုများကိုတည်ဆောက်ခြင်း၊ ကမ္ဘာ့ငြိမ်းချမ်းရေးကိုအထောက်အကူပြုနေသည့် ခရီးသွားလုပ်ငန်း စသည့်ခေါင်းစဉ်ငါးခုကို မဲနှိုက်ရွေးချယ်၍ ကျရာခေါင်းစဉ်များဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ (မဝ)

# ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပေါင်းစုံမိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့များ၏ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အချက်အပြုတ်သရုပ်ပြပြိုင်ပွဲကျင်းပ




ရန်ကုန် ဩဂုတ် ၂၀

ရန်ကုန်တိုင်းဒေသကြီး ခရိုင်ပေါင်းစုံမိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့များမှ ကိုယ်ဝန်ဆောင်မိခင်နှင့် နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အချက်အပြုတ်သရုပ်ပြပြိုင်ပွဲနှင့် အာဟာရကျွေးမွေးခြင်းအခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီး၊ တိုင်းဒေသကြီးနှင့်ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်မှု ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးအမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌများနှင့် ပြိုင်ပွဲဝင်များတက်ရောက်ကြသည်။

ရှေးဦးစွာ တာဝန်ရှိသူတစ်ဦးက ပြိုင်ပွဲနှင့်ပတ်သက်သည့် စည်းမျဉ်း၊ စည်းကမ်းများကိုရှင်းလင်းတင်ပြပြီး ပြိုင်ပွဲကိုစတင်ကျင်းပရာ သတ်မှတ်ထားသောခရိုင်ကိုယ်စားပြုအဖွဲ့ ငါးဖွဲ့တို့က သရုပ်ပြချက်ပြုတ်ပြိုင်ပွဲဝင်ကြကာ ချက်ပြုတ်ပြီးသောအာဟာရများကို ကိုယ်ဝန်ဆောင်မိခင်နှင့်နို့တိုက်မိခင်များ အာဟာရဖွံ့ဖြိုးရေးရက်သတ္တပတ် အထိမ်းအမှတ်အဖြစ် အာဟာရကျွေးမွေးကြသည်။

ဆက်လက်၍ ဆုချီးမြှင့်ခြင်းပွဲအခမ်းအနားကိုကျင်းပရာ ပထမဆုရရှိသော အဖွဲ့(၃) သဃ်န်းကျွန်းခရိုင်နှင့် မှော်ဘီခရိုင်အသင်းအား ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေး အဖွဲ့နာယက တိုင်းဒေသကြီးဝန်ကြီးချုပ်၏ဇနီးက ငွေသားဆုများချီးမြှင့်ပြီး စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

အဆိုပါပြိုင်ပွဲကို ခရိုင် ၁၄ ခုမှ ငါးဖွဲ့ခွဲပြီးယှဉ်ပြိုင်ကြရာ အဖွဲ့ (၁) လှည်းကူးခရိုင်၊ မရမ်းကုန်းခရိုင်၊ အလုံခရိုင်အသင်း၊ အဖွဲ့ (၂) သန်လျင်ခရိုင်၊ ဒဂုံမြို့သစ်ခရိုင်၊ ကျောက်တံတားခရိုင်အသင်း၊ အဖွဲ့(၃) သဃ်န်းကျွန်းခရိုင်၊ မှော်ဘီခရိုင်အသင်း၊ အဖွဲ့(၄) ကမာရွတ်ခရိုင်၊ ဗိုလ်တထောင်ခရိုင်၊ တွံတေးခရိုင်အသင်း၊ အဖွဲ့ (၅) အင်းစိန်ခရိုင်၊ မင်္ဂလာဒုံခရိုင်၊ တိုက်ကြီးခရိုင်အသင်းစသည့် အသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ (မဝ)

# လွိုင်ကော်မြို့ရှိ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံ

နေပြည်တော် ဩဂုတ် ၂၀

ကယားပြည်နယ်၊ လွိုင်ကော်မြို့ရှိ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအား ယနေ့နံနက်ပိုင်းတွင် အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ်နှင့် တာဝန်ရှိသူများက လွိုင်ကော်တပ်နယ်ခန်းမ၌ သွားရောက်တွေ့ဆုံကြသည်။

ဦးစွာ တိုင်းမှူးက အမှာစကားပြောကြားပြီး ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များအတွက် ဆန်၊ ဆီ၊ ကြက်ဥနှင့် အာလူးများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များ၏ တင်ပြချက်များအပေါ် ပြန်လည်ဖြည့်ဆည်းဆောင်ရွက်ပြီး ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေးစကားပြောကြားခဲ့ကြကြောင်း သတင်းရရှိသည်။ (ဝဝဝ)



အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်မင်းလတ် ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအားနှောင့်ယှက်ခြင်းများဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

MYAWADY IN ENGLISH

www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Traveller number high at Taungthaman Lake and Bridge starting from first week of August



MANDALAY August 20

Number of travellers to Taungthaman Lake and Bridge resurged starting from the first week of August, said U Soe Win, secretary of the bridge maintenance committee.

Taungthaman Bridge among other significant destinations in Mandalay catches interest of local and foreign travellers. At present, number of travellers to Taungthaman Lake and Bridge are on the rise starting from the first week of August.

"Travellers at home and abroad visit Taungthaman Lake and Bridge. At present, they take relaxation by riding boat in the lake. As now is time of rising water level in the Ayeyawady River, water level in the lake is also high," he explained.

More than 1,000 travellers at home and abroad visited the bridge and lake per day in the last week of July. Now, number of travellers surges to more than 2,000 per day starting from the first week of August.

Taungthaman Bridge is built of 1,086 posts. Local and foreign travellers visit the lake to enjoy sunset beauties by boat. So, more than 50 boats are giving services to the guests.

**SMK**

# More than 15,000 acres of maize planted in Kyunhla Township

KYUNHLA August 20

The Township Agriculture Department stated that a total of 15,012 acres of maize has been planted in Kyunhla Township of Sagaing Region this monsoon.

In 2024-2025 monsoon, the township earmarked 14,995 acres of maize but local farmers have so far planted 15,012 acres of maize exceeding the target cultivation.

Daw Myint Myint Yi, Head of Kyunhla Township Agriculture Department said: "The township authorities planned to grow 14,995 acres of maize in Kyunhla Township but farmers could grow 15,012 acres of maize exceeding the target cultivation. They grow maize as a separate crop in addition to a double crop. Their plantations are thriving."

This year, agricultural staff members made field trips to maize plantations, conducted training courses for farmers to grow maize, field demonstrations, prevention of FAW and pests and use of natural fertilizers and pesticides.



In the township, farmers need to spend Ks-500,000 per acre of maize, yielding more than 50 baskets per acre.

**SMK**

# Katha District finishes cultivation of monsoon sesame on more than 300 acres of cropland

KATHA August 20

Katha District Agriculture Department stated that a total of 314 monsoon sesame has been planted in Katha District of Sagaing Region this monsoon.

In 2024-2025 monsoon cultivation season, Katha District planned to grow 582 acres of monsoon sesame but local farmers from Indaw Township cultivated 50 acres, Htigyaing Township 180 acres and Bamauk Township 84 acres, totalling 314 acres.

U Myint Soe, Head of Katha District Agriculture Department said: "We scheduled to grow 582 acres of monsoon sesame this monsoon but local farmers have planted 314 acres so far. They are trying hard to meet the target cultivation. Our department helps them grow quality strains of crops and use GAP system for boosting production."

This year, Katha Township earmarked cultivation of 109 acres of monsoon sesame, Indaw Township 120 acres, Htigyaing Township 260 acres and Bamauk Township 93 acres, totalling 582 acres.

Agricultural officials educated local farmers to expand the sown acreage of sesame and use GAP system and quality strains of crops.

**SK**

# More than 8,000 acres of vegetables thriving in Yinmabin District this monsoon

YINMABIN August 20

Statistics of Yinmabin Township Agriculture Department indicated that a total of 8,679 acres of croplands have been placed under vegetables in Yinmabin District of Sagaing Region this year.

Although the district earmarked 19,698 acres of vegetables in monsoon, local farmers from Yinmabin Township planted 2,351 acres of vegetables, Kani Township 4,451 acres, Salingyi Township 922 acres and Pale Township 955 acres, totalling 8,679 acres.

Daw Myat Moe Win, Head of Yinmabin District Agriculture Department said, "We planned to grow more than 10,000 acres of vegetables in Yinmabin District but local farmers so far have planted more than 8,000 acres of crops. They are striving for meeting the target cultivation. Local farmers grow mustard, spicy, potato, cabbage, eggplant, Chinese cabbage and cauliflower. We urge local farmers to grow crops meeting the GAP system with least chemical residue."

In 2024-2025 monsoon, Yinmabin Township earmarked 6,027 acres of vegetables, Kani Township, 6,650 acres, Salingyi Township 5,567 acres and Pale Township 1,554 acres, totalling 19,690 acres.

Staff members of relevant agriculture departments conduct training courses for farmers to apply GAP system, produce healthy crops and expand sown acreage of crops.

Local agriculture departments share agricultural techniques with local farmers for thriving crops, prevention of pests, and making natural fertilizers and pesticides.

**SMK**

# KhinU Township farmers cultivate 533 acres of rain-fed rice



KHINU August 20

A total of 533 acres of rice have been planted in KhinU Township, Shwebo District, Sagaing Region in this year rain crops planting season, according to Department of Agriculture for KhinU Township.

During the 2024-2025 rain crops planting season, 100,000 acres of rain-fed rice have been earmarked to be planted in KhinU Township, and 533 acres have been planted since July this year.

"We are providing the necessary technology and varieties to reach the target rain-fed rice. We are conducting fieldwork in order to plant rain-fed rice on time," said U Nay Win Naing, head of Department of Agriculture for KhinU Township.

During this year's rain crops planting season, the relevant township Department of Agriculture and local farmers are cooperating with each other to ensure that there is no difficulty in planting rain-fed rice.

The department is providing agricultural technology, education on prevention of pest infestation, preventing damage to crops, and the timely arrival of the harvested rice under the shelter to rain-fed rice farmers in KhinU Township. **SK**

# Sugar trading resurges in Mandalay market starting from first week of August



MANDALAY August 20

Sugar market is high in Mandalay starting from the first week of August, said U Win Htay Vice Chair of Myanmar Sugar and Cane Industries Association.

Sugar trading was in normal till the last week of July, and it resurged in Mandalay market starting from the first week of August.

He explained, "Shortage of sugar stock does not happen in Mandalay market. At present, high demand causes shortage of stock in Mandalay market."

In the last week of July, sugar was traded at Ks-4,300 per viss in Mandalay market, compared with Ks-4,800 per viss on 4 August.

Mandalay, Sagaing, Bago and Yangon regions produce quality sugar with large volumes. **SK**

# More than 2,000 acres of vegetables thriving in Kawlin District

KAWLIN August 20

According to the statistics of Kawlin District Agriculture Department, a total of 2,046 acres of vegetables have been planted in the district of Sagaing Region this monsoon.

The district earmarked 2,675 acres of vegetables this monsoon. Starting from May this year, Kawlin Township has grown 474 acres of vegetables, Wuntho Township 1,011 acres and Pinlebu Township 561 acres, totalling 2,046 acres.

U Win Thein, Head of Kawlin District Agriculture Department said, "Our department educated local farmers to exercise GSP system in growing vegetables so as to reduce chemical residues."

In 2024-2025 monsoon season, Kawlin Township earmarked 819 acres of vegetables, Wuntho Township 1,385 acres and Pinlebu Township 471 acres, totalling 2,675 acres.

This year, relevant township agriculture department conducted training courses for local farmers and agricultural staff to have improved capacity, agricultural techniques, and production of healthy and fresh vegetables for consumers. **SK**

# Authorities announce to fine overseas job agencies for service fee violations

NAY PYI TAW August 20

The Ministry of Labour has announced that foreign employment agencies will face fines if they collect service fees without having job offers. Agencies that charge service fees in advance, engage in fraudulent activities, or misuse funds must return all money collected and pay a fine of Ks-500,000 per worker.

Furthermore, if agencies receive service fees but fail to send workers due to various reasons or if complaints are not resolved, a fine of Ks-400,000 will be imposed. This fine applies if workers are not sent within three months of signing the contract or if the agency does not fulfil the service after collecting the fee in advance.

Agencies that retain documents without sending workers abroad or fail to issue requested documents will face a fine of Ks-300,000. Additionally, when the required statistics, documents, and supporting materials related to the despatch process are not submitted on time, fines will be applied: Ks-100,000 for the first offence, Ks-200,000 for the second, and Ks-300,000 for the third. Repeat offences during the licence period will result in increased fines. **SMK**

# Honorary awards presented to outstanding students in Pyapon Township

PYAPON August 20

A ceremony to honor outstanding students who passed matriculation examination with distinctions, schools with high pass rates and teachers who taught the students to pass the exam with good grade in 2023--2024 Academic Year's matriculation examination was held at the meeting hall of B.E.H.S-3 in the town of Pyapon, Ayeyawady Region this morning.

At the event, member of the District Administration Body U Thant Zin delivered an opening speech. Next, the District Education officer U Tun Lin spoke thanks of words to the students. Afterwards, students from B.E.H.S-4 entertained a school song.

This was followed by the presentation of honorary awards to outstanding students, schools with high pass rate and teachers in 2023-2024 Academic year.

On the occasion, 60 students including students who passed the exam with flying colors, students who passed with four distinctions, students who passed with three distinctions, students who passed with three distinctions, students who passed with two distinctions, students who passed with one distinction, teachers who taught student to pass with good grade and schools that got high pass rate received honorary awards respectively. **SK**

# Israel wants to build wall between Egypt, Gaza to hinder Hamas tunnels-digging - reports

JERUSALEM August 20

Israel insists on building a wall near the Philadelphia Corridor on the border between the Gaza Strip and Egypt to prevent Palestinian movement Hamas from building tunnels, The Wall Street Journal reported, citing Arab mediators in the negotiations between Israel and Hamas.

Israel also wants access to data from cameras and sensors monitoring the area, the newspaper said.

A senior Egyptian official told the publication that Cairo was in favor of a complete withdrawal of Israeli forces from the corridor and the Rafah border crossing between Egypt and the Gaza Strip. An Israeli technical team has completed meetings with its counterparts in Cairo to discuss the corridor and Rafah, but without much progress, according to Arab mediators.

Last Sunday, Israeli Prime Minister Benjamin Netanyahu's office said he was continuing to work to advance a Gaza deal that would maximize the number of hostages released and insist that the Israeli army remain in the corridor on the border between Gaza and Egypt.

Israel closed the Rafah Crossing in December, it has not been opened since.


Israel wants to build wall between Egypt, Gaza to hinder Hamas tunnels.

Gaza ceasefire talks were held in Doha last week involving Qatar, Egypt, the United States and Israel. Hamas leadership refused to participate in the talks due to a lack of specifics on the terms of the truce.

**Sputnik**

## Russia to test new allergy vaccine


The drug is designed to combat adverse reactions to birch pollen much faster than existing methods.

MOSCOW August 20

Moscow will start testing the first-ever vaccine for allergies to birch pollen, according to Veronika Skvortsova, the head of Russia's Federal Medical-Biological Agency (FMBA).

The vaccine is also designed to combat the effects of similar allergens, including apples, peaches, peanuts, and soy, Kommersant reported. Clinical trials announced last week are expected to start in September and be completed by next summer.

The vaccine developed by FMBA's Immunology Institute along with the Medical University of Vienna could revolutionize allergen-specific immunotherapy, according to the researchers behind the project.

Existing treatments can take several years and involve dozens of shots, and still only end up reducing the symptoms rather than eliminating them completely. According to the researchers, the new vaccine would require just three to five shots to be effective.

"We have charted the birch allergen and found the most important parts in its structure," Igor Shilovsky, the deputy director for science and innovations at the Immunology In-stitute, said. He added that the parts responsible for toxicity and potential side effects were removed to create an anti-allergy vaccine.

In the 1990s, researchers determined that allergens are a group of proteins, which made allergen-specific therapy possible. The development of vaccines based on recombinant allergens and synthetic allergen peptides has been discussed since the 2010s. However, all known treatments require long periods of time to produce sustainable effects.

**RT**

## 7 dead after drinking poisonous milk in Pakistan's Sindh

ISLAMABAD August 20

At least seven members of a family died after drinking poisonous milk in Pakistan's southern Sindh province, a local official said on Tuesday.

According to a statement from Fayyaz Abbasi, the commissioner of the region, five children were among the deceased who consumed venomous milk on Sunday night. The incident occurred in Pir Goth area of Khairpur district of the province.

The official said that 10 members of the family were brought to the Civil Hospital of the area after their health started deteriorating due to drinking the milk late Sunday night.

Local police said that they had registered a case and were investigating to find how the milk was mixed with poison.

**Xinhua**

## Over 100 feared missing after boat sinks in western DR Congo

KINSHASA August 20

More than 100 people are feared missing after a boat sank Sunday in the western Democratic Republic of the Congo (DRC), local media reported Tuesday.

According to local officials, the boat sank at around 7 p.m., local time, on the Lukenie River, Mai-Ndombe province, after hitting pieces of wood underwater, with approximately 300 people on board.

Only a few dozen survived and several bodies have been found, said local media reports, citing officials who claimed it "hard to clarify on the number of the casualties."

Nkoso Kevani Lebon, governor of Mai-Ndombe, said he was dismayed by the tragedy, promising an investigation into the incident to establish responsibilities.

"We must have secure boats. This is part of our program, and in a few months, there will already be secure boats. A team, composed of members of the provincial security committee, is on its way to establish responsibilities," said the governor.

In June, at least 86 people, including 21 children, were killed after a boat sank on the Kwa River, one of the tributaries of the Congo River, also in the province of Mai-Ndombe.

**Xinhua**

## Maria Branyas, world's oldest person, dies in Spain at 117

MADRID August 20

Maria Branyas, believed to be the oldest person in the world, has died at the age of 117, her family announced on social media on Tuesday.

Branyas, who became the oldest person alive after the death of French nun Lucile Randon in January 2023, had "left us." Her family added, "She died peacefully in her sleep, as she wanted, calm and without pain," in a residential home in the town of Olot, in northeastern Spain.

The message also contained some of Branyas' last words from a few days earlier.

"One day, that I still don't know, but which is very close, this long journey will have ended. Death will find me tired after having lived for so long, but I want it to find me smiling, free and satisfied," she is reported to have stated. "Don't cry, I don't like tears and above all don't suffer for me, because you know me, I will be happy wherever I go, because I will have you with me in some way."

The daughter of a journalist, Maria Branyas was born in San Francisco, United States, on March 4, 1907, and returned to Spain in 1914. She initially worked as a nurse before becoming a healthcare official at a hospital in Girona.

She is survived by two daughters and had a son who pas-sed away at the age of 86, along with 11 grandchildren.

Maria Branyas overcame the COVID-19 virus in 2020. However, her daughter Rosa noted that she had "gone downhill" since 2023. "She isn't in pain, nor is she ill," Rosa explained, attributing her condition to her advanced age.

**Xinhua**

## Public Notice for Elimination of Violence

1. Declaring themselves to be "for the people", the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting "CRPH", "NUG", and "PDF" terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.

# Future Leaders Unite: Essential Skills for Tomorrow's Change-Makers



In our fast-paced world, strong, visionary leaders are more crucial than ever. These future leaders will drive change, inspire others, and shape a better tomorrow. So, what skills do these change-makers need to thrive in an increasingly complex landscape? Let's dive in and explore!

**Embracing Technological Advances**

First off, technology is a game-changer. Leaders today must adapt to rapid technological shifts and harness these advancements to propel progress. Think about how AI is revolutionizing industries or how digital communication tools are bridging global teams. Staying ahead of the curve is key. A study by McKinsey & Company found that 70 percent of senior executives consider innovation to be one of their top three drivers for growth in the next few years. By leveraging these tools, future leaders can boost their effectiveness and make a greater impact.

Imagine a leader like Satya Nadella, CEO of Microsoft, who transformed the company by embracing cloud technology and AI. His forward-thinking approach showcases how technological literacy and adaptability can drive a company's success.

**Cultivating Cultural Awareness**

Globalization has made our world more interconnected than ever. Future leaders must develop a keen sense of cultural awareness. Understanding global perspectives, respecting cultural differences, and building inclusive teams are essential. A study by Harvard Business Review found that companies with higher diversity levels had 19 percent higher innovation revenues. Embracing diversity not only drives innovation but also creates a richer, more dynamic environment.

Consider how Howard Schultz, former CEO of Starbucks, prioritized cultural competence by creating an inclusive workplace and expanding globally. His leadership demonstrates the value of cultural awareness in fostering innovation and growth.

**Essential Leadership Skills**

To truly make a difference, aspiring leaders need a toolkit of essential skills:

**Emotional Intelligence (EI):** Understanding and managing your own emotions while recognizing and influencing the emotions of others. Research by TalentSmart shows that 90 percent of top performers have high emotional intelligence. Cultivate self-awareness, empathy, and effective communication to boost your EI.

**Critical Thinking and Problem-Solving:** Analyzing complex situations and developing innovative solutions are crucial. The World Economic Forum's Future of Jobs Report lists critical thinking and problem-solving as top skills for the future. Encourage curiosity and continuous learning within your team to foster these abilities.

**Communication and Collaboration:** Clear, concise, and persuasive communication is vital. According to a LinkedIn survey, 94 percent of professionals believe communication is the most important skill for leadership. Building strong teamwork and collaboration skills ensures everyone feels empowered to contribute.

**Adaptability and Resilience:** In a world of constant change, being adaptable and resilient is key. Research from the American Psychological Association shows that resilience can significantly reduce stress and improve well-being. Cultivate a growth mindset and practice self-care to enhance your resilience.

**Ethical Leadership and Integrity:** Prioritize ethics and integrity in all your decisions. A study by the Ethics Resource Center found that 81 percent of employees who work in a strong ethical culture report higher satisfaction. Leading with integrity fosters a positive culture and inspires loyalty.

**Developing These Skills**

Developing these skills is a journey that involves education, mentorship, and real-world experience:

**Education and Training:** Engage in leadership courses and workshops to gain valuable knowledge. Commit to continuous learning and professional development to stay relevant and effective.

**Mentorship and Networking:** Seek guidance from mentors who can offer support and insights. A study by the Association for Talent Development found that 75 percent of executives believe mentorship played a key role in their career success. Build a strong professional network to exchange ideas and learn from others.

**Practical Experience:** Gain hands-on experience through internships, volunteer work, and real-world practice. According to the National Association of Colleges and Employers, 81 percent of employers look for leadership skills on a candidate's resume. Taking on leadership roles, even in small capacities, helps build confidence and refine your skills.

**The Role of Future Leaders**

Future leaders are the pioneers of change and innovation. Encourage creative thinking, embrace new technologies, and challenge the status quo. By fostering a culture of innovation, you can inspire your team to develop groundbreaking solutions. Research from the Boston Consulting Group shows that companies with a culture of innovation are more likely to be leaders in their industries.

Sustainability is another critical area where future leaders can make a lasting impact. Prioritize environmental stewardship, social responsibility, and economic viability in your decision-making processes. According to the United Nations, sustainable development is essential for long-term economic growth. As a leader, you have the power to create sustainable communities that thrive and endure.

**Conclusion**

In summary, the future of leadership lies in developing essential skills like emotional intelligence, critical thinking, effective communication, adaptability, and ethical integrity. Embrace continuous learning, seek mentorship, and gain practical experience to navigate the complexities of our modern world. By doing so, you can drive innovation, build sustainable communities, and shape a brighter future for all.

Future leaders, unite! Equip yourselves with these skills and become the change-makers our world needs. Together, we can create a better tomorrow.

In the words of leadership expert John C. Maxwell, "A leader is one who knows the way, goes the way, and shows the way." Let us embrace this journey with enthusiasm and determination, ready to lead and inspire others towards a brighter future. The call to action is clear: develop your leadership skills, embrace change, and make a lasting impact on the world. Together, we can achieve greatness and create a future where everyone can thrive.

**Youth Time Magazine**

## BUSINESS

# ဆီချွမ်ပြည်နယ်က ဟိုက်ဒရိုဂျင်စွမ်းအင်အတွက် ရင်းနှီးမြှုပ်နှံမှုများတိုးမြှင့်လာ

ဆီချွမ်ပြည်နယ်ရှိ ဟိုက်ဒရိုဂျင်စွမ်းအင် ကုမ္ပဏီများက ပြည်နယ်၏ရည်မှန်းချက်များနှင့်အညီ ထိုစွမ်းအင်အတွက်ရင်းနှီးမြှုပ်နှံမှုများကို တိုးမြှင့်လာလျက်ရှိသည်ကိုတွေ့ရသည်။

ဆီချွမ်ပြည်နယ်အခြေစိုက် သန့်ရှင်းစွမ်းအင်ဆိုင်ရာ ဆက်စပ်ပစ္စည်းထောက်ပံ့ပေးရေးကုမ္ပဏီတစ်ခုဖြစ်သော ကျင်ရှင်းကုမ္ပဏီက ဟိုက်ဒရိုဂျင်စွမ်းအင်ဆက်စပ်ပစ္စည်းထုတ်လုပ်ရေး စက်မှုဇုန်တစ်ခုကို ဖော်ဆောင်သွားမည်ဖြစ်သည်။

ထိုစက်မှုဇုန်သည် နိုင်ငံအတွင်းအကြီးဆုံးသော ဟိုက်ဒရိုဂျင်စွမ်းအင်ဆက်စပ်ပစ္စည်းထုတ်လုပ်ရေးစက်မှုဇုန်ဖြစ်လာမည်ဖြစ်ပြီး ၎င်းအတွက် ယွမ် ၁ ဘီလီယံအထိ ရင်းနှီးမြှုပ်နှံသွားမည်ဖြစ်သည်။


ဆီချွမ်ပြည်နယ်သည် ပြီးခဲ့သည့်နှစ်များအတွင်း ဟိုက်ဒရိုဂျင်စွမ်းအင်ကဏ္ဍ၌ တိုးတက်မှုများရှိလာသည့်ပြည်နယ်ဖြစ်ပြီး ထိုနယ်ပယ်၌ ကုမ္ပဏီနှင့်သုတေသနအဖွဲ့အစည်းပေါင်း ၁၀၀ ကျော်ရှိလာပြီဟု ပြည်နယ်စာရင်းအင်းဌာနမှထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

ယခုလအစောပိုင်းတွင် ဆီချွမ်ပြည်နယ်၌ ဟိုက်ဒရိုဂျင်စွမ်းအင်သုံး ဓာတ်ရထားပြေးဆွဲမှုကိုစတင်ခဲ့ပြီး မကြာမီအချိန်တွင် ဟိုက်ဒရိုဂျင်စွမ်းအင်သုံး အငှားစက်ဘီးများလည်း ဈေးကွက်အတွင်းရောက်လာတော့မည်ဖြစ်သည်။

အဆိုပါစက်ဘီးများကို ဆော်ဒီအာရေဗျနှင့်မလေးရှားနိုင်ငံတို့က အစီးရေထောင်နှင့်ချီမှာယူထားပြီး အကယ်၍စမ်းသပ်မှုတွင် အဆင်ပြေမှုများရှိပါက ထပ်တိုးမှာယူသွားမည်ဖြစ်ကြောင်း ချန်ဒူးအခြေစိုက် Qinglv Tech ကုမ္ပဏီကပြောထားသည်ဟု သိရသည်။

Ref: CD

K.H



# ဂျပန်က ပင်လယ်စာများကို အာရှ၊ အမေရိကန်နှင့် ဥရောပသို့တိုးမြှင့်တင်ပို့နိုင်ရေးစီစဉ်

ဂျပန်နိုင်ငံမှပင်လယ်စာထုတ်ကုန်များကို နှစ်ပေါင်းများစွာကြာတင်သွင်းလာခဲ့သည့်တရုတ်နိုင်ငံက ထိုသို့တင်သွင်းမှုကို တားမြစ်လိုက်သည့်အတွက် ဂျပန်အနေဖြင့် ထိုထုတ်ကုန်များကို အာရှ၊ အမေရိကန်နှင့်ဥရောပသို့ တိုးမြှင့်တင်ပို့နိုင်ရေး စီစဉ်ဆောင်ရွက်နေကြောင်းသိရသည်။

တိုကျို လျှပ်စစ်စွမ်းအင်ကုမ္ပဏီက နျူကလီးယားဓာတ်ပေါင်းဖို ပြိုကျမှုမှ ထွက်ပေါ်လာသောရေများကို ပြုပြင်သန့်စင်ကာ ပင်လယ်ထဲသို့စွန့်ထုတ်ပြီးနောက် တရုတ်နိုင်ငံက ဂျပန်နိုင်ငံမှ ပင်လယ်စာထုတ်ကုန်များတင်သွင်းမှုကို တားမြစ်လိုက်ခြင်းဖြစ်သည်။

ယခင် တရုတ်နိုင်ငံသို့တင်ပို့နေရသည့် ပင်လယ်စာထုတ်ကုန်ပမာဏက အဆိုပါထုတ်ကုန်တင်ပို့မှုစုစုပေါင်း၏ ၄၃ ဒသမ ၈ ရာခိုင်နှုန်းရှိသောကြောင့် ယခုအခါဂျပန်နိုင်ငံ၏ အဆိုပါထုတ်ကုန်တင်ပို့မှုပမာဏ သိသိသာသာကျဆင်းလာသည်။

ထိုသို့ ပင်လယ်စာထုတ်ကုန်တင်ပို့မှု သိသိသာသာကျဆင်းခြင်းကို ကုစားသည့်အနေဖြင့် အာရှဒေသရှိနိုင်ငံများ၊ အမေရိကန်ပြည်ထောင်စုနှင့် ဥရောပရှိနိုင်ငံများသို့တိုးမြှင့်တင်ပို့နိုင်ရေး စီစဉ်လာခြင်းဖြစ်ကြောင်းသိရသည်။

Ref: RTA

K.H



## MILITARY

# အမေရိကန်က တောင်ကိုရီးယားကို ဒေါ်လာ ၃ ဘီလီယံခွဲတန်ဖိုးရှိ အပါချီရဟတ်ယာဉ် ၃၆ စင်း ဝယ်ယူခွင့်ပြု



အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက တောင်ကိုရီးယားနိုင်ငံကို ဒေါ်လာ ၃ ဘီလီယံခွဲတန်ဖိုးရှိ အပါချီရဟတ်ယာဉ် ၃၆ စင်းဝယ်ယူခွင့်ပြုလိုက်ပြီဖြစ်သည်။

အဆိုပါဝယ်ယူခွင့်ပြုသည့်စာရင်းတွင် အပါချီရဟတ်ယာဉ်၏ ဆက်စပ်ပစ္စည်းများအပြင် တွဲဖက်အသုံးပြုသည့် ဒုံးကျည်များလည်းပါဝင်သည်။

ယခုကဲ့သို့ရောင်းချပေးမှုသည် တောင်ကိုရီးယားနိုင်ငံအနေဖြင့် မျက်မှောက်ကာလနှင့်အနာဂတ်ကာလတို့တွင် တွေ့ကြုံရမည့် အန္တရာယ်များကို ချေမှုန်းနိုင်စွမ်းတိုးတက်စေမည်ဖြစ်ကြောင်း ဝန်ကြီးဌာန၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

ထိုသို့ရောင်းချပေးမှုသဘောတူညီချက်များအတွက် ဘိုးအင်းကုမ္ပဏီနှင့်လော့ဟိမာတင်ကုမ္ပဏီတို့က တာဝန်ယူထုတ်လုပ်ပေးသွားရမည်ဖြစ်သည်။

အမေရိကန်နှင့်တောင်ကိုရီးယားတို့က Ulchi Freedom Shield အမည်ရှိ ပူးတွဲစစ်ရေးလေ့ကျင့်ခန်းကို စတင်လုပ်ဆောင်သော ဩဂုတ်လ ၁၉ ရက်တွင် အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနက ရဟတ်ယာဉ်များရောင်းချပေးရန်သဘောတူကြောင်း ထုတ်ပြန်လိုက်ခြင်းဖြစ်သည်။

အပါချီရဟတ်ယာဉ်များသည် ဘိုးအင်းကုမ္ပဏီထုတ် အဆင့်မြင့်ဘက်စုံသုံးတိုက်ခိုက်ရေးရဟတ်ယာဉ်များဖြစ်ပြီး စစ်မြေပြင်တွင် နာမည်ကောင်းများရရှိထားသော စစ်သုံးရဟတ်ယာဉ်တစ်မျိုးဖြစ်ကြောင်း သိရသည်။

Ref: SCMP

K.H

# လစ်သူရေးနီးယားက သမိုင်းတစ်လျှောက်အကြီးဆုံးသော စစ်စခန်းကိုတည်ဆောက်

လစ်သူရေးနီးယားနိုင်ငံက ၎င်းတို့နိုင်ငံ၏သမိုင်းတစ်လျှောက် အကြီးဆုံးဖြစ်လာမည့်စစ်စခန်းကို တည်ဆောက်နေပြီဖြစ်သည်။ ထိုစစ်စခန်းသည် ဂျာမနီတပ်မဟာတစ်ခုအတွက် အမြဲတမ်းအခြေစိုက်စခန်းဖြစ်လာမည်ဖြစ်သည်။

နိုင်ငံအနောက်တောင်ပိုင်းရှိ ဟက်တာ ၁၇၀ အကျယ်ရှိသောမြေပေါ်တွင် တည်ဆောက်နေသည့် အဆိုပါစစ်စခန်းသည် ကုန်ကျစရိတ်အားဖြင့် ယူရို ၁၂၅ သန်းကုန်ကျမည်ဖြစ်သည်။


ထိုစစ်စခန်းကို Eikos Statyba UAB ကုမ္ပဏီကတာဝန်ယူတည်ဆောက်ပေးနေခြင်းဖြစ်ပြီး ၂၀၂၅ ခုနှစ်တွင် ဂျာမနီတပ်မမှ ကနဦးလုပ်ငန်းဆောင်ရွက်မည့်အဖွဲ့များ မရောက်မီ အပြီးတည်ဆောက်သွားရမည်ဖြစ်သည်။

လစ်သူရေးနီးယားနိုင်ငံသည် ၎င်း၏နိုင်ငံအတွင်း NATO တပ်ဖွဲ့မှမဟာမိတ်တပ်များ အခြေချနိုင်စေရေးအတွက် တပ်စခန်းတည်ဆောက်မှုကို လုပ်ဆောင်နေခြင်းဖြစ်ကြောင်းသိရသည်။

Ref: IE

K.H

# ဗြိတိန်က ပထမဆုံးသောစစ်သုံးထောက်လှမ်းရေးဂြိုဟ်တုကိုလွှတ်တင်



ဗြိတိန်က ၎င်းတို့၏ပထမဆုံးသော စစ်သုံးထောက်လှမ်းရေးဂြိုဟ်တုကိုလွှတ်တင်လိုက်ပြီဖြစ်ကြောင်းသိရသည်။ ထိုဂြိုဟ်တုသည် ကမ္ဘာ့မြေမျက်နှာပြင်၏နေ့ဘက်ပုံရိပ်များနှင့် ဗီဒီယိုများကို ရိုက်ကူးပေးပို့သွားမည်ဖြစ်သည်။

ဗြိတိန်နိုင်ငံက ပေါင် ၉၆၈ သန်းကုန်ကျမည့် ISTARI အစီအစဉ်ကိုအကောင်အထည်ဖော်လျက်ရှိသည်။ ယခုလွှတ်တင်လိုက်သည့် Tyche အမည်ရှိဂြိုဟ်တုက အဆိုပါအစီအစဉ်၏ပထမဆုံးသောဂြိုဟ်တုလည်းဖြစ်သည်။

ISTARI အစီအစဉ်မှာ ထောက်လှမ်းရေး၊ စောင့်ကြည့်ရေးနှင့် ကင်းထောက်လုပ်ငန်းများအတွက် ဂြိုဟ်တုများစွာကို လွှတ်တင်ခြင်းဖြစ်ပြီး ၂၀၃၁ ခုနှစ်အရောက်တွင် ပြီးစီးရန်ရည်မှန်းထားသည်။

အမေရိကန်နိုင်ငံရှိ SpaceX ကုမ္ပဏီမှ Falcon 9 ဒုံးပျံအသုံးပြု၍ လွှတ်တင်လိုက်သည့် ထိုဂြိုဟ်တုသည် သဘာဝဘေးအန္တရာယ်စောင့်ကြည့်ရေး၊ ပတ်ဝန်းကျင်ဆိုင်ရာလေ့လာရေးနှင့် ရာသီဥတုပြောင်းလဲမှုဆိုင်ရာ ထောက်လှမ်းခြင်းတို့ကိုပါ လုပ်ဆောင်နိုင်စေမည်ဖြစ်ကြောင်း သိရသည်။

Ref: BD

K.H

# တောင်တရုတ်ပင်လယ်အငြင်းပွားမှုတွင် အမေရိကန်ကြားဝင်စွက်ဖက်ခွင့်မရှိဟု တရုတ်သတိပေး



ပေကျင်း၊ နိုင်ငံရေး

တောင်တရုတ်ပင်လယ်၌ ဖိလစ်ပိုင်နှင့်ဖြစ်ပွားသောအငြင်းပွားမှုအတွင်း အမေရိကန်နိုင်ငံက ကြားဝင်စွက်ဖက်ခွင့်မရှိဟု တရုတ်နိုင်ငံက ဩဂုတ်လ ၂၀ ရက်တွင် သတိပေးလိုက်သည်။

ဩဂုတ်လ ၁၉ ရက်နံနက်ပိုင်းတွင် ထိုပင်လယ်အတွင်းရှိ ပိုင်နက်အငြင်းပွားမှုဖြစ်ပွားနေသော ကျောက်တန်းအနီး၌ တရုတ်နှင့်ဖိလစ်ပိုင်နိုင်ငံတို့မှ ကမ်းခြေစောင့်တပ်ဖွဲ့ ပိုင်ရေယာဉ်များ တိုက်မိမှုဖြစ်ပွားပြီးနောက် တရုတ်နိုင်ငံက အမေရိကန်ကို ယခုကဲ့သို့သတိပေးလိုက်ခြင်းဖြစ်သည်။

အဆိုပါဖြစ်စဉ်၌ ဖိလစ်ပိုင်၏ကမ်းခြေစောင့်တပ်ဖွဲ့ ပိုင်ရေယာဉ်သည် ဥပဒေနှင့်အညီမောင်းနှင်နေခြင်းဖြစ်ပြီး ထိုရေယာဉ်အပေါ်အန္တရာယ်ဖြစ်စေသော လုပ်ဆောင်မှုများကိုရှုတ်ချကြောင်း အမေရိကန်က ပြောထားသည်။

သို့သော် တရုတ်နိုင်ငံသည် ၎င်း၏ပိုင်နက်အချုပ်အခြာအာဏာ၊ ပင်လယ်ရေလမ်းကြောင်းအခွင့်အရေးများနှင့် အကျိုးစီးပွားများကိုကာကွယ်ရေးအတွက် တရားဥပဒေနှင့်အညီဆောင်ရွက်ခြင်းဖြစ်သည်ဟု တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနမှပြောရေးဆိုခွင့်ရှိသူ မော်နင်းကတုံ့ပြန်ပြောထားခြင်းဖြစ်သည်။

"အမေရိကန်နိုင်ငံက တောင်တရုတ်ပင်လယ်အရေးကိစ္စမှာ ပါဝင်နေတဲ့နိုင်ငံတစ်နိုင်ငံမဟုတ်ပါဘူး။ ဒီတော့ တရုတ်နိုင်ငံနဲ့ဖိလစ်ပိုင်နိုင်ငံတို့ကြားဖြစ်ပွားတဲ့ ပင်လယ်ရေကြောင်းအငြင်းပွားမှုမှာ သူ့အနေနဲ့ ဝင်ရောက်စွက်ဖက်ပိုင်ခွင့်လည်း မရှိပါဘူး" ဟု မော်နင်းက ဝန်ကြီးဌာန၏ ပုံမှန်သတင်းစာရှင်းလင်းပွဲတွင် ပြောထားသည်။

ထို့ပြင် အမေရိကန်နိုင်ငံအနေဖြင့် တောင်တရုတ်ပင်လယ်တွင် ထိပ်တိုက်တွေ့ဆုံမှုများဖြစ်ပွားအောင်ရန်စမှုကို ရပ်တန့်ရန်၊ ဒေသတွင်းတည်ငြိမ်အေးချမ်းမှုကိုမနှောင့်ယှက်ရန်နှင့် တင်းမာမှုများပိုမိုဆိုးဝါးစေရေးမလုပ်ဆောင်ရန် တိုက်တွန်းကြောင်း မော်နင်းကပြောထားသည်ဟု သိရသည်။

Ref: Xinhua

# ကမ္ဘာ့ရာသီဥတုပူနွေးမှုကြောင့် ယခုရာစုနှစ်ကုန်တွင် အာရှတိုက်၏ ရေစင်ကြီးမှ ရေများလျှံကျမည်



လာဆာ၊ ရာသီဥတု

လက်ရှိဖြစ်ပေါ်နေသော ကမ္ဘာတစ်ဝန်းရာသီဥတုပူနွေးမှုကြောင့် အာရှတိုက်၏ရေစင်ကြီးဟုတင်စားရသည့် တိဗက်ကုန်းပြင်မြင့်ဒေသတွင် ရေစင်မှရေလျှံကျမှုကဲ့သို့ ရေကြီးမှုများဖြစ်လာမည်ဖြစ်ကြောင်း သိရသည်။

တိဗက်ကုန်းပြင်မြင့်ဒေသသည် အိန္ဒု၊ ဂင်္ဂါ၊ မဲခေါင်၊ ယန်ဇီနှင့် မြစ်ဝါတို့ကဲ့သို့ အာရှတိုက်၏အဓိကမြစ်ကြီးများ မြစ်ဖျားခံရာဒေသဖြစ်သောကြောင့် ထိုတိုက်ကြီး၏ရေစင်ဟု တင်စားခေါ်ဝေါ်ခြင်းဖြစ်သည်။

ယခုအခါ တိဗက်ကုန်းပြင်မြင့်ဒေသက အလွန်ပူနွေးပြီး စွတ်စိုသောအခြေအနေသို့ရောက်လာသောကြောင့် ယခုရာစုနှစ်အကုန်တွင် အချို့နေရာများရှိရေခဲပြင်ထုကြီးများ၏ထက်ဝက်ကျော် အရည်ပျော်ကျကာ ကန်ရေပမာဏမှာ နောက်ထပ် ၃၃ ပေမြင့်တက်လာနိုင်ကြောင်း တရုတ်သိပ္ပံအကယ်ဒမီမှ တိဗက်ကုန်းပြင်မြင့်သုတေသနအဖွဲ့က ထုတ်ပြန်ထားသည်။

ရာသီဥတုပူနွေးလာသည့်အတွက် ပြီးခဲ့သော ၁၅ နှစ်တာကာလအတွင်း တိဗက်ကုန်းပြင်မြင့်ဒေသ၌ မြက်ခင်းပြင်များနှင့် တောအုပ်များသည် ၆ ရာခိုင်နှုန်းနှင့် ၁၂ ရာခိုင်နှုန်းစီ အသီးသီးပိုမိုပေါ်ပေါက်လာသည်ကိုတွေ့ရသည်။

ထိုကဲ့သို့ပေါ်ထွန်းလာမှုများသည် စိုက်ပျိုးမြေများကိုရရှိစေသော်လည်း မုတ်သုံရာသီဥတုလည်ပတ်မှုကိုပြောင်းလဲစေကာ နွေရာသီကာလအတွင်း မိုးသည်းထန်စွာရွာသွန်းမှုများကို ပိုမိုဖြစ်ပေါ်စေနိုင်သည်။

တိဗက်ကုန်းပြင်မြင့်ဒေသတွင် ရေခဲထုများအရည်ပျော်ခြင်းသည် မြောက်ပိုင်းဒေသများ၌ ရေလွှမ်းမိုးမှုများကိုဖြစ်ပေါ်စေမည်ဖြစ်သည်။

သို့သော် တောင်ပိုင်းဒေသများတွင်မူ ရေခန်းခြောက်မှုများကို ရင်ဆိုင်ရနိုင်သည့်အတွက် မြစ်အောက်ပိုင်းများရှိနိုင်ငံများအနေဖြင့် နောက်ထပ်ရေအရင်းအမြစ်များကိုရှာဖွေစီမံဖန်တီးထားရန် သုတေသနပညာရှင်များက သတိပေးထားကြောင်း သိရသည်။

Ref: SCMP

# ပါကစ္စတန်က Shaheen-II အမြင့်ပျံဒုံးကျည်ကို အောင်မြင်စွာလေ့ကျင့်ပစ်ခတ်

အစ္စလာမ်မာဘတ်၊ ပြည်တွင်းရေး

ပါကစ္စတန်က Shaheen-II မြေပြင်မှမြေပြင်ပစ် အမြင့်ပျံဒုံးကျည်တစ်စင်းကို ဩဂုတ်လ ၂၀ ရက်တွင် အောင်မြင်စွာလေ့ကျင့်ပစ်ခတ်လိုက်နိုင်ကြောင်း စစ်ဘက်က ထုတ်ပြန်ထားသည်။

ယခုကဲ့သို့ လေ့ကျင့်ပစ်ခတ်မှုသည် လေ့ကျင့်ရေးစစ်သည်များအတွက် အဓိကရည်ရွယ်ခြင်းဖြစ်ကြောင်း၊ တစ်ချိန်တည်းမှာပင် ဒုံးကျည်၏စွမ်းဆောင်ရည်ကိုတိုင်းတာခြင်းဖြစ်ကြောင်း ပါကစ္စတန်တပ်မတော်၏သတင်းထုတ်ပြန်ရေးအဖွဲ့ကပြောသည်။

အဆိုပါလေ့ကျင့်ပစ်ခတ်မှုကို မဟာဗျူဟာရေးဆွဲရေးဌာနမှအရာရှိကြီးများအပါအဝင် တပ်မတော်အရာရှိကြီးများနှင့် သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများက တက်ရောက်လေ့လာသည်။

ယခုလိုအောင်မြင်မှုအတွက် ပါကစ္စတန်သမ္မတနှင့် စစ်ဦးစီးချုပ်များဥက္ကဋ္ဌတို့က ပါဝင်သူပညာရှင်များကို ချီးကျူးဂုဏ်ပြုထားကြောင်းသိရသည်။ Ref: Xinhua

# သတင်းတိုကဏ္ဍ

## ရုရှားက နယူးယောက်မြို့ကို ယူကရိန်းလက်အောက်မှ အပြည့်အဝရယူလိုက်နိုင်ဟုဆို

ရုရှားတပ်ဖွဲ့များက ဒန်ညက်ဒေသရှိ နယူးယောက်မြို့ကို ယူကရိန်းတို့၏လက်အောက်မှ အပြည့်အဝရယူလိုက်နိုင်သည်ဟု RIA Novosti သတင်းဌာနက ဩဂုတ်လ ၁၉ ရက်တွင်ဖော်ပြထားသည်။

ရုရှားတပ်မတော်သည် ဒွန်းဘက်ဒေသကိုတိုက်စစ်ဆင်မှုတစ်စိတ်တစ်ပိုင်းအဖြစ် နယူးယောက်မြို့နှင့်အနီးရှိ တိုရက်ဒေသတို့ကို ဇွန်လကတည်းက အကြီးစားစစ်ဆင်ရေးဆင်နွှဲနေခြင်းဖြစ်သည်။

ထို့နောက် ဇူလိုင်လတွင် ရုရှားတပ်ဖွဲ့များသည် ယူကရိန်းတပ်ဖွဲ့များကို မြို့၏မြောက်ပိုင်းစွန်းသို့တိုက်ထုတ်ကာ မြို့လယ်ကောင်ကိုထိန်းချုပ်နိုင်သည်။ ယခုအခါ ရုရှားတပ်ဖွဲ့များက အဆိုပါမြို့စွန်ကိုပါ ထိန်းချုပ်လိုက်နိုင်ခြင်းဖြစ်သည်ဟု သတင်းဌာနက ဖော်ပြထားသည်။

နယူးယောက်မြို့ကို ထိန်းချုပ်နိုင်သည့်အတွက် ယူကရိန်းတို့၏ခြေကုပ်တစ်ခုဖြစ်သော တိုရက်မြို့ကိုထိုးစစ်ဆင်နိုင်ရေးအတွက် လမ်းပွင့်သွားပြီဖြစ်သည်ဟု သိရသည်။ Ref: RT

## ဆစ်ဒနီမြို့ရှိသောက်ရေအရင်းအမြစ်များတွင် ထာဝရဓာတုပစ္စည်းများပါဝင်နေသည်ကို တွေ့ရှိ

ဩစတြေးလျနိုင်ငံ ဆစ်ဒနီမြို့၌အသုံးပြုလျက်ရှိသော သောက်ရေအရင်းအမြစ်များအတွင်း ကင်ဆာရောဂါဖြစ်ပွားမှုနှင့်ဆက်စပ်နေသည့် ထာဝရဓာတုပစ္စည်းများပါဝင်နေသည်ကို ပထမဆုံးအကြိမ်တွေ့ရှိရသည်ဟုသိရသည်။

ဇွန်လနှင့် ဇူလိုင်လအတွင်းလုပ်ဆောင်သော ဓာတ်ခွဲစမ်းသပ်မှုများတွင် ထာဝရဓာတုပစ္စည်းအမျိုးပေါင်း ၁၀၀၀ ကျော်ကိုတွေ့ရှိရခြင်းဖြစ်ကြောင်း ဆစ်ဒနီတာဝန်ရှိသူများက ဩဂုတ်လ ၂၀ ရက်တွင်ထုတ်ပြန်ထားသည်။

ထိုသို့ဓာတုပစ္စည်းအများဆုံးကို ကက်စကိတ်ရေလှောင်တမံ ရေစစ်စက်ရုံများ၌ တွေ့ရှိရခြင်းဖြစ်ကြောင်း၊ ထို့အတူ အခြားရေစစ်စက်ရုံများတွင်လည်း တွေ့ရကြောင်း တာဝန်ရှိသူများကပြောသည်။

ယခုကဲ့သို့ ထာဝရဓာတုပစ္စည်းများကို တွေ့ရှိရခြင်းသည် သဘာဝပတ်ဝန်းကျင်နှင့် လူသားတို့၏ခန္ဓာကိုယ်အတွင်း ယင်းဓာတုပစ္စည်းများက အမြဲတမ်းရှိနေသည်ကိုညွှန်ပြနေကြောင်း ပညာရှင်များကဆိုသည်။

ထို့ပြင် ရှားပါးမျိုးစိတ်ဖြစ်သော ဘဲတူဖျံတူများတွင်လည်း ထိုဓာတုပစ္စည်းများ တွေ့ရကြောင်းသိရသည်။ Ref: Xinhua

## ကွန်ဂိုနိုင်ငံ၌ မျောက်ကျောက်ရောဂါကြောင့် သေဆုံးသူ ၅၇၀ ကျော်ရှိ

ကွန်ဂိုဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် မျောက်ကျောက်ရောဂါဖြစ်ပွားမှုကြောင့် သေဆုံးသူ ၅၇၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ယခုနှစ်အတွင်း နိုင်ငံ၌မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၆၇၀၀ ရှိကြောင်း၊ ၎င်းတို့အနက် ၅၇၀ ကျော်မှာ သေဆုံးသွားရကြောင်း ကျန်းမာရေးဝန်ကြီး ရော်ဂျာခမ်ဘာက ဩဂုတ်လ ၁၉ ရက်တွင်ပြောသည်။

ပြီးခဲ့သည့်သီတင်းပတ်အတွင်း မျောက်ကျောက်ရောဂါဖြစ်ပွားသူ ၁၅၆၆၄ ဦးနှင့် သေဆုံးသူ ၅၄၈ ဦးသာရှိရာမှ ယခုသီတင်းပတ်အတွင်း ရောဂါဖြစ်ပွားသူနှင့်သေဆုံးသူ ပိုမိုမြင့်တက်လာခြင်းဖြစ်သည်။

ကွန်ဂိုနိုင်ငံသည် ၂၀၂၂ ခုနှစ်တွင် ထိုရောဂါကို ဒေသတွင်းကူးစက်သည့်ကပ်ရောဂါအဖြစ်ကြေညာပြီး ကာကွယ်ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်သည်။

ယခုအခါ မျောက်ကျောက်ရောဂါသည် အာဖရိကနိုင်ငံပေါင်း ၁၇ နိုင်ငံကိုသာမက အာဖရိကဒေသ ပြင်ပနိုင်ငံများသို့ပါ ကူးစက်ပျံ့နှံ့နေပြီဖြစ်ကြောင်းသိရသည်။

Ref: Xinhua

## ဟစ်ဇဘိုလာက အစ္စရေးမြောက်ပိုင်းသို့ ဒုံးကျည် ၇၅ စင်းဖြင့်ပစ်ခတ်

ဟစ်ဇဘိုလာအဖွဲ့က လက်ဘနွန်နိုင်ငံအတွင်းမှနေ၍ အစ္စရေးမြောက်ပိုင်းနှင့် ဂိုလန်ကုန်းမြင့်ဒေသသို့ ဩဂုတ်လ ၂၀ ရက်တွင် ဒုံးကျည် ၇၅ စင်းဖြင့်ပစ်ခတ်မှုလုပ်ဆောင်ကြောင်းသိရသည်။

အဆိုပါဒုံးကျည်များအနက် အချို့ကိုကြားဖြတ်ပစ်ချလိုက်နိုင်ကြောင်း၊ အချို့မှာ လူသူမရှိသည့်ကွင်းပြင်အတွင်း ကျရောက်ပေါက်ကွဲကြောင်း အစ္စရေးစစ်ဘက်ကပြောသည်။

ထို့နောက် အစ္စရေးက လေကြောင်းမှတိုက်ခိုက်မှုများဖြင့်လက်တုံ့ပြန်ပြီး ၎င်းတို့အပေါ်တိုက်ခိုက်မှုလုပ်သည့် ဒုံးပစ်လောင်ချာများအနက်တစ်ခုကို ပစ်မှတ်ထားတိုက်ခိုက်သည်ဟု ထုတ်ပြန်ထားသည်။

အစ္စရေးက ဩဂုတ်လ ၁၉ ရက်တွင် ဟစ်ဇဘိုလာတို့၏ လက်နက်တိုက်များကိုတိုက်ခိုက်ပြီးနောက် ဟစ်ဇဘိုလာတို့က ယခုပစ်ခတ်မှုကိုလုပ်ဆောင်ခြင်းဖြစ်သည်။ Ref: Xinhua

# ထန်းတပင်မြို့နယ်ရှိ မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းကို မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ကြည့်ရှုစစ်ဆေး

နေပြည်တော် ဩဂုတ် ၂၀

မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သောအဖွဲ့သည် ကော်မရှင် ဥပဒေပုဒ်မ ၄၃၊ ၄၄ ပြဋ္ဌာန်းချက်နှင့်အညီ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ်ရှိတရားရုံးအချုပ်ခန်းနှင့် မြို့မရဲစခန်းအချုပ်ခန်းတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းတို့ကို ကြည့်ရှုစစ်ဆေးစဉ် အချုပ်သားများနှင့် တွေ့ဆုံ၍ ရမန်ကာလနေထိုင်စားသောက်မှုအခြေအနေ၊ အမှုစစ်ဆေးစဉ်ကာလအတွင်း ညှဉ်းပန်းနှိပ်စက်ခံရမှု ရှိ၊ မရှိ၊ မိသားစုနှင့် တွေ့ဆုံနိုင်မှုအခြေအနေ၊ တရားရုံးတွင် အမှုရင်ဆိုင်ရန် ရုံးထုတ်ချိန်အတွင်း စားသောက်ရမှုအခြေအနေ၊ အချုပ်ခန်းအတွင်း မိလ္လာသုံးစွဲမှုနှင့် အချုပ်ခန်းများအတွင်း သန့်ရှင်းမှု ရှိ၊ မရှိ၊ အကျိုးဆောင်ရှေ့နေနှင့် တွေ့ဆုံခွင့်ရရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးမေးမြန်းသည်။

အဆိုပါအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့်အကြံပြုချက်များကို သင့်လျော်သကဲ့သို့ ဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာဌာနများသို့ ကော်မရှင်ဥပဒေနှင့်အညီ အကြံပြုပေးပို့သွားမည်ဖြစ်ကြောင်းသိရသည်။

(သတင်းစဉ်)

# PROFESSIONAL BOXING လက်ရည်စစ်ပွဲကျင်းပ

ရန်ကုန် ဩဂုတ် ၂၀

WBC နှင့် WBO ပြိုင်ပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်နိုင်ရန် မြန်မာလက်ဝှေ့အဖွဲ့ချုပ်၊ ဂျပန်လက်ဝှေ့ကော်မရှင်နှင့် Myanmar Boxing Commission တို့ပူးပေါင်းပြုလုပ်သည့် PROFESSIONAL BOXING လက်ရည်စစ်ပွဲကို ယနေ့နေ့လယ်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သဃ်္ဃန်းကျွန်းမြို့နယ်ရှိ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ် လေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပသည်။

ယနေ့လက်ရည်စစ်ပြိုင်ပွဲတွင် တွဲဆိုင်း ၁၀ ဆိုင်းပါဝင်ပြီး အမျိုးသားလေးချီ ၆၃.၅၀ ကီလိုတန်းတွင် ရှိန်းထက်ကိုကိုနှင့် ထွန်းထွန်းဝင်း၊ ၅၅.၃၄ ကီလိုတန်းတွင် လင်းထွဋ်ပိုင်နှင့် ဇော်မြင့်မိုး၊ ၆၁.၂၃ ကီလိုတန်းတွင် နိုင်လတ်နှင့်လွှမ်းမိုးအောင်၊ ၇၂.၅၇ ကီလိုတန်းတွင် ထက်ဝေလင်းနှင့်စောဝီလျံထက်၊ ၅၀.၈၀ ကီလိုတန်းတွင် နေဘ်ဖုန်းနှင့်ဖြိုးကိုကို၊ ၅၇.၁၅ ကီလိုတန်းတွင် နေထက်အောင်နှင့် စောလင်းအောင်၊ ရန်ထက်အောင်နှင့်စောခိုင်ရဲလင်း၊ ၆၃.၅၀ ကီလိုတန်းတွင် ဝင်းလှိုင်ထွန်းနှင့်ကျော်မျိုးထွေး၊ ၇၉.၃၈ ကီလိုတန်းတွင်နေအောင်လင်းနှင့်ဇော်ဆိုင်းနော်၊ အမျိုးသမီးလေးချီ ၆၁.၂၃ ကီလိုတန်းတွင် နော်ဥမ္မာစိုးနှင့် အိအိထွေးတို့ ယှဉ်ပြိုင်ထိုးသတ်ခဲ့ကြသည်။

ပြိုင်ပွဲတွင် အနိုင်ရရှိသူများအား Myanmar Boxing Commission မှ တာဝန်ရှိသူများက World Boxing Council က ချီးမြှင့်သည့် ဆုတံဆိပ်များပေးအပ်ချီးမြှင့်ခဲ့ကြသည်။

အဆိုပါလက်ရည်စစ်ပွဲသို့ မြန်မာနိုင်ငံလက်ဝှေ့အဖွဲ့ချုပ်ဥက္ကဋ္ဌ(၁)ဦးကျော်ကျော်စိုး၊ ဥက္ကဋ္ဌ(၂)ဦးကိုကိုအောင်နှင့် အမှုဆောင်များ၊ Myanmar Boxing Commission မှ တာဝန်ရှိသူများ၊ Japan Boxing Commission မှ တာဝန်ရှိသူများနှင့် လက်ဝှေ့ဝါသနာရှင်များ ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

(၅၀၀)

# မြဝတီအမျိုးသမီးအသင်းဝင်ရောက်ယှဉ်ပြိုင်မည့် 2024-2025 AFC Women's Champions League Preliminary ပြိုင်ပွဲ အုပ်စုပွဲစဉ်များထုတ်ပြန်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံကိုယ်စားပြုပြီး မြဝတီအမျိုးသမီးအသင်း ဝင်ရောက်ယှဉ်ပြိုင်မည့် 2024–2025 AFC Women's Champions League Preliminary ပြိုင်ပွဲအတွက် အုပ်စုပွဲစဉ်များကို အာရှဘောလုံးအဖွဲ့ချုပ်က အတည်ပြုထုတ်ပြန်ခဲ့ကြောင်း သိရသည်။



မြဝတီအမျိုးသမီးအသင်းသည်ပြီးခဲ့သည့် ဘောလုံးရာသီက မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည့်အတွက် 2024–2025 AFC Women's Champions League Preliminary ကို ပထမဆုံးအကြိမ်အဖြစ် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရရှိခဲ့ခြင်းဖြစ်သည်။

2024–2025 AFC Women's Champions League Preliminary ပြိုင်ပွဲတွင် မြဝတီအမျိုးသမီးအသင်းသည် ဆော်ဒီထိပ်တန်းကလပ် အယ်လ်နာဆာအမျိုးသမီးအသင်း၊ ယူအေအီးကလပ် အဘူဒါဘီကန်းထရီးအမျိုးသမီးအသင်း၊ လာအိုကလပ် Young Elephants အမျိုးသမီးအသင်းတို့နှင့် အုပ်စု (A) တွင် တစ်အုပ်စုတည်းကျရောက်လျက်ရှိနေသည်။

2024–2025 AFC Women's Champions League Preliminary တွင်မြဝတီအမျိုးသမီးအသင်းသည် အုပ်စုပွဲစဉ်များအဖြစ် ဩဂုတ်လ ၂၅ ရက်တွင် အယ်နာဆာအမျိုးသမီးအသင်းနှင့်လည်းကောင်း၊ ဩဂုတ်လ ၂၈ ရက်တွင်အဘူဒါဘီကန်းထရီးအမျိုးသမီးအသင်းနှင့်လည်းကောင်း၊ ဩဂုတ်လ ၃၁ ရက်တွင် Young Elephants အမျိုးသမီးအသင်းနှင့်လည်းကောင်း အသီးသီးယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **စည်သူအောင်**

# ရွှေဘိုမြို့တွင် စစ်ဘေးရှောင်ပြည်သူ ၁၀ ဦးကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများ လုံ့ဆော်ဝါဒဖြန့်

နေပြည်တော် ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ရွှေဘိုမြို့တွင် စစ်ရှောင်ပြည်သူ ၁၀ ဦးကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဩဂုတ်လ ၁၇ ရက်နေ့တွင် ဖမ်းဆီးထားကြောင်း သတင်းတု၊ သတင်းအမှားများကို တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်လှုံ့ဆော်ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။




အဆိုပါသတင်းနှင့်ပတ်သက်၍ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ ဩဂုတ်လ ၁၇ ရက်နေ့က စစ်ရှောင်ပြည်သူ ၁၀ ဦးကျော်ကို လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးထားသည့် သတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ PDF အမည်ခံ အကြမ်းဖက်သမားများက ဒေသခံပြည်သူများအသွင်ဆောင်၍ မြို့ရွာများအတွင်း အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်နေခြင်းကြောင့် တာဝန်ရှိသူများနှင့်လုံခြုံရေးတပ်ဖွဲ့ဝင်များပူးပေါင်း၍ လှည့်ကင်းပတ်ကင်းများဆောင်ရွက်ခြင်း၊ ရှောင်တခင်စစ်ဆေးခြင်းများ ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

တရားမဝင်ပြည်ဖျက်မီဒီယာများက လုံခြုံရေးတပ်ဖွဲ့ဝင်များအပေါ် ပြည်သူများအထင်အမြင် လွဲမှားစေမည့် သတင်းတု၊ သတင်းအမှားများနှင့် အကြမ်းဖက်သမားများ၏ အကြမ်းဖက်လုပ်ရပ်များကို ဖုံးကွယ်ရေးသားထားသည့် လုပ်ကြံသတင်းများကိုသာ ရည်ရွယ်ချက်ရှိရှိ လှုံ့ဆော်ရေးသားဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)

# ပဲခူးတိုင်းဒေသကြီးတွင် စစ်မှုထမ်းဆောင်ရန် တစ်မြို့နယ်လျှင် လူ ၂၀ နှုန်း အဓမ္မလူစုဆောင်းနေကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာ DVB က မဟုတ်မမှန်သတင်းရေးသားထုတ်လွှင့်ဖြန့်ဝေ




နေပြည်တော် ဩဂုတ် ၂၀

ပဲခူးတိုင်းဒေသကြီးအတွင်းရှိ သဲကုန်း၊ အုတ်ဖို၊ နတ်တလင်းစသည့်မြို့နယ်များတွင် စစ်မှုထမ်းဆောင်ရန် တစ်မြို့နယ်လျှင် လူ ၂၀ နှုန်း အဓမ္မလူစုဆောင်းနေကြောင်း၊ ညဘက် လူအိပ်ချိန်တွင် အိမ်ထဲထိဝင်ရောက်ဆွဲခေါ်နေကြောင်း၊ အသက်မပြည့်သေးသောသူများလည်း ပါဝင်နေကြောင်း၊ စစ်မှုထမ်းကာလ ၅ နှစ်တာဝန်ထမ်းဆောင်ရန် လက်မှတ်ရေးထိုးခိုင်းနေကြောင်း စသည်ဖြင့် မဟုတ်မမှန်ဝါဒဖြန့် သတင်းများကို ပြည်ဖျက်မီဒီယာ DVB က အခြေအမြစ်မရှိဘဲ ရေးသားဖြန့်ဝေနေသည်ကို သိရသည်။

အဆိုပါသတင်းသည် တရားမဝင်ပြည်ဖျက်မီဒီယာနှင့် နိုင်ငံကိုအလုံးစုံပျက်သုဉ်းစေလိုသူ အကြမ်းဖက်၊ လောက်ကောင်များက လူငယ်လူရွယ်များကို လမ်းမှားရောက်စေရန်အတွက် သွေးထိုးလှုံ့ဆော်ဝါဒဖြန့်ထုတ်လွှင့်နေခြင်းသာဖြစ်ကြောင်း၊ လက်ရှိတွင် ပြည်သူ့စစ်မှုထမ်းသင်တန်း အမှတ်စဉ်(၄)အထိ အောင်မြင်စွာဖွင့်လှစ်သင်ကြားနိုင်လျက်ရှိပြီး ပြည်သူ့စစ်မှုထမ်းသင်တန်းဆင်း နိုင်ငံ့သားကောင်းစစ်သည်များသည် တာဝန်ကျရာတပ်ရင်းတပ်ဖွဲ့အသီးသီးတွင် နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးတာဝန်များကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်နေသည်မှာ မငြင်းနိုင်သည့်အမှန်တရားသာဖြစ်ကြောင်း၊ မိဘပြည်သူများကို အသိအမြင်လွဲမှားစေရန်၊ စိုးရိမ်ပူပန်မှုမြင့်တက်စေရန် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံဖန်တီး ရေးသားထုတ်လွှင့်ခြင်းသာဖြစ်ပြီး ပြည်သူ့စစ်မှုထမ်းဆိုင်ရာ သတင်းမှန်များကိုလည်း နိုင်ငံပိုင်မီဒီယာများမှစဉ်ဆက်မပြတ်ထုတ်လွှင့်ပေးနေလျက်ရှိကြောင်း သက်ဆိုင်ရာတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရသိရသည်။

(၁၀၀)


# မိုးပိုလာနိုင်

နေပြည်တော် ဩဂုတ် ၂၀

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

(မိုး/ဇလ)

# နေ့စဉ်သက်ဆိုင်ရာတိရစ္ဆာန်လေးများ၏ ခြံဝင်းလှောင်အိမ်များတွင် တင်ဆက်ပေးနေသည့် Keeper Talks အစီအစဉ်ကိုလေ့လာရန် တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကဖိတ်ခေါ်




ရန်ကုန် ဩဂုတ် ၂၀

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)တွင် နေ့စဉ် နံနက် ၉ နာရီခွဲမှ ညနေ ၃ နာရီခွဲအတွင်း သက်ဆိုင်ရာတိရစ္ဆာန်များ၏ ခြံဝင်းလှောင်အိမ်များတွင် တင်ဆက်ပေးနေသည့် Keeper Talks အစီအစဉ်သို့လာရောက်လေ့လာနိုင်ကြောင်း အဆိုပါတိရစ္ဆာန်ဥယျာဉ်မှဖိတ်ခေါ်ထားသည်။

အဆိုပါအစီအစဉ်တွင် တိရစ္ဆာန်ထိန်းသိမ်းစောင့်ရှောက်သူများက ၎င်းတို့ထိန်းသိမ်းစောင့်ရှောက်ပေးနေသည့် တောရိုင်းတိရစ္ဆာန်များနှင့်ပတ်သက်သည့် ဗဟုသုတများ၊ အသိပညာအကြောင်းအရာများ၊ တောရိုင်းတိရစ္ဆာန်များ၏ နေထိုင်မှုသဘာဝနှင့် သဘာဝဂေဟစနစ်တွင် သက်ရှိများ မှီတည်ချိတ်ဆက်နေမှုတို့ကို ပညာပေးပြောကြားသွားမည်ဖြစ်ကြောင်း တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)က အသိပေးထားသည်။

ယင်းအစီအစဉ်ကို နေ့စဉ် နံနက် ၉ နာရီခွဲတွင် ငှက်ကြီးဝန်ပို၊ နံနက် ၁၀ နာရီခွဲတွင် မျောက်စပ်၊ နံနက် ၁၁ နာရီခွဲတွင် မြင်းကျား၊ မွန်းလွဲ ၁ နာရီခွဲတွင် ဘင်္ဂလားကျား၊ မွန်းလွဲ ၂ နာရီခွဲတွင် အာရှဆင်နှင့် ညနေ ၃ နာရီခွဲတွင် ရွှေသမင် အစရှိသဖြင့် သတ်မှတ်ချိန်အလိုက် သက်ဆိုင်ရာတိရစ္ဆာန်လေးများ၏ ခြံဝင်းလှောင်အိမ်များတွင် တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

Keeper Talks အစီအစဉ်ကို ကြည့်ရှုခြင်းအားဖြင့် တောရိုင်းတိရစ္ဆာန်များနှင့် ပတ်သက်သည့် ဗဟုသုတများ၊ ထိန်းသိမ်းကာကွယ်စောင့်ရှောက်ရေး အသိအမြင်များ တိုးပွားလာနိုင်မည်ဖြစ်၍ တိရစ္ဆာန်ဥယျာဉ် (ရန်ကုန်)သို့ လာရောက်အပန်းဖြေလည်ပတ်ရင်း Keeper Talks အစီအစဉ်ကိုကြည့်ရှုရန်လည်း ဖိတ်ခေါ်ထားသည်။

တိရစ္ဆာန်ဥယျာဉ်(ရန်ကုန်)ကို နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ နေ့စဉ်ဖွင့်လှစ်လျက်ရှိကြောင်း သိရသည်။

MT

# ကျွန်းလှမြို့နယ်၌ ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံ စိုက်ပျိုးရောင်းချ

ကျွန်းလှ ဩဂုတ် ၂၀

စစ်ကိုင်းတိုင်းဒေသကြီး ကျွန်းလှမြို့နယ်၌ ရာသီအလိုက် ဟင်းသီးဟင်းရွက် သီးနှံမျိုးစုံ စိုက်ပျိုးထုတ်လုပ်လျက်ရှိရာ ယခုနှစ် မိုးရာသီတွင် ဟင်းသီးဟင်းရွက်မျိုးစုံ စိုက်ပျိုးရောင်းချခြင်းဖြင့် မိသားစုဝင်ငွေရရှိကြောင်း ဒေသခံတောင်သူများထံမှ သိရသည်။

"ကျွန်တော်တို့ဒေသမှာက စပါးအပြင် ဟင်းသီးဟင်းရွက်မျိုးစုံကို နွေ၊ မိုး၊ ဆောင်း ရာသီမရွေး ချောင်းရေနဲ့ မြေအောက်ရေတင် စိုက်ပျိုးကြပါတယ်။ ဒီနှစ် မိုးရာသီမှာ ငရုတ်၊ ရုံးပတီ၊ ပဲတောင့်ရှည်၊ ခရမ်း၊ ဖူးစားပြောင်း၊ သခွား၊ ရွှေဖရုံတို့စိုက်ပျိုးခြင်းဖြင့် မိသားစုဝင်ငွေရရှိကြပါတယ်။ ဆောင်းရာသီစိုက်ပျိုးဖို့ ဟင်းသီးဟင်းရွက်ပျိုးပင်များ ပျိုးထောင်ထားပါတယ်"ဟု ဒေသခံတောင်သူတစ်ဦးက ပြောသည်။

အဆိုပါ ဟင်းသီးဟင်းရွက်စိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းစေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ တာဝန်ရှိသူများက GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ ကျန်းမာရေးနှင့်ညီညွတ်သည့် သီးနှံများထွက်ရှိရေး၊ သဘာဝမြေဩဇာ၊ သဘာဝပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးပြုလုပ်သုံးစွဲရေးတို့ကို ကွင်းဆင်းအသိပညာပေးလျက်ရှိသည်။

ကျွန်းလှမြို့နယ်၌ ၂၀၂၄-၂၀၂၅ ခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် ဟင်းသီးဟင်းရွက်သီးနှံမျိုးစုံစိုက်ပျိုးရန် ၁၄၉၉၅ ဧကလျာထားပြီး လက်ရှိအထိ ၁၅၀၁၂ ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မျိုးဝင်းညို(ကျွန်းလှ)



# နတ်မောက်မြို့၌ မြန်မာစာအရေး အဖတ်မှန်ကန်စေရေး အခြေခံသင်တန်း ဖွင့်လှစ်သင်ကြားပေး

နတ်မောက် ဩဂုတ် ၂၀

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့်ပညာရေးဌာနတို့ ပူးပေါင်း၍ မြန်မာစာအရေး အဖတ်မှန်ကန်စေရေး အခြေခံသင်တန်းကို ဩဂုတ်လ ၁၉ ရက်တွင် လူထုအခြေပြုဗဟိုဌာန၌ ဖွင့်လှစ်သင်ကြားပေးသည်။

သင်တန်းတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဥမ္မာခင်က အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းမှ ကျောင်းသား၊ ကျောင်းသူများအား မြန်မာစာ၊ မြန်မာဘာသာစကားကို လေ့လာသင်ယူရာတွင်ဖြစ်စေ၊ လက်တွေ့အသုံးချရာတွင်ဖြစ်စေ ကြုံတွေ့ရသည့်အခက်အခဲများ၊ ပြဿနာများကို ဖြေရှင်းတတ်စေရန်၊ စဉ်းစားတွေးခေါ် ဖန်တီးတတ်စေရန်၊ မြန်မာစာကို ချစ်မြတ်နိုးပြီး ထိန်းသိမ်းကြစေရန် ရည်ရွယ်၍သင်တန်းဖွင့်လှစ်ပို့ချပေးခြင်းဖြစ်ကြောင်း ပြောသည်။

ဆက်လက်၍ နည်းပြဆရာ စာရေးဆရာမောင်နန္ဒ(မြစ်ကြီးနား)က မြန်မာစာရွတ်ဆိုရာတွင် အသံထွက်မှန်ကန်စွာ ရွတ်ဆိုနိုင်ရေး၊ သုံးသံတွဲဗျည်းမှ ပထမဗျည်းသံနှင့် ဒုတိယဗျည်းသံတို့သည် တတိယဗျည်းသံသံပြင်းသို့ ပြောင်းသွားကြောင်း၊ နာမဝိသေသနနှင့်နာမ်ကိုနီးကပ်စွာထားခြင်း၊ ကြိယာဝိသေသနနှင့်ကြိယာကို နီးကပ်စွာထားခြင်း၊ ကတ္တားပုဒ်ကို သက်ဆိုင်ရာကြိယာနှင့် နီးကပ်စွာထားခြင်းသည် ပုဒ်အထားအသိုမှန်ကန်ပြီး စနစ်တကျဖြစ်စေကြောင်းတို့ကို ကျောင်းသား၊ ကျောင်းသူများ ပိုမိုနားလည်စေရန်အတွက် အတိုကောက်မှတ်သားနိုင်ရန် ကဗျာများဖြင့် ရှင်းလင်းဆွေးနွေးကြောင်း သိရသည်။

လှဝင်း

# ပြည်ပနိုင်ငံသို့ တရားမဝင်သွားရောက်သူအများစုမှာ အဆင်မပြေမှုကြုံတွေ့နေရသည့်အတွက် တရားဝင်လမ်းကြောင်းမှသာသွားရောက်ကြရန်လို

ရန်ကုန် ဩဂုတ် ၂၀

ပြည်တွင်းစက်ရုံလုပ်ငန်းခွင်တွင် အလုပ်ဝင်နေရာမှ ပြည်ပသို့တရားမဝင်သွားရောက်ကြရာ အများစုမှာ အဆင်မပြေမှုကြုံတွေ့ရသည်ဟု သိရသည့်အတွက် တရားဝင်လမ်းကြောင်းမှသာ သွားရောက်ကြစေလိုကြောင်း အလုပ်သမားအရေး ကူညီဆောင်ရွက်ပေးနေသူများက တိုက်တွန်းပြောဆိုသည်။

စက်မှုဇုန်လုပ်သားများအနေဖြင့် ထိုင်းနိုင်ငံ၊ တရုတ်နိုင်ငံတို့သို့ တရားမဝင်လမ်းကြောင်းများမှ သွားရောက်နေကြပြီး ချိတ်ဆက်သွားသည့် အခြေအနေအပေါ်မူတည်ပြီး အလုပ်ရသူအချို့ရှိသော်လည်း အများစုမှာ အဆင်မပြေမှုများကြုံတွေ့ရကာ အချို့မှာ ပြည်တွင်းသို့ ပြန်လည်ဝင်ရောက်သူများလည်း ရှိနေခြင်းဖြစ်သည်။

"တရားမဝင်လမ်းကြောင်းတွေက အခုဆိုရင်လည်း တရုတ်နိုင်ငံဘက်ကို ထွက်ကြတယ်၊ ကျွန်မတို့ပြောလည်း တရားမဝင်နဲ့သွားနေတာက မသေချာဘူး။ အဲဒီကိုရောက်နေတဲ့သူတွေက ပြန်ခေါ်တာ၊ အဲဒီလိုထွက်သွားတဲ့ထဲမှာဆိုရင် ၁၀ ယောက်လောက်ထွက်သွားတာ၊ နှစ်ယောက်လောက်ပဲ ဟိုမှာအဆင်ပြေတယ်၊ ကျန်တဲ့ခြောက်ယောက်က သွားလို့မရတာတို့၊ ဘာတို့ရှိတယ်၊ ထိုင်းနိုင်ငံဘက်ဆိုရင်လည်း ဒီလိုပဲ၊ ကျွန်မတို့က တရားဝင်လမ်းကြောင်းကနေသွားဖို့ တွန်းအားပေးပေမယ့် တရားမဝင်သွားကြတယ်။ အဲဒီအခါ အဆင်မပြေလို့ပြန်လာကြတာမျိုးလည်း ရှိတယ်၊ သူတို့ရဲ့ ချိတ်ဆက်သွားတဲ့အခြေအနေအပေါ်မူတည်ပြီး အလုပ်ရတာ၊ မရတာမျိုးလို့ပဲထင်တယ်။ တချို့ကျတော့လည်း ဟိုဘက်မှာ လုံးဝအဆင်မပြေဘူး" ဟု အလုပ်သမားများကို ကူညီဆောင်ရွက်ပေးနေသူတစ်ဦးက ပြောကြားသည်။

ပြည်ပသို့ရောက်ရှိနေသူများနှင့် ပြည်တွင်းရှိ နေထိုင်သူများအနေဖြင့်လည်း တရားဝင်လမ်းကြောင်းမှ သွားရောက်နိုင်ပါက အကောင်းဆုံးဖြစ်ပြီး မိမိ၏ရေရှည်အကျိုးအပြစ်ကိုသိရှိပြီး သွားရောက်ခြင်းက အကောင်းဆုံးဖြစ်ကြောင်းလည်း ၎င်းက ဆိုသည်။

"ပြည်ပသွားတဲ့သူတွေရော၊ ပြည်တွင်းမှာ ကျန်နေတဲ့သူရော ကိုယ့်ရဲ့ရေရှည်ကို တိုင်းထွာပြီး သွားတာက အကောင်းဆုံးပါ။ ကိုယ်က ဟိုဘက်မှာ ဘယ်လောက်အထိ အချိတ်အဆက်ရထားလဲ။ ဘာမှမရထားဘဲ ဒီကလစာနည်းလို့သွားမယ်ဆိုတာမျိုးတော့ မဖြစ်သင့်ဘူးပေါ့။ ဟိုရောက်မှ ဒုက္ခဖြစ်နေကြတာရှိနေတော့လေ" ဟု ၎င်းကရှင်းပြသည်။

MT

လမ်းလျှောက်ခြင်းကြောင့် ခန္ဓာကိုယ်ရှိသွေးကြောများ သွေးလည်ပတ်မှုကောင်းစေသည်။

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
## ပြည်ထောင်စုအစိုးရအဖွဲ့ရုံး
## လျှောက်လွှာခေါ်ယူခြင်း
## ကြော်ငြာစာအမှတ်(၃/၂၀၂၄)

၁၃၈၆ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၂ ရက်

(၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၂၁ ရက်)

၁။ ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် လစ်လပ်လျက်ရှိသော **အငယ်တန်းစာရေး (လစာနှုန်း ၁၈၀၀၀၀-၂၀၀၀-၁၉၀၀၀၀)ရာထူး(၂၀)နေရာ**အတွက် အောက်ဖော်ပြပါ သတ်မှတ်ချက်များနှင့် ပြည့်စုံသူများ လျှောက်ထားနိုင်ပါသည်-

(က) ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံသားဖြစ်ရမည်။

(ခ) တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူဖြစ်ရမည်။

(ဂ) အိမ်ထောင်မရှိသူ အမျိုးသား၊ အမျိုးသမီး ဖြစ်ရမည်။

(ဃ) ၁-၁၀-၂၀၂၄ ရက်နေ့တွင် အသက်(၂၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။

(င) ကျန်းမာရေးကောင်းမွန်သူ ဖြစ်ရမည်။

(စ) ပြည်ထောင်စုအစိုးရအဖွဲ့ရုံးတွင် အနည်းဆုံး(၅)နှစ် တာဝန်ထမ်းဆောင်နိုင်သူ ဖြစ်ရမည်။

(ဆ) အစိုးရဌာနတစ်ခုခု၏ ဝန်ထမ်းအဖြစ်မှထုတ်ပစ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်း ခံရသူများ လျှောက်ထားခွင့်မရှိပါ။

၂။ လျှောက်ထားသူများသည် အောက်ပါစာရွက်စာတမ်းများပူးတွဲလျက် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်သို့ **၂၃-၉-၂၀၂၄ ရက်(တနင်္လာနေ့) နောက်ဆုံးထား၍ လူကိုယ်တိုင်(သို့မဟုတ်) စာတိုက်မှတစ်ဆင့်လျှောက်ထားနိုင်ပါသည်-**

(က) ကိုယ်ရေးမှတ်တမ်း

(ခ) ပညာအရည်အချင်း အထောက်အထားမိတ္တူ (ဘွဲ့လက်မှတ်မိတ္တူနှင့် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်မိတ္တူ)

(ဂ) နိုင်ငံသားစိစစ်ရေးကတ်မိတ္တူနှင့် အလုပ်သမားမှတ်ပုံတင်မိတ္တူ

(ဃ) အကျင့်စာရိတ္တကောင်းမွန်ကြောင်း၊ ပြစ်မှုကင်းရှင်းကြောင်းသက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းထောက်ခံချက်

(င) (၁)လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့အရွယ်ဓာတ်ပုံ(၃)ပုံ

၃။ လျှောက်လွှာပိတ်ရက်ထက်ကျော်လွန်ပေးပို့လာသော လျှောက်လွှာများနှင့်အချက်အလက်များ ပြည့်စုံစွာဖော်ပြထားခြင်းမရှိသော လျှောက်လွှာများကို လက်ခံမည်မဟုတ်ပါ။

၄။ လျှောက်ထားသူများသည် ရေးဖြေစာမေးပွဲဖြေဆိုရမည်ဖြစ်ပြီး ရေးဖြေစာမေးပွဲတွင် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတတို့ကို စစ်ဆေးမည်ဖြစ်ပါသည်။ **ရေးဖြေစာမေးပွဲကို ၂-၁၀-၂၀၂၄ ရက် (ဗုဒ္ဓဟူးနေ့) နံနက်(၀၉၃၀)နာရီမှ (၁၂၃၀)နာရီအထိ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။**

၅။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၃၀-၉-၂၀၂၄ ရက်နှင့် ၁-၁၀-၂၀၂၄ ရက်တို့တွင် ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်၌ ရုံးချိန်အတွင်း ထုတ်ပေးသွားမည်ဖြစ်ပါသည်။ (စာမေးပွဲဖြေဆိုခွင့် ကတ်ပြားပါနံပါတ်သည် ခုံအမှတ်ဖြစ်ပါသည်)

၆။ ရေးဖြေစာမေးပွဲအောင်မြင်သူများကို လူတွေ့စစ်ဆေးခြင်းပြုလုပ်သွားမည် ဖြစ်ပြီး ရေးဖြေစာမေးပွဲဖြေဆိုပြီးသည့်ရက်မှ ရက်သတ္တ(၂)ပတ်အတွင်း လူတွေ့စစ်ဆေးမည့်သူများ၏ အမည်စာရင်းအား ကြေညာသွားမည်ဖြစ်ပါသည်။ လူတွေ့စစ်ဆေးချိန်တွင် ဘွဲ့လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်၊ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် အခြားအောင်လက်မှတ်များ၊ အလုပ်သမားမှတ်ပုံတင်စသည်တို့ကို မူရင်းတင်ပြနိုင်ရပါမည်။ အသေးစိတ်သိရှိလိုပါက ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၊ ရုံးအမှတ်(၁၈)၊ နေပြည်တော်- ဖုန်းနံပါတ်၊ ၀၆၇-၃၄၀၉၆၅၈ နှင့် ၀၆၇-၃၄၀၉၁၅၂ တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပြည်ထောင်စုအစိုးရအဖွဲ့ရုံး**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ ဝန်ဇင်းရပ်ကွက်၊ နယ်မြေ(၁၂)၊ စိတ္တရမဟီလမ်း၊ ဦးပိုင်အမှတ်(၂၇)၊ မြေကွက်အမှတ်(၂၇)နေ၊ ဦးအောင်ထွန်း(၉/မထလ(နိုင်)၀၁၈၃၆၈)ကိုင်ဆောင်သူမှ (အလျား ၁၁၀'-၀")ခန့် ဝန်းခြံအုတ်တံတိုင်းကာရံခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအုတ်တံတိုင်းကာရံခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

### ကန့်ကွက်လွှာခေါ်ယူခြင်းကြော်ငြာစာ

မိတ္ထီလာမြို့၊ အောင်ဇေယျာရပ်ကွက်၊ နယ်မြေ(၇)၊ ရန်ကုန်-မန္တလေးလမ်း၊ ဦးပိုင်အမှတ်(၆)၊ မြေကွက်အမှတ်(၇)နေ၊ ဒေါ်စန်းငွေး(၉/မထလ(နိုင်)၁၆၁၅၅၅)ကိုင်ဆောင်သူမှ (အလျား ၈၈'-၀" x အနံ ၁၈'-၀")RC(၃)ထပ် အဆောက်အဦဆောက်လုပ်ခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ယင်းအဆောက်အဦဆောက်လုပ်ခွင့်လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လွှာတင်သွင်းလိုပါက ဤကြော်ငြာစာပါသည့်ရက်မှစ၍(၁၅)ရက်အတွင်း ခိုင်လုံသောအထောက်အထားများယူဆောင်လာ၍ မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့ရုံးတာဝန်ရှိသူထံ လူကိုယ်တိုင်တွေ့ဆုံတင်ပြကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**မိတ္ထီလာမြို့နယ်စည်ပင်သာယာရေးအဖွဲ့**

**ပျောက်ဆုံးကြောင်း**

စတင်ထွေးအောင်(ဘ)ဦးဝင်းမြိုင်၁၄/ပတန(နိုင်)၄၂၃၂၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 595430)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၁၀၉၁၀၉၅**

**ဖခင်အမည်မှန်**

နတ်မောက်မြို့၊ အ.ထ.က(၁) Grade -4 မှ မောင်သော်ဇင်ဟိန်း၏ဖခင်အမည်မှန်မှာ ဦးစိုးညွန့်ဦး ၇/ရကန(နိုင်)၀၃၅၆၈၉ ဖြစ်ပါကြောင်း။

**ဦးစိုးညွန့်ဦး**

**ပျောက်ဆုံးကြောင်း**

သူသူ(ဘ)ဦးထွန်းဝင်း ၉/ပကခ(နိုင်)၀၅၀၅၈၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၉၀၆၅၁၅၈၄**

**ဖခင်အမည်မှန်**

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ အ.ထ.က (ကျည်တောင်ကန်) Grade-12(B)၊ ကျောင်းဝင်အမှတ် ၅၉၉၆ မသဇင်နွယ်၏ဖခင်အမည်မှန်မှာ ဦးလှမိုး ၉/ပမန(နိုင်)၁၄၀၉၆၅ ဖြစ်ပါကြောင်း။ **ဦးလှမိုး**

**ဖခင်အမည်မှန်**

နတ်မောက်မြို့၊ အ.ထ.က(အောင်ဆန်း) Grade -11 မှ မောင်ဇင်မင်းမောင်၏ဖခင်အမည်မှန်မှာ ဦးမြင့်နိုင်ထွေး ၈/နမန(နိုင်)၁၂၆၃၃၀ ဖြစ်ပါကြောင်း။

**ဦးမြင့်နိုင်ထွေး**

**ဖခင်အမည်မှန်**

နတ်မောက်မြို့၊ အ.ထ.က(၁) Grade -9 မှ မကေရီဝေစိုး၏ဖခင်အမည်မှန်မှာ ဦးစိုးညွန့်ဦး ၇/ရကန(နိုင်)၀၃၅၆၈၉ ဖြစ်ပါကြောင်း။

**ဦးစိုးညွန့်ဦး**

**ပျောက်ဆုံးကြောင်း**

အေးအေးသင်း(ဘ)ဦးထွန်းရင် ၁၄/ဝခမ(နိုင်)၃၄၆၇၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MJ 189527)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၅၂၅၇၈၄၀၇**




## မြန်မာနိုင်ငံတော်ဗဟိုဘဏ်
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် အသုံးပြုနေသည့်On Prime Email System နှင့် စပ်လျဉ်းသည့် License များ(၁)နှစ် သက်တမ်းတိုးခြင်းဝန်ဆောင်မှုလုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ တင်ဒါစည်းကမ်းများပါဝင်သော အိတ်ဖွင့်တင်ဒါပုံစံကို(၁၉-၈-၂၀၂၄)ရက်နေ့မှ (၂၈-၈-၂၀၂၄)ရက်နေ့အထိ ရုံးဖွင့်ရက်များအတွင်း မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ နေပြည်တော်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့် နည်းပညာဌာနသို့ လာရောက်ဝယ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို(၅-၉-၂၀၂၄)ရက်နေ့ မွန်းလွဲ(၀၂:၀၀)နာရီ နောက်ဆုံးထား၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီးတွင် တင်သွင်းရန်ဖြစ်ပါသည်။ (သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။)

၄။ အိတ်ဖွင့်တင်ဒါတင်သွင်းလိုသူသည် တင်ဒါတန်ဖိုး၏ ၁% အားတင်ဒါအာမခံကြေးအဖြစ် (၃)လသက်တမ်းရှိ Bank Guarantee Letter မူရင်းအား သတ်မှတ်တင်ဒါစာရွက်စာတမ်းများနှင့် အတူချိတ်ပိတ်တင်သွင်းရပါမည်။ **(ငွေသား (သို့မဟုတ်) PO Cheque ဖြင့် တင်ဒါတင်သွင်းခြင်းအား လုံးဝ(လုံးဝ) လက်ခံမည်မဟုတ်ပါ)**

၅။ အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့် လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာနကြီး၊ သတင်းအချက်အလက်နှင့်နည်းပညာဌာန၊ ဖုန်းနံပါတ် ၀၆၇-၃၄၁၈၆၉၈ နှင့် Email လိပ်စာ it.ahrd@cbm.gov.mm သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

### ၂၀၂၀ ခုနှစ် Insolvency Law အရ
### CAPPS SOLUTIONS MYANMAR PRIVATE LIMITED
### (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
### (Insolvency Law 147,152 နှင့် Insolvency Rules 9 နှင့် 15(b)အရ)

၂၀၂၄ ခုနှစ်၊ ဩဂုတ်လ(၁၅)ရက်နေ့ ကုမ္ပဏီရုံးခန်း၌ ကျင်းပပြုလုပ်သော ကုမ္ပဏီ၏အစုရှယ်ယာရှင်များ၊ ဒါရိုက်တာအဖွဲ့ဝင်များ၏ အထွေထွေအစည်းအဝေးတွင် အောက်ပါဆုံးဖြတ်ချက်များကို ချမှတ်ခဲ့ကြောင်း ကြေညာအပ်ပါသည်။

၁။ ကုမ္ပဏီအား အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းရန်၊

၂။ ဒေါ်ကေခိုင်ခိုင်လင်း လက်မှတ်ရပြည်သူ့စာရင်းကိုင်အား စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိအဖြစ်ခန့်အပ်ရန်နှင့် ၎င်းအားကုမ္ပဏီ၏ စာရင်းရှင်းလင်းဖျက်သိမ်းရေးဆိုင်ရာကိစ္စအရပ်ရပ်အား ခန့်အပ်သည့်အချိန်မှစ၍ လိုအပ်သလို ဆောင်ရွက်နိုင်ရန်အတွက် သက်ဆိုင်သောလုပ်ကိုင်ခွင့်များကို လွှဲရန်၊

**ဦးအောင်ဇေယျ(ဒါရိုက်တာ)**

**CAPPS SOLUTIONS MYANMAR PRIVATE LIMITED**

### ၂၀၂၀ခုနှစ် Insolvency Law အရ
### ရရန်ရှိသည့် ကြွေးများတောင်းခံရန် သတိပေးခြင်း
### CAPPS SOLUTIONS MYANMAR PRIVATE LIMITED
### (အစုရှယ်ယာရှင်များ၏ ဆန္ဒအလျောက် စာရင်းရှင်းလင်းဖျက်သိမ်းဆဲ)
### (Insolvency Law 201 နှင့် Insolvency Rules 87 အရ)

CAPPS SOLUTION MYANMAR PRIVATE LIMITED ၏ တရားဝင်စာရင်းရှင်းလင်းဖျက်သိမ်းရေး အရာရှိဖြစ်သော ကျွန်ုပ်ထံသို့ (၁၅-၉-၂၀၂၄)နေ့ နောက်ဆုံးထား၍ ကုမ္ပဏီမှပေးရန်ရှိသောကြွေးမြီများအား မြီရှင်ဖြစ်ကြောင်း သတ်မှတ်ပုံစံဖြင့် ခိုင်လုံသောသက်သေခံအထောက်အထားများနှင့်အတူ တောင်းခံကြပါ ရန် အကြောင်းကြားအပ်ပါသည်။ အထက်ဖော်ပြပါ နေ့ရက်နောက်ပိုင်းမှ တောင်းခံလာသောကြွေးမြီများအတွက် တာဝန်ယူမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ဒေါ်ကေခိုင်ခိုင်လင်း(စာရင်းရှင်းလင်းဖျက်သိမ်းရေးအရာရှိ)**

**တိုက်အမှတ်(၆)၊ အခန်းအမှတ်(၃၂၃)၊ မာလာမြိုင်လမ်းသွယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။**

**ပျောက်ဆုံးကြောင်း**

ခန့်မင်းရိုင်း(ဘ)ဦးဒီရာဂျ်ရိုင်း ၉/ပသက (နိုင်)၁၃၇၈၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(ME 555325)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၅၀၄၉၇၇၁**

**ပျောက်ဆုံးကြောင်း**

ပဲခူးမြို့၊ ဟသ်ာကုန်း၊ (၃၉)ရပ်ကွက်နေ မထက်ထက်ဆုရည်(ဘ)ဦးညီညီမြင့် ၇/ပခန(နိုင်)၃၈၈၀၀၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၆၈၂၉၇၄၃၀၆**

**ပျောက်ဆုံးကြောင်း**

ကျောက်ပန်းတောင်းမြို့၊ လက်ပံပျား(တ)ရွာနေ မထားအိပိုး(ဘ)ဦးအောင်မြင့်စိန် ၉/ကပတ(နိုင်)၂၅၆၉၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MI 203265)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**

လဂါလခေါင်(ဘ)ဦးလဂါလဝေါမ် ၁/ဝမန(နိုင်)၀၉၄၆၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 959942)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၆၈၂၇၄၄၄၄၉**

**ပျောက်ဆုံးကြောင်း**

ခင်စန်းရီ(ဘ)ဦးချင်ကင်ချောင်း ၁၂/အစန(နိုင်)၂၀၄၀၆၆ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၃၉၃၂၈၅**

**ပျောက်ဆုံးကြောင်း**

ခင်မာရီ(ဘ)ဦးချင်ကင်ချောင်း ၁၂/အစန(နိုင်)၂၀၃၅၆၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၆၀၇၇၀၆၈၇**

**ပျောက်ဆုံးကြောင်း**

ခင်စန်းမြင့်(ဘ)ဦးချင်ကင်ချောင်း ၁၂/အစန(နိုင်)၂၀၄၀၆၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၇၈၀၄၇၃၇၈၇**

**ပျောက်ဆုံးကြောင်း**

အောင်ကိုလွင်(ဘ)ဦးတင့်လွင် ၁၂/မရက(နိုင်)၁၇၉၅၄၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MF 881534)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၈၉၂၉၆၈၆၅၀**

**ပျောက်ဆုံးကြောင်း**

ကျော်ဇောလင်း(ဘ)ဦးခင်မောင်မြင့် ၉/သစန(နိုင်)၁၇၁၈၃၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၂၅၀၅၁၁၇၇၇**

**ပျောက်ဆုံးကြောင်း**

ထွန်းလင်းအောင်(ဘ)ဦးညီညီချို ၇/ဒဥန(နိုင်)၁၃၇၉၇၂ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၄၆၉၈၂၃၀**

**ပျောက်ဆုံးကြောင်း**

အာကာမင်းထက်ထက်ကျော်(ဘ)ဦးလှငွေ ၁၂/ကတန(နိုင်)၀၈၀၅၅၄ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၅၀၂၅၁၇၆**

# ဘာစီလိုနာအသင်းမှ ဂန်ဒိုဂမ်က ဂျာမနီအသင်းကစားသမားဘဝမှ အနားယူကြောင်း ကြေညာပြီး အသင်းဟောင်းမန်စီးတီးအသင်းသို့ ပြောင်းရွှေ့ရန်နီးစပ်နေ



ဘာစီလိုနာ ဩဂုတ် ၂၀

ဘာစီလိုနာအသင်းကွင်းလယ်ကစားသမား ဂန်ဒိုဂမ်က ဂျာမနီလက်ရွေးစင်အသင်းကစားသမားဘဝမှ အနားယူကြောင်း အတည်ပြုကြေညာပြီး ဘာစီလိုနာအသင်းနှင့်စာချုပ်ဖျက်သိမ်းကာ လမ်းခွဲပြီးလျှင် အသင်းဟောင်း မန်စီးတီးအသင်းသို့ ပြန်လည်ပြောင်းရွှေ့ကစားရန် နီးစပ်လျက်ရှိကြောင်း သိရသည်။

အသက် ၃၃ နှစ်အရွယ် ဂန်ဒိုဂမ်သည် ၂၀၁၁ ခုနှစ်က ဂျာမနီအသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲများတွင် စတင်ပါဝင်ကစားပြီးနောက် ဇူလိုင်လက ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ပြိုင်ပွဲတွင် ဂျာမနီအသင်းနှင့် နောက်ဆုံးပါဝင်ကစားပြီးနောက် ဂျာမနီအသင်းကစားသမားဘဝမှ အနားယူရန် ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

ဂန်ဒိုဂမ်သည် ဂျာမနီအသင်းနှင့်အတူ နိုင်ငံတကာပြိုင်ပွဲစုံ ၈၂ ပွဲပါဝင်ကစားပြီး ၁၉ ဂိုးသွင်းယူနိုင်ကာ အသင်းနှင့်အတူ ၂၀၁၄ ခုနှစ်က ဘရာဇီးနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် ချန်ပီယံဆုဆွတ်ခူးနိုင်ခဲ့သည်။

ဂန်ဒိုဂမ်သည် ၂၀၂၃ ခုနှစ် နွေရာသီကစားသမားအပြောင်းအရွှေ့ကာလက မန်စီးတီးအသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးပြီးနောက် ဘာစီလိုနာအသင်းသို့ အလွတ်ပြောင်းရွှေ့ကြေးဖြင့် ပြောင်းရွှေ့ကစားခဲ့သူဖြစ်ပြီး အသင်းနှင့်အတူ ပြီးခဲ့သည့်ဘောလုံးရာသီက ပြိုင်ပွဲစုံ ၅၁ ပွဲအထိ ပါဝင်ကစားခွင့်ရရှိခဲ့သူဖြစ်သည်။

ဂန်ဒိုဂမ်သည် ပြီးခဲ့သည့်ဘောလုံးရာသီက ဘာစီလိုနာအသင်း၌ အဓိက ကစားသမားအဖြစ်ပွဲထွက်ခွင့်ရရှိခဲ့သော်လည်း ယခုဘောလုံးရာသီတွင် နည်းပြဟန်ဆီဖလစ်လက်အောက်၌ ပွဲထွက်ခွင့်မရရှိနိုင်သည့်အခြေအနေများကြောင့် အသင်းပြောင်းရွှေ့ရန် ပြင်ဆင်ခဲ့ပြီး ဘာစီလိုနာအသင်းကလည်း လက်ရှိအသင်းဘဏ္ဍာရေးအကျပ်အတည်းကို ဖြေရှင်းနိုင်ရန် ဂန်ဒိုဂမ်ကို စာချုပ်ဖျက်သိမ်းကာ အသင်းမှထုတ်ပယ်ရန် ကြိုးပမ်းနေခြင်းဖြစ်သည်။

ဘာစီလိုနာအသင်းက လက်ရှိတွင် ဂန်ဒိုဂမ်ကို အသင်းကစားသမားစာရင်းမှ ထုတ်ပယ်ထားပြီး ဂန်ဒိုဂမ်ကလည်း အသင်းနှင့်စာချုပ်ဖျက်သိမ်းပြီး မန်စီးတီးအသင်းသို့ ပြန်လည်ပြောင်းရွှေ့ရန်နီးစပ်လျက်ရှိကြောင်း သိရသည်။

*Ref;Bild*

## နွေရာသီကစားသမား အပြောင်းအရွှေ့ သတင်းတိုများ

■ ဂျူဗင်တပ်စ်အသင်းက အေစီမီလန်အသင်းကစားသမားကာလူလူကို ခေါ်ယူရန် ကလပ်အသင်းနှစ်သင်းကြား သဘောတူညီမှုရရှိခဲ့ကြောင်း သိရသည်။

■ ဘာစီလိုနာအသင်းနှင့် အနာဂတ်မရေမရာဖြစ်နေသည့် လူငယ်တိုက်စစ်ကစားသမား ဗစ်တာရိုကွေ့ကို စပိန်တင်းလစ္စဘွန်းအသင်းအပြင် ရီးယဲလ်ဘတ်တစ်အသင်းကလည်း အငှားစာချုပ်ဖြင့် ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။

■ ဗီလာရီးယဲလ်အသင်းက ဘောလ်ဆယ်အသင်းလူငယ်ကစားသမား ဘာရီကို ပြောင်းရွှေ့ကြေး ယူရို ၁၅ သန်းဖြင့် ခေါ်ယူရန်သဘောတူညီမှုရရှိပြီး လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

■ ဘရိုက်တန်အသင်းက ဖီနာဘာချီအသင်းမှ ဖာဒီကာဒီလိုဂလူကိုခေါ်ယူရန် သဘောတူညီမှုရရှိပြီး လာမည့်ရက်ပိုင်းအတွင်း ဆေးစစ်မှုများပြုလုပ်ကာ စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

■ ရှိုင်ရယ်အက်ဝပ်အသင်းမှ လူငယ်ကစားသမား ကီတာကို နာပိုလီအသင်းအပြင် ဆောက်သမ်တန်အသင်းနှင့် ဘိုလော့ဂ်နာအသင်းတို့ကလည်း အပြိုင်ကမ်းလှမ်းရန် ပြင်ဆင်လျက်ရှိကြောင်း သိရသည်။

*Ref;Fabrizio Romano*

# ဒဏ်ရာကြောင့်အနားယူနေရသည့် မက်ဆီအနေဖြင့် ယခုလကုန်တွင် အသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း အင်တာမိုင်ယာမီအသင်း အတည်ပြုကြေညာ

ဝါရှင်တန် ဩဂုတ် ၂၀

မေဂျာလိဂ်ကလပ် အင်တာမိုင်ယာမီအသင်းက အဓိကတိုက်စစ်ကစားသမား မက်ဆီသည် ခြေချင်းဝတ်ဒဏ်ရာကြောင့် အနားယူနေရာမှ ယခုလကုန်တွင် အသင်းနှင့်ပြန်လည်ပူးပေါင်းနိုင်မည်ဖြစ်ကြောင်း အတည်ပြုကြေညာခဲ့သည်။

အသက် ၃၇ နှစ်အရွယ် မက်ဆီသည် ဇူလိုင်လ ၁၅ ရက်က ကစားခဲ့သည့် ၂၀၂၄ ကိုပါအမေရိကဖလားပြိုင်ပွဲ ဗိုလ်လုပွဲဖြစ်သည့် အာဂျင်တီးနားအသင်းနှင့် ကိုလံဘီယာအသင်းတို့ ကစားသည့်ပွဲတွင် ပြင်းထန်သည့်ခြေချင်းဝတ်ဒဏ်ရာ ရရှိပြီးနောက် လက်ရှိအချိန်ထိ အနားယူနေရပြီး အင်တာမိုင်ယာမီအသင်းက မက်ဆီ၏ခြေချင်းဝတ်ဒဏ်ရာကို အသေးစိတ်စစ်ဆေးမှုများပြုလုပ်ရာ ကြံ့ခိုင်မှုပြန်လည်ပြည့်ဝရန် ယခုလကုန်အထိ အနားယူရမည်ဖြစ်၍ မက်ဆီကို အဆောတလျင်အသုံးပြုမည်မဟုတ်ဟု အင်တာမိုင်ယာမီအသင်းက အတည်ပြုကြေညာထားသည်။

မက်ဆီသည် ပြီးခဲ့သည့်ဘောလုံးရာသီက အင်တာမိုင်ယာမီအသင်းသို့ ပြောင်းရွှေ့ကစားပြီးနောက် အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြနိုင်ခဲ့ကာ လိဂ်ရှုံးထွက်ဖလားကို ပထမဆုံးအကြိမ်ရယူနိုင်ခဲ့သည်။

ယခုဘောလုံးရာသီတွင် မက်ဆီသည် အသင်းနှင့်အတူ ၁၅ ပွဲပါဝင်ကစားခဲ့ပြီး ၁၄ ဂိုးအထိ သွင်းယူနိုင်ခဲ့ကာ ဂိုးဖန်တီးမှု ၁၁ ကြိမ်ပြုလုပ်ထားသည်။

အင်တာမိုင်ယာမီအသင်းသည် ယခုဘောလုံးရာသီ မက်ဆီမပါဝင်နိုင်ချိန်တွင် လိဂ်ရှုံးထွက်ဖလားပြိုင်ပွဲမှ ထွက်ခွာခဲ့ရသော်လည်း မေဂျာလိဂ်ပြိုင်ပွဲတွင် ၂၅ ပွဲကစားပြီးချိန်တွင် ရမှတ် ၅၃ မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံး၌ ဦးဆောင်နေကြောင်း သိရသည်။

*Ref;Goal.com*

# ချယ်လ်ဆီးအသင်းနှင့် အက်သလက်တီကိုအသင်းတို့ကြား ဂယ်လာဟာနှင့် ဂျာအိုဖီးလစ်တို့အပြောင်းအရွှေ့ကိစ္စ သဘောတူညီမှုရရှိ

လန်ဒန် ဩဂုတ် ၂၀

ချယ်လ်ဆီးအသင်းနှင့် အက်သလက်တီကိုအသင်းတို့ကြား ဂယ်လာဟာနှင့် ဂျာအိုဖီးလစ်တို့အပြောင်းအရွှေ့ကိစ္စနှင့်ပတ်သက်၍ သဘောတူညီမှုရရှိပြီးနောက် လာမည့်ရက်ပိုင်းအတွင်း အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

အက်သလက်တီကိုအသင်းက ဂယ်လာဟာကို အစောပိုင်းကတည်းက ခေါ်ယူရန်သဘောတူညီမှုရရှိခဲ့သော်လည်း ချယ်လ်ဆီးအသင်းက အက်သလက်တီကိုအသင်းမှ အိုမိုရိုဒီယန်ကို အလိုက်ပေးရန် တောင်းဆိုနေသည့်အတွက် အပြောင်းအရွှေ့ကြန့်ကြာနေခဲ့ရသော်လည်း လက်ရှိတွင် ချယ်လ်ဆီးအသင်းက ကစားသမားအလိုက်ပေးရန် တောင်းဆိုခြင်းမရှိတော့သည့်အတွက် ဂယ်လာဟာကို ပြောင်းရွှေ့ကြေးယူရို ၄၂ သန်းဖြင့်ခေါ်ယူရန် သဘောတူညီမှုရရှိခြင်းဖြစ်ပြီး မကြာမီ အပြီးသတ်စာချုပ်ချုပ်ဆိုမည်ဖြစ်သည်။

အလားတူ ချယ်လ်ဆီးအသင်းကလည်း ၂၀၂၃ ခုနှစ်က ခြောက်လအငှားစာချုပ်ဖြင့် ခေါ်ယူခဲ့ဖူးသည့် အက်သလက်တီကိုအသင်းမှ ကွင်းလယ်ကစားသမား ဂျာအိုဖီးလစ်ကို ပြန်လည်ခေါ်ယူရန် ကမ်းလှမ်းရာမှ လက်ရှိတွင် နှစ်သင်းကြား သဘောတူညီမှုရရှိခဲ့ပြီး ပြောင်းရွှေ့ကြေးကို ဖော်ပြခြင်းမရှိသော်လည်း ချယ်လ်ဆီးအသင်းက ဂျာအိုဖီးလစ်ကို ၂၀၃၀ ပြည့်နှစ်အထိ စာချုပ်ချုပ်ဆိုမည်ဖြစ်သည့်အပြင် တစ်နှစ်ထပ်မံသက်တမ်းတိုးခွင့်ကိုလည်း ထည့်သွင်းချုပ်ဆိုမည်ဖြစ်ကြောင်း သိရသည်။

*Ref;NBC Sports*





# မိုင်းပျဉ်းမြို့ လူထုအခြေပြုခန်းမ၌ လူငယ်စကားဝိုင်းကျင်းပ

မိုင်းပျဉ်း ဩဂုတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းပျဉ်းမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် Youth Club တို့ ပူးပေါင်းကျင်းပသော လူငယ်စကားဝိုင်းကို ဩဂုတ်လ ၁၉ ရက် မွန်းလွဲပိုင်းတွင် လူထုအခြေပြုဗဟိုဌာန ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နန်းသန္တာဦးက အဖွင့်အမှာစကား ပြောကြားပြီး လူငယ်စကားဝိုင်း ကျင်းပပေးရခြင်း၏ ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးက အင်တာနက်အကြောင်း အသုံးဝင်ပုံများ၊ ကောင်းကျိုး၊ ဆိုးကျိုးများနှင့် အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး ဦးအောင်မျိုးသူက အင်တာနက်ဖြင့် အသုံးပြုနိုင်သော "Software"များ နှင့် အသုံးပြုပုံများအကြောင်းတို့ဖြင့် ဦးဆောင်၍ ဆွေးနွေးပြီး၊ Grade-12 ကျောင်းသူ မနာလားက "Tiktok" အသုံးပြုခြင်းမှ ရရှိနိုင်သော ဗဟုသုတနှင့် ကောင်းကျိုးအပြစ်များ၊ Grade-12 ကျောင်းသူ မနာတော်က "Facebook, Messenger" သုံးခြင်းမှရရှိနိုင်သော အသိပညာဗဟုသုတနှင့် အကျိုးအပြစ်များအကြောင်းစသည့် ခေါင်းစဉ်များဖြင့် အသီးသီးဆွေးနွေးကြရာ တက်ရောက်လာကြသော Youth Club အဖွဲ့မှ ကျောင်းသူလေးများက သိရှိလိုသည်များကို ပြန်လည်မေးမြန်းဆွေးနွေးကြပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် အားကစားနှင့် ကာယပညာဦးစီးဌာနမှ အားကစားမှူးတို့က ခေါင်းစဉ်တစ်ခုချင်းအလိုက် ပြန်လည်ဖြည့်စွက် ဆွေးနွေးကြသည်။

အဆိုပါ လူငယ်စကားဝိုင်း ဆွေးနွေးပွဲသို့ Youth Club မှကျောင်းသူလေးများ၊ အားကစားနှင့်ကာယပညာဦးစီးဌာနမှ အားကစားမှူး၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ စာဖတ်ဝါသနာပါသူများ တက်ရောက်ကြပြီး အခမ်းအနားအပြီးတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနမှ ပြသထားသော စာအုပ်ပြပွဲနှင့် အသိပညာပေး နံရံကပ်စာစောင်များကို စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာအားပေး ကြကြောင်း သိရသည်။

**နန်းသန္တာဦး(ပြန်/ဆက်)**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့်ဌာနဆိုင်ရာများ မြို့မိမြို့ဖများ ဘိုးဘွားရိပ်သာ ထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကော်မတီဝင်များ တွေ့ဆုံပွဲကျင်းပ



တာချီလိတ် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဝမ်ကောင်းရပ်ကွက် ဘိုးဘွားရိပ်သာ ကြီးကြပ်မှုကော်မတီခန်းမ၌ ရှမ်းပြည်နယ်ဝန်ကြီးချုပ်နှင့် ဌာနဆိုင်ရာများ၊ မြို့မိမြို့ဖများ၊ ဘိုးဘွားရိပ်သာထိန်းသိမ်းစောင့်ရှောက်ရေးလုပ်ငန်းကော်မတီဝင်များ တွေ့ဆုံဆွေးနွေးပွဲကို ဩဂုတ်လ ၁၉ ရက် မွန်းလွဲပိုင်းတွင် ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က အဖွင့်အမှာစကား ပြောကြားပြီး တာချီလိတ်ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌဦးမင်းကိုနှင့် တက်ရောက်လာသူများက ဒေသဆိုင်ရာဖွံ့ဖြိုးရေး ကိစ္စရပ်များအား ဆွေးနွေးတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့နောက် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့် တာဝန်ရှိသူများက အကြမ်းဖက်မှုဖြစ်စဉ်များကြောင့် ထိခိုက်ပျက်စီးခဲ့သော ရှမ်းပြည်နယ်(တောင်ပိုင်း) ဆီဆိုင်မြို့ပြန်လည်ထူထောင်ရေး လုပ်ငန်းများဆောင်ရွက်ရန်နှင့် ရှမ်းပြည်နယ်(မြောက်ပိုင်း)မှ ယာယီနေရပ်စွန့်ခွာ ပြည်သူများအတွက် ရှမ်းပြည်နယ်သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ရန်ပုံငွေသို့ ပါဝင်လှူဒါန်းပေးခဲ့သော အလှူရှင်များအားလည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို စွမ်းစွမ်းတမံ ထမ်းဆောင်လျက်ရှိသည့် ရှေ့တန်းရောက် တပ်မတော်သားများနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအား ချီးမြှင့်ဂုဏ်ပြုငွေပေးအပ်ခဲ့သည့် တာချီလိတ်မြို့ရှိ မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာများနှင့် လုပ်ငန်းရှင်များအားလည်းကောင်း၊ ပြည်သူများ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် စာအုပ်စာစောင်များ အလွယ်တကူ ဖတ်ရှုလေ့လာနိုင်ရေး စာကြည့်တိုက်များ ဆောက်လုပ်ရန်အတွက်လည်းကောင်း၊ စုစုပေါင်းအလှူငွေကျပ် ၄၄၁၄ သိန်းကျော်အား ပေးအပ်လှူဒါန်းခဲ့သည့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများအသီးသီးပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အစိုးရအဖွဲ့မှ တာချီလိတ်ဘိုးဘွားရိပ်သာအတွက် ထောက်ပံ့လှူဒါန်းသည့် ငွေကျပ်သိန်း ၁၀၀ အားပေးအပ်ရာ တာဝန်ရှိသူတစ်ဦးက လက်ခံရယူသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်နှင့်အဖွဲ့သည် ဘိုးဘွားရိပ်သာရှိ အဘိုးဆောင်၊ အဘွားဆောင်နှင့် လူငယ်ပရဟိတဂေဟာများသို့သွားရောက်ကြည့်ရှုကာ အားပေးစကားများပြောကြားကြောင်း သိရသည်။

**မြင့်မိုရ်၊ နေမင်း(တာချီလိတ်)**




# ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေး ပြည်နယ်အဆင့်နည်းပြသင်တန်းဖွင့်

ကျိုင်းတုံ ဩဂုတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းအတွက် ပြည်နယ်အဆင့် နည်းပြသင်တန်းဖွင့်ပွဲကို ဩဂုတ်လ ၁၉ ရက် နံနက်ပိုင်းတွင် ကျိုင်းတုံပညာရေးဒီဂရီကောလိပ်၌ ကျင်းပသည်။

ရှေးဦးစွာ ၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်း ကောက်ယူရေး ပြည်နယ်အဆင့် နည်းပြသင်တန်းသို့ တက်ရောက်လာသည့် သင်တန်းနည်းပြ၊ သင်တန်းမှူး၊ သင်တန်းအထောက်အကူပြုအဖွဲ့များက တစ်ဦးချင်း မိတ်ဆက်ကြသည်။

ထို့နောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒုတိယပြည်နယ်ဦးစီးမှူးရုံး (ကျိုင်းတုံ)မှ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မြတ်သာက သင်တန်းဖွင့်ပွဲ တက်ရောက်လာသူများအား သန်းခေါင်စာရင်းအထိမ်းအမှတ် လက်ဆောင်ပစ္စည်းများပေးအပ်သည်။

အဆိုပါသင်တန်းသို့ ရှမ်းပြည်နယ်(အရှေ့ပိုင်း)ရှိ မြို့နယ်များမှ သင်တန်းသား၊ သင်တန်းသူ ၆၁ ဦး တက်ရာက်ပြီး သင်တန်းကို ဩဂုတ်လ ၁၈ ရက်မှ ၃၀ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်ဇင်မြင့်(ပြန်/ဆက်)**

# စာဖတ်ရှိန်မြှင့်တင်ရေးကျောင်းသား ကျောင်းသူများဖြင့် စာဖတ်ဝိုင်းကျင်းပ

မိုင်းဖြတ် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်၌ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေး လုပ်ငန်းများကို စဉ်ဆက်မပြတ် ဆောင်ရွက်လျက်ရှိရာ ဩဂုတ်လ ၂၀ ရက် နံနက်ပိုင်းတွင် ကျောင်းသား၊ ကျောင်းသူများပါဝင်သည့် Youth Club စာဖတ်ဝိုင်းကို လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ရှေးဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်အေးဝင်းခိုင်က စာဖတ်ဝိုင်းကျင်းပရခြင်း၏ ရည်ရွယ်ချက်များ၊ ၂၀၂၄ ခုနှစ် ဇွန်လ ၁ရက်နေ့ထုတ် အတွဲ(၂၁)၊ အမှတ်(၁၁) ဒို့ကျေးရွာဂျာနယ်ပါ စာကြည့်တိုက်များဖွံ့ဖြိုးတိုးတက်ရေး စဉ်ဆက်မပြတ် ဆောင်ရွက်ရေးခေါင်းစဉ်ပါ အကြောင်းအရာများကို ရှင်းလင်းဖတ်ကြားသည်။

ထို့နောက် စာကြည့်တိုက်လက်ထောက်-၃ ဒေါ်နန်းကောင်ခမ်းက မြို့နယ်ပြည်သူ့စာကြည့်တိုက်တွင် သုတ၊ ရသ စာပေများကို အခမဲ့ ငှားရမ်းပေးနေသည့်အခြေအနေများနှင့် စပ်လျဉ်း၍ အသိပညာပေးပြောကြားသည်။

ဆက်လက်၍ Grade-10 ကျောင်းသူ မမေမြတ်နိုးနိုင်က ယနေ့ခေတ် လူငယ်များ၏အတွေးအခေါ်ကောင်းများ ခေါင်းစဉ်ဖြင့်လည်းကောင်း၊ Grade-10 ကျောင်းသား မောင်ကျော်ဝင်းစိုးက လူငယ်နှင့် စာပေ ခေါင်းစဉ်ဖြင့်လည်းကောင်း အသီးသီး ဖတ်ကြားဆွေးနွေးကြသည်။

ထို့နောက်ကျောင်းသား၊ကျောင်းသူများက ဖတ်ကြားခဲ့သည့် စာပေပါအကြောင်းအရာများကိုပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။ **သန်းထွန်းအေး(မိုင်းဖြတ်)**

# မိုင်းဖြတ်မြို့နယ်၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား ကွင်းဆင်းကြည့်ရှုစစ်ဆေး

မိုင်းဖြတ် ဩဂုတ် ၂၀

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဖြတ်မြို့နယ်တွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဩဂုတ်လ ၁၉ ရက် နံနက်ပိုင်းတွင် စိုက်ပျိုးရေး၊ စိုက်ပျိုးရေရရှိရေးနှင့် ကျေးရွာစာကြည့်တိုက်များကို ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးညီညီအောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများသည် နမ့်ကုန်းကျေးရွာအုပ်စု ဟောင်ဟင်ကျေးရွာရှိ ကွင်းအမှတ် ၂၆(က)၌ စိုက်ပျိုးရေးဦးစီးဌာနမှ ဆင်းကေရီ (၃) မိုးစပါး ငါးကေစံပြစိုက်ခင်းဆောင်ရွက်ထားရှိမှုအား ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ကချင်စံပြကျေးရွာရှိ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ဘဏ္ဍာရန်ပုံငွေကျပ် ၁၈ သန်းဖြင့် ဆိုင်ဆတ်ရေလွှဲဆည်တွင် Bed Floor ၈၀ ပေ x ၁၅ ပေ၊ Slope ၁၅ ပေ x ၇ ပေ၊ ၆ လက်မ ကျောက်ပန်းရန်ဆောင်ရွက်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

ဆက်လက်၍ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများသည် ဆိုင်းလေကျေးရွာရှိ စာပန်းဝေဝေ စာကြည့်တိုက်၏ မြေပြင်အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များနှင့် တွေ့ဆုံ၍ စာကြည့်တိုက် ဥပဓိရုပ်ကောင်းမွန်စေရေး၊ ရှင်သန်ခိုင်မာသည့် စာကြည့်တိုက်ဖြစ်စေရေးအတွက် မှာကြားကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**

# ဗိုလ်လောင်းဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲစစ်ဆေးမည့် နေ့ရက်၊ နေရာနှင့်အချိန်တို့အား အသိပေးခြင်း

၁။ စစ်တက္ကသိုလ်၊ တပ်မတော်နည်းပညာတက္ကသိုလ်နှင့် တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်းတို့အတွက် ဗိုလ်လောင်းလျှောက်လွှာတင်သွင်းသူများသည် ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို အောက်ပါအတိုင်းဖြေဆိုကြရမည်-

(က) **တပ်မတော်ဆေးတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၀ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | **၀၉၀၀** | နာရီမှ | **၁၁၀၀** | နာရီအထိ။ |
| (၂) | **ဇီဝဗေဒ** | **၁၃၀၀** | နာရီမှ | **၁၅၀၀** | နာရီအထိ။ |

(ခ) **တပ်မတော်နည်းပညာတက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ ဩဂုတ်လ ၃၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | **၀၉၀၀** | နာရီမှ | **၁၁၀၀** | နာရီအထိ။ |
| (၂) | **သင်္ချာ** | **၁၃၀၀** | နာရီမှ | **၁၅၀၀** | နာရီအထိ။ |

(ဂ) **စစ်တက္ကသိုလ် ဗိုလ်လောင်းသင်တန်း** ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲကို **၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၁ ရက်နေ့**တွင် အောက်ပါအတိုင်းဖြေဆိုရမည်-

| | | | | | |
|---|---|---|---|---|---|
| (၁) | **အင်္ဂလိပ်စာ** | **၀၉၀၀** | နာရီမှ | **၁၁၀၀** | နာရီအထိ။ |
| (၂) | **သင်္ချာ** | **၁၃၀၀** | နာရီမှ | **၁၅၀၀** | နာရီအထိ။ |

၂။ စာမေးပွဲများကို မိမိတို့လျှောက်လွှာတင်သွင်းရာ တိုင်းစစ်ဌာနချုပ်အလိုက် အောက်ဖော်ပြပါနေရာများတွင် ဖြေဆိုကြရမည်-

| | | |
|---|---|---|
| (က) | **နေပြည်တော်** | အမှတ်(၃)စစ်ကြောရေးနှင့်တည်းခိုရေးစခန်း၊ ဆင်ဖြူရှင်ခန်းမ။ |
| (ခ) | **မြစ်ကြီးနားမြို့** | တိုင်းစစ်ဌာနချုပ်၊ ဗလမင်းထင်ခန်းမ။ |
| (ဂ) | **တောင်ကြီးမြို့** | တိုင်းစစ်ဌာနချုပ်၊ သံလွင်ခန်းမ။ |
| (ဃ) | **ခိုလမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဇေယျခန်းမ။ |
| (င) | **ကျိုင်းတုံမြို့** | တိုင်းစစ်ဌာနချုပ်၊ ပြည်ငြိမ်းအေးခန်းမ။ |
| (စ) | **မော်လမြိုင်မြို့** | တိုင်းစစ်ဌာနချုပ်၊ အောင်ဆန်းခန်းမ။ |
| (ဆ) | **မြိတ်မြို့** | တိုင်းစစ်ဌာနချုပ်၊ တိုင်းရန်အောင်ခန်းမ။ |
| (ဇ) | **ရန်ကုန်မြို့** | တပ်မတော်ဆေးတက္ကသိုလ်(ပင်မစာသင်ဆောင်)။ |
| (ဈ) | **ပုသိမ်မြို့** | တိုင်းစစ်ဌာနချုပ်၊ ဧရာဝတီခန်းမ။ |
| (ည) | **မုံရွာမြို့** | အထက(၂)၊ အလုံတပ်မြို့။ |
| (ဋ) | **မန္တလေးမြို့** | တိုင်းစစ်ဌာနချုပ်၊ ရန်အောင်မြင်ခန်းမ။ |
| (ဌ) | **တောင်ငူမြို့** | တိုင်းစစ်ဌာနချုပ်၊ အေးချမ်းဖြိုးခန်းမ။ |

၃။ ဗိုလ်လောင်းသင်တန်း ဝင်ခွင့်အရည်အချင်းစစ်စာမေးပွဲဖြေဆိုရန်အတွက် သတ်မှတ်ချက်နှင့်ပြည့်စုံပြီး ဖြေဆိုခွင့်ရသူများအား သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှတစ်ဆင့်အကြောင်းကြားပေးမည်။ ဖြေဆိုရမည့်ခုံအမှတ်မှာ လျှောက်လွှာတွင် ဖော်ပြထားသည့်ခုံအမှတ်ဖြစ်သည်။ မိမိတို့လျှောက်လွှာထုတ်ယူရာ တိုင်းစစ်ဌာနချုပ်များတွင် **ဖြေဆိုရမည့်ခုံအမှတ်နှင့် ဖြေဆိုရမည့်နေရာများ**ကို သွားရောက်ကြည့်ရှုနိုင်သည်။

၄။ စာမေးပွဲဖြေဆိုရန်လာရောက်သည့်အခါ **နိုင်ငံသားစိစစ်ရေးကတ်**ကို တစ်ပါတည်းယူဆောင်လာရမည်။ **နိုင်ငံသားစိစစ်ရေးကတ်** တင်ပြနိုင်ခြင်းမရှိသူများအား ဖြေဆိုခွင့်မပြုပါ။

၅။ အသေးစိတ်သိရှိလိုပါက **သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်၊ စာစစ်ဌာနများ**တွင် စုံစမ်းမေးမြန်းနိုင်သည်။

**စစ်ရာထူးခန့်ချုပ်ရုံး**

**ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)**

# တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များဖမ်းဆီးရမိ

နေပြည်တော် ဩဂုတ် ၂၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ **ဩဂုတ်လ ၁၈ ရက်**တွင် ကရင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘားအံမြို့နယ်၊ နောင်လုံကျေးရွာအနီး၌ မော်တော်ယာဉ်(၁)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်း မရှိသည့် ထိုင်းနိုင်ငံထုတ် Vegetable Cooking Oil (၅)လီတာပါ (၁၈၀)ဘူး အပါအဝင် ကုန်ပစ္စည်း (၃)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၈၇၅၀၀၀)၊ အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Jinbei Mini Bus (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀) နှင့် **ဩဂုတ်လ ၁၉ ရက်**တွင် ဘုရားကြီးမြို့လမ်းဆုံအနီး၌ သထုံမြို့မှ ပဲခူးမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်း မရှိသည့်



ကရင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။


ပဲခူးတိုင်းဒေသကြီး၌ ဖမ်းဆီးရမိမှု။



မြန်မာ့စက်မှုဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။


TMT ဆိပ်ကမ်း၌ ဖမ်းဆီးရမိမှု။


ရန်ကုန်လေဆိပ်(ကုန်လှောင်ရုံ)၌ ဖမ်းဆီးရမိမှု။

အထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် ထိုင်းနိုင်ငံထုတ် Smart Fabric Softener ဆပ်ပြာအမွှေးဆီ (၁၂၀၀)ထုပ် အပါအဝင် ကုန်ပစ္စည်း (၅)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၅၀၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀)၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၅၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီအရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **ဩဂုတ်လ ၁၈ ရက်**တွင် ဒိုက်ဦးမြို့၊ မြို့အဝင်၌ မြဝတီမြို့မှ တောင်ငူမြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ် (၁)စီးပေါ်မှ တရားဝင် ထိုင်းနိုင်ငံထုတ် Yum Yum ခေါက်ဆွဲခြောက် (၉၀၀)ထုပ် အပါအဝင် ကုန်ပစ္စည်း(၂)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၂၈၀၀၀၀)နှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် KIA Bongo (၁)စီး (ခန့်မှန်းတန်ဖိုး ငွေကျပ် ၂၀၀၀၀၀၀၀)ကို အကောက်ခွန်လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ **ဩဂုတ်လ ၂၀ ရက်**တွင် ပဲခူးခရိုင်နှင့် တောင်ငူခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၃၃၃)တန် (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၄၄၂၂၆) ကို သစ်တောဥပဒေအရလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၇၃၉၉၂၂၆)**ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၁၉ ရက်**တွင် စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့၊ ရတနာပုံတံတား ပူးပေါင်းစစ်ဆေးရေးဂိတ်၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ် (၁)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၅၀၀၀၀၀)ကိုလည်းကောင်း၊ မုံရွာမြို့နယ်အတွင်း၌ လိုင်စင်မဲ့ New Anbo မော်တော်ဆိုင်ကယ် (၁)စီး အပါအဝင်မော်တော်ဆိုင်ကယ် (၇)စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၇၀၀၀၀၀၀)ကိုလည်းကောင်း၊ **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၉၂၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် **ဩဂုတ်လ ၁၉ ရက်**တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျ ပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ရန်ကုန်လေဆိပ် (ကုန်လှောင်ရုံ)၌ ပိုင်ရှင်မှ စွန့်လွှတ်ကြောင်း တင်ပြလာသည့် တရုတ်နိုင်ငံထုတ် Itel Mobile Phone (၆)လုံး (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၀၀၀၀၀)ကိုလည်းကောင်း၊ မြန်မာ့စက်မှုဆိပ်ကမ်း၌ ကုန်သေတ္တာ(၃)လုံးအတွင်းမှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်နှင့် ကွဲလွဲစွာပါရှိလာသည့် CHIGO Air Conditioner (၆၁၀)လုံး အပါအဝင်ကုန်ပစ္စည်း (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၃၆၀၀၀၀၀)ကိုလည်းကောင်း၊ TMT ဆိပ်ကမ်း၌ ကုန်သေတ္တာ(၂)လုံး အတွင်းမှ Country of Origin လွဲမှားသည့် CMP ချုပ်ထည် အမျိုးသမီးဝတ် ကုတ်အင်္ကျီ (၈၅၉၃)ထည် အပါအဝင် အဝတ်အထည် (၄)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၃၆၇၅၇၀၀) ကိုလည်းကောင်း၊ **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၆၈၈၁၇၅၇၀၀)** ကိုဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ **ဩဂုတ်လ ၂၀ ရက်**တွင် နေပြည်တော်ကောင်စီတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ဥတ္တရခရိုင်၊ တပ်ကုန်းမြို့နယ်၌ တရားမဝင် ကျွန်းသစ် (၂ ဒသမ ၆၂၉)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၂၃၁၄၀၄၈)**ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

သို့ဖြစ်ပါ၍ ဩဂုတ်လ ၁၈ ရက်၊ ၁၉ ရက်နှင့် ၂၀ ရက်တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ(၂၃)မှု၊ (ခန့်မှန်းတန်ဖိုးငွေကျပ် ၈၀၇၅၈၈၉၇၄)**ဖြစ်ကြောင်းတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

**(သတင်းစဉ်)**

# နေပြည်တော်ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၌ မြေအောက်ကေဘယ်မီးကြိုးများ ဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦးဖမ်းဆီးရမိ


တပ်ကုန်းမြို့နယ်၌ မြေအောက်ကေဘယ်မီးကြိုးများဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦးဖမ်းဆီးရမိမှု မှတ်တမ်းဓာတ်ပုံ။

နေပြည်တော် ဩဂုတ် ၂၀

နေပြည်တော် ကောင်စီနယ်မြေ၊ တပ်ကုန်းမြို့နယ်၌ ဩဂုတ်လ ၁၉ ရက်က မြေအောက် ကေဘယ်မီးကြိုးများဖြတ်တောက်ခိုးယူသူ အမျိုးသားတစ်ဦးအား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဩဂုတ်လ ၁၉ ရက် နံနက် ၃ နာရီခွဲတွင် တပ်ကုန်းမြို့နယ်၊ ဘုရားကုန်း မြို့မရဲစခန်းမှတပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က နယ်မြေအတွင်း လှည့်ကင်းဆောင်ရွက်နေစဉ် နေပြည်တော်-တပ်ကုန်း၊ အမှတ်(၁)လမ်း၊ သတ္တသတ္တာဟဘုရားနှင့် သပြေစမ်းကျေးရွာကြား လမ်းလယ်ကျွန်းပေါ်၌ မသင်္ကာဖွယ်ရာ အမျိုးသားတစ်ဦးအားတွေ့ရှိစစ်ဆေးခဲ့ရာ ပုဗ္ဗသီရိမြို့နယ်၊ ဇလုပ်ကြီးကျေးရွာနေ ကျော်စိုး ၄၅ နှစ်(ဘ)ဦးတင်မောင်ဖြစ်ပြီး ၎င်းထံမှဖြတ်တောက်ခိုးယူထားသော မြေအောက်ကေဘယ်မီးကြိုးဖြတ်စခွေ (၁၆) ခွေ၊ ဂေါ်ပြား (၁)လက်၊ ဓားမ (၁) ချောင်း၊ မီးကြိုးခွာရာတွင် အသုံးပြုသော အဝါရောင်လက်ညှစ်ဓား(၂)ချောင်း၊ ဓားဆန်ဘူး (၁)ဘူး၊ ဂက်စ်မီးခြစ်တစ်လုံး၊ လွယ်အိတ် (၁)လုံးတို့နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။

အထက်ပါဖြစ်စဉ်မှ ဖမ်းဆီးရမိတရားခံကျော်စိုးအား ဥပဒေနှင့်အညီထိရောက်စွာ အရေးယူနိုင်ရေး အမှုရေးဖွင့်ပြီး ဆက်စပ်ပြစ်မှုများကျူးလွန်ထားခြင်း ရှိ/မရှိ လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**(၁၀၀)**



Individual Debit Card/ Credit Card
Corporate Debit Card
Automated Teller Machine Services
Point of Sales Services
Online Payment/ Tax Payment Via E-commerce
မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED
Phone No : (01) 2301367, 2301368, 2301452, 2301378
လုံခြုံလျှင်မြန်ဆောင်ရွက်မြန်မှုန် မြဝတီဘဏ်
MPU
UnionPay




အောင်သစ္စာဦးအထွေထွေအာမခံကုမ္ပဏီလီမိတက်
“ဆုံးရှုံးမှုအန္တရာယ်ဘေး
မျှဝေခံစားပေးမှာ
အောင်သစ္စာဦး အာမခံပါ”
Hotline - 09-450450561, 09-450450562, 09-450450563
AUNG THITSA OO INSURANCE




အင်္ဂလန်နိုင်ငံ International Brewing Awards ၊ ဩစတြေးလျနိုင်ငံ Australian International Beer Awards ၊ ဘယ်လ်ဂျီယံနိုင်ငံ Monde (World) Selection ၊ ဂျာမနီနိုင်ငံ European Beer Star ပြိုင်ပွဲကြီးများမှ အမြင့်ဆုံးဆုတံဆိပ်များ ရရှိခဲ့သော ဒဂုံအဖျော်ယမကာကုမ္ပဏီလီမိတက် ထုတ်ကုန်များ . . .
‘ဒဂုံနှင့်အတူ ဂုဏ်ယူလိုက်ပါ’
Non-Sparkling Lemon Tea
Sparkling Lemon Tea
DAGON
ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၃၆၁၀၈၄၃၊ ၀၁ ၆၅၁၀၇၇၊ ၀၁ ၆၅၂၁၆၉
KHA YAE PIN MART - မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၆၇၁၃၄၄၃၅၅၅
STARMART nine mile Showroom - (၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့ ဖုန်း - ၀၉ ၂၆၃၁၄၇၃၈၅
STARMART MANDALAY Wholesale - ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄
STARMART Nay Pyi Taw - ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၈၅၁၁၉၀၇၇




Myanmar Mobile Money (MMM) ကိုအသုံးပြု၍ အောက်ပါဝန်ဆောင်မှုများရရှိနိုင်ပါသည်။
ဝန်ထမ်းလစာ / ပင်စင်လစာ ထုတ်ပေးခြင်း ၊ ငွေသွင်း ငွေထုတ်ခြင်း/ ငွေလွှဲခြင်း ၊ ဈေးဝယ်ခြင်း
Skynet Bill Payment ပေးသွင်းခြင်း ၊ Gift Card Bill ပေးခြင်း ၊ Internet Bill ပေးဆောင်ခြင်း ၊
E - Topup ဖုန်းပြောခဖြည့်သွင်းခြင်း၊ လျှပ်စစ်မီတာ Bill များ ပေးဆောင်ခြင်း ၊ ပြည်ပ ငွေလွှဲ (ထိုင်း)
အငြိမ်းစား လစာအပါအဝင် ငွေပို့ငွေလွှဲခြင်း၊လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။
မြဝတီနယ်စပ်ကုန်သွယ်ရေးလုပ်ငန်းအတွက် Customs Duty များပေးဆောင်ရာတွင်
MMM Service အသုံးပြု၍ လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ။
Myanmar MOBILE MONEY
Buy
BILL
PAY
ရုံးချုပ် - အမှတ်(၅၁)၊ ဗိုလ်ရာညွှန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀၁၅၂၁
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေး လမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄

❖ နိုင်ငံတစ်နိုင်ငံကို နိုင်ငံရေးမောင်းနှင်အား၊ စီးပွားရေးမောင်းနှင်အား၊ ကာကွယ်ရေးမောင်းနှင်အားတို့နှင့် လည်ပတ်ဆောင်ရွက်ရခြင်းဖြစ်ပြီး ၎င်းမောင်းနှင်အားများအနက် စီးပွားရေးမောင်းနှင်အားသည် အဓိကအကျဆုံးဖြစ် . . .

❖ စီးပွားရေးမောင်းနှင်အားကောင်းမွန်မှသာ နိုင်ငံရေးမောင်းနှင်အားနှင့် ကာကွယ်ရေးမောင်းနှင်အားတို့ကို တည်ဆောက်နိုင်မည်ဖြစ်သောကြောင့် မိမိအစိုးရလက်ထက်တွင် **"တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေး"** ကို အမျိုးသားရေးရည်မှန်းချက် (၂)ရပ်အဖြစ်ချမှတ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်နေ . . .

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၃ ခုနှစ်၊ ဒီဇင်ဘာလ ၈ ရက်နေ့တွင် ပြုလုပ်သော စစ်တက္ကသိုလ်ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၆၅) သင်တန်းဆင်းဂုဏ်ပြုစစ်ရေးပြအခမ်းအနား မိန့်ခွန်းပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၉)ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏လူမှုစီးပွားဘဝလုံခြုံရေးအတွက်ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

၂။ စီးပွားရေး

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျိုးဝင်သော စိုက်ပျိုးရေးနှင့်မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင်ဆောင်ရွက်၍ နိုင်ငံအတွင်းဖူလုံမှုမှသည် ပြည်ပသို့ တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာမြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှုအထောက်အကူပြုပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကိုအကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံးအကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ်ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကိုမြှင့်တင်ဆောင်ရွက်ရေး။

## U-12 Junior Soccer World Challenge 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များတွင် မြန်မာအသင်း တစ်ပွဲနိုင် တစ်ပွဲသရေရလဒ်ထွက်ပေါ်



ရန်ကုန် ဩဂုတ် ၂၀

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိနေသည့် U–12 Junior Soccer World Challenge 2024 ပြိုင်ပွဲအုပ်စုပွဲစဉ်များကို ယနေ့တွင်ကျင်းပခဲ့ရာ မြန်မာယူ–၁၂ အသင်းသည် တစ်ပွဲအနိုင်ရရှိခဲ့ပြီး တစ်ပွဲသရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

U–12 Junior Soccer World Challenge 2024 ပြိုင်ပွဲတွင် မြန်မာယူ–၁၂ အသင်းသည် ဂျပန်အသင်းများဖြစ်သည့် Tozuka Football Club Junior အသင်း၊ Kashima Antlers Norte အသင်း၊ FC Basara Hyogo အသင်းတို့နှင့် တစ်အုပ်စုတည်းကျရောက်လျက်ရှိနေပြီး

စာမျက်နှာ ၂၄ ကော်လံ ၁ ○

## မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲတွင် ISPE အသင်းနိုင်ပွဲရရှိခဲ့ပြီး သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်

ရန်ကုန် ဩဂုတ် ၂၀

မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် မြန်မာနေရှင်နယ်လိဂ်ကော်မတီက ကြီးမှူးကျင်းပလျက်ရှိနေသည့် မြန်မာအမျိုးသမီးလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၄)ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၌ ဆက်လက်ကျင်းပခဲ့ရာ ISPE အသင်းနိုင်ပွဲရရှိခဲ့ပြီး သစ္စာအားမာန်အသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့ သရေရလဒ်ထွက်ပေါ်ခဲ့ကြောင်း သိရသည်။

စာမျက်နှာ ၂၄ ကော်လံ ၁ ❑






## တရားမဝင် သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ မော်တော်ဆိုင်ကယ်များနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

စာ - ၃၀ သို့

## စစ်တောင်းမြစ်နှင့်ချင်းတွင်းမြစ်ရေကြီးမှုနှင့်စိုးရိမ်ရေမှတ်၌ တည်ရှိနေမှုအခြေအနေ

နေပြည်တော် ဩဂုတ် ၂၀

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့တွင် ယင်းမြို့၏စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ) အထက်သို့ ၂ လက်မခန့် (၄ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ပေဝက်ခန့်မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

ယနေ့နံနက် ၇ နာရီခွဲအချိန်တိုင်းထွာချက်အရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ) အထက်သို့ တစ်ပေခန့် (၃၃ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ၂ လက်မခန့်ကျဆင်းလာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

စာမျက်နှာ ၂၄ ကော်လံ ၃ ●

Central Hotel
YANGON
အမှတ် - (၃၅၃ ~ ၃၅၇)၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း - (၉၅-၁) ၈၂၄၀၀၁ ~ ၈၂၄၀၀၇



ကုမ္ပဏီအခမ်းအနားများ
ပြင်ပအစည်းအဝေးပွဲများ
ကုန်ပစ္စည်းမိတ်ဆက်ပွဲများ
နှစ်ပတ်လည် အခမ်းအနားပွဲများအား
ကျန်းမာရေးစံနှုန်း သတ်မှတ်ချက်များ
နှင့်အညီ ဝန်ဆောင်မှုပေးလျက်ရှိပါသည်..